www.burmeseclassic.com

ဝိုးမိုးဇာဝေ

# ခုလေးနှယ်

## ဒဏ္ဍာရီဆိုသော မိန်းကလေး




www.burmeseclassic.com

L လင်း

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၆၄၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၃၁၀၇၀၉
အဖုံးဒီဇိုင်း - L လင်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ။
ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ . ၈၃
ဆုလေးနွယ်
ဒဏ္ဍာရီဆိုသောမိန်းကလေး / ဆုလေးနွယ်။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၀
၂၆၂ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ဒဏ္ဍာရီဆိုသောမိန်းကလေး

BURMESE CLASSIC .com

ချစ်သူ . . .

မင်းသာ ကိုယ့်ကိုတကယ်ချစ်တယ်ဆိုရင် . . .

ကိုယ့်ကြောင့် . . .

မင်းအပေါ်အဝင် ဘယ်သူ့ကိုမှ ထိခိုက်နစ်နာမှုလည်း မရှိဘူးဆိုရင် . . .

ကိုယ့်ကို . . .

လွတ်လွတ်လပ်လပ် ပျော်သလိုနေခွင့် မပေးနိုင်ဘူးလား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

မိုးဝသုန်သည် ဆွယ်တာလက်ရှည် အဖြူရောင်ကို ခေါင်းပေါ်ကစွပ်ချကာ အခန်းထဲကထွက်၍ လှေကားမှ ဆင်းလာခဲ့သည်။

ဒီည မန်ယူပွဲရှိသည်။ အသင်းကလည်း ရှစ်သင်းပဲကျန်တော့တာမို့ နောက်ပိုင်းပွဲတွေက ပိုကောင်းလာပြီ။ တစ်ပွဲမှ လက်လွှတ်လို့မဖြစ်တော့။

အေးအေးလူလူ စိမ်ရှိရှိနဲ့ ဘောလုံးပွဲကြည့်ဖို့ ရည်ရွယ်တာမို့ သူတို့နှစ်ယောက် အပြင်ကိုတောင် ပြန်မထွက်ကြတော့ပါ။

လှေကားကအဆင်းမှာ မှန်ချပ်ပြာပြာလေး ကာရံထားတဲ့ ထမင်းစားခန်းကို တန်းမြင်ရသည်။ သပ်ရပ်သော ထမင်းစားပွဲလေးက ငြိမ်သက်နေပြီး လူသူကင်းရှင်း တိတ်ဆိတ်နေသည်။

ဒီဖက်ကို ဆက်လျှောက်လာတော့ ကျယ်ဝန်းသပ်ရပ်သော



www.burmeseclassic.com

www.burmeseclassic.com

ညှိခန်း။ ကော်ဇောအပြည့်ခင်းထားသော ညှိခန်းမှာလည်း နွေးထွေးရှင်းလင်းပြီး ဘယ်သူမှမရှိ။

မိုးဝသုန်က ညှိခန်းကနေ အနောက်ဖက်ပြန်လှည့်သည်။

နှစ်ထပ်တိုက် အကျယ်ကြီးမို့ ယံချမ်း ဘယ်နားရောက်နေသလဲ သူမသိ။ အပေါ်ထပ်မှာမရှိတာတော့ သိသည်။

"ယံချမ်းရေ"

"ဟေ"

မီးဖိုချောင်က လှမ်းထူးသံ ကြားရ၏။

ဒီကောင် ဘယ်လိုဖြစ်ပြီး မီးဖိုချောင်ဘက် ရောက်နေတာလဲ။

အိမ်သိမ်းနှင့် မီးဖိုကိစ္စစီမံဖို့ဂျ ဒေါ်လုံးတင်ရှိတာပဲ။

သူတို့နှစ်ယောက်ကိုလည်း ဒေါ်လုံးတင်ပဲ ထမင်းဟင်းချက်ကျွေးနေတာ။

မိုးဝသုန်တောင် ထမင်းစားချိန်ဆို စားပွဲမှာဝင်ထိုင်ပြီး ခွန်းခက်ရင်း ကောက်ကိုင်လိုက်ရုံပါ။

ဒီအိမ်ကြီးရဲ့ တစ်ဦးတည်းသောသားဖြစ်တဲ့ ဝေယံချမ်း





သာအတွက်က ဆိုဖွယ်မရှိဘူးပေါ့။

ယံချမ်းဟာ ဤအိမ်မှာ ရှင်ဘုရင်လေးတစ်ပါးလို နေရသူဖြစ်သည်။

မိုးဝသုန်လို သာမန်လူတန်းစား အခြေအနေနှင့် ယံချမ်းလို ဘော်ဒါမျိုး ရှိနေတာ အင်မတန် ကံကောင်းသည်ဟု ဆိုနိုင်ပါသည်။

သူသည် အပေါင်းအသင်း သူငယ်ချင်းရဲ့ ကောင်းမှုကြောင့်သာ ဒီအခြေအနေ ဒီအဆင့်အတန်းမျိုးနှင့် နေခွင့်ရတာပါ။

မြောက်ဥက္ကလာပမှာရှိတဲ့ ဦးလေးဖြစ်သူ မိသားစုနှင့် နေတုန်းကဆိုရင် ဦးလေးက လက်ဖက်ရည်ဆိုင် ဖွင့်ထားတာမို့ သူဟာ ဈေးဝယ်တာကအစ စားပွဲထိုးတာအဆုံး အောက်ခြေသိမ်း အကုန်ဝင်လုပ်ရသူပါ။

ဘွဲ့ရထားသော်လည်း သူဟာ အောက်သက်ကျေကျေ နေထိုင်ဖြတ်သန်းခဲ့သည်မဟုတ်လား။

ဝေယံချမ်းသာနှင့် မိုးဝသုန်သည် ကွန်ပျူတာတက္ကသိုလ်တက်ရင်းက အတွဲမိခဲ့ကြသော သူငယ်ချင်းတွေဖြစ်သည်။

ကျောင်းပြီးကြတဲ့အခါ ယံချမ်းက မိဘတွေပိုင်တဲ့ ကုမ္ပဏီ



www.burmeseclassic.com

www.burmeseclassic.com

မှာ ဒါရိုက်တာလူကြီးတန်းဖြစ်ပြီး မိုးဝသုန်မှာက အလုပ်မရှိသေး။

ဦးလေးရဲ့ဆိုင်မှာလည်း သူကမလုပ်ချင်။ သူ့ကို ညီအစ်ကိုလို ခင်နေတဲ့ ယံချမ်းကပဲ သူ့ကုမ္ပဏီမှာ အလုပ်တန်းခန့်ပေးခဲ့တာ။

လက်ထောက်အထွေထွေမန်နေဂျာ တစ်ယောက် ခန့်ထားပြီးသားဖြစ်ပါလျက် မိုးဝသုန်ကို ထပ်ခန့်ပေးတာမို့ အခုဆိုရင် လက်ထောက်အထွေထွေမန်နေဂျာက နှစ်ယောက်ဖြစ်သွားပါသည်။

ယံချမ်းသည် မိုးဝသုန်ကို အလုပ်သာပေးတာမဟုတ် သူ့အိမ်မှာလည်း အတူခေါ်ထားသည်။ မိုးဝသုန်က ကားမောင်းဖို့လိုရင်လည်း မောင်းပေးလိုက်တာပဲ။

ယံချမ်းတို့ပိုင်တဲ့ စက်ရုံကို သွားကြည့်ဖို့လိုလည်း ကြည့်ပေးလိုက်တာပဲ။ တာနက်ခွေအားရက်မို့ ခြံထဲမှာ မာလီမလာဘူးဆိုလည်း သူပဲအပင်ရေလောင်းပြီး မာလီလုပ်ပေးဖို့ဝန်မလေး။

ဒီကောင့်ရဲ့ကျေးဇူးတွေက အများကြီးမဟုတ်လား။

မိုးဝသုန်သည် ကျေးဇူးတရားကို နားလည်သူပါ။

သူ ဘယ်တော့မှ ပေါ့ပေါ့ဆဆ သဘောမထား။





“မင်းဘာတွေလုပ်နေတာလဲ ယံချမ်း”

အေပရွန်အပြာရောင်ကို ကျကျနနပတ်ထားသော ဝေယံချမ်းသာက မီးဖိုချောင်တံခါးဝကို ရောက်လာတဲ့ မိုးဝသုန်ကို လှည့်ကြည့်ပြုံးပြလိုက်သည်။

“ဘောလုံးပွဲကြည့်ရင်း ဆွဲဖို့လေကွာ”

ယံချမ်းသည် တစ်ခါတလေ ကိုယ်တိုင်ချက်ပြုတ်ကြော်လှော်စားရတာကို သဘောကျစိတ်ဝင်စားသူမို့ ဒီညလည်း စိတ်ကူးတည့်ရာလေးတွေ ပြင်ဆင်နေတာ။

“ဘာလဲကွ၊ ဆာတေးကင်ဖို့လား”

ယံချမ်းအနီးမှာ တူနှာငါးသေတ္တာဗူး၊ အသားဗူးနှင့် အသီးအရွက်၊ မရောနီးစ်တို့ရှိသည်။

ချိစ်ဗူးရော ကြက်ဥကို ခေါက်မွှေထားတာတွေရော ရှုပ်ယှက်ခတ်နေပါသည်။

မိုးဝသုန်လည်း သူ့အနားကို လျှောက်လာသည်။ ပြီးတော့ ပေါင်မုန့်ထုပ်ကို ကောက်ကိုင်ကြည့်မိ၏။

“ဒါလည်းပါသေးတာပေါ့”



www.burmeseclassic.com

www.burmeseclassic.com

ဒီကောင့်လက်ရာတွေထဲမှာ အသားညှပ်ပေါင်မုန့် မီးကင်ကလည်း လျှာဖျားစွဲစေသည်။

ဥရောပစတိုင်လ် အစားအသောက်တွေဆို ခေါ်လုံးတင်က မရ။ မြန်မာအစားအစာသာ ကျွမ်းကျင်သည်။

ဝေယံချမ်းသာသည် အသားအရေဖြူနုပြီး ကြည့်ကောင်းခန့်ညားသူပါ။ အရပ်လည်းမြင့်သည်။ သူ့မျက်နှာသွင်ပြင်ကလည်း အနောက်တိုင်း အနည်းငယ်ဆန်သည်။

ရုပ်တင်မကပါ။ အစားအသောက်လည်း (Europe) စတိုင်လ်တွေ ကြိုက်တတ်၏။ အင်္ဂလိပ်စကားပြောလည်း သူ့ထက်အများကြီး ချောမွေ့အဆင်ပြေသည်။

မိုးဝသုန်ကတော့ အရပ်မြင့်ပေမဲ့ အသားက အတော်ညိုပါသည်။ မျက်နှာက ဆွဲဆောင်မှုရှိပြီး မျက်လုံးတွေက စူးရှနက်မှောင်တောက်ပနေတယ်လို့ သူများတွေကတော့ ပြောကြတာပဲ။

ပိရိသေသပ်သော နှုတ်ခမ်းပုံလှလှနှင့် ညှို့ငင်ဖျားယောင်းနိုင်သော မိုးဝသုန်ရဲ့ စူးစူးရှရှမျက်လုံးတွေကြောင့် ကျောင်းမှာဆိုသူ့ကို ကောင်မလေးတိုင်းလိုလို သိကြသည်။





ယံချမ်းလို ချမ်းသာတဲ့ သူငယ်ချင်းနှင့် တွဲခဲ့လို့လည်း မိုးဝသုန်က ပိုကျော်ကြားခဲ့တာဖြစ်သည်။

"ကဲ အခု ငါက ဘာဝိုင်းကူရမှာလဲ၊ ဘာလုပ်ပေးရမှာလဲ"

"ဘာမှမလုပ်နဲ့ ရတယ်"

"ကောင်းတယ်၊ ဒါးကနေရပ်ကြည့်ပြီး မင်းလက်ရာကို မြည်းပေးမယ်၊ အိုကေ"

ပြောပြောဆိုဆို မိုးဝသုန်က ပူပူနွေးနွေး အခုမှကြော်ထားပြီးစ သီဟိုဠ်ဆန်ကြော်လေးတွေကို တစ်ခုပြီးတစ်ခု နှိုက်ယူစားကြည့်လိုက်ပါသည်။

"စိမ့်နေတာပဲကွာ၊ မိုက်တယ်"

လတ်ဆတ်သန့်စင်သော အဆန်ကြီးကြီး ဖြူဖြူဖွေးဖွေးသီဟိုဠ်ဆန်များက ဒီတိုင်းစားလျှင်တောင် ဖွေးစိမ့်နေတာမို့ ဆီမွှေးနှင့် ပူပူလေးထပ်ကြော်ထားတော့ အရသာကောင်းမွှန်လွှမ်းနေသည်။

"ဘီယာနဲ့မှ လိုက်မှာကွ"

"မင်းသောက်ချင် သောက်နိုင်လေ"



www.burmeseclassic.com

www.burmeseclassic.com



"နေပစေ ညမှသောက်မယ်"

ဝေယံချမ်းသာရဲ့ အဖေ အန်ကယ်လ်ဦးချမ်းသာက စင်ကာပူမှာ သွားရောက်အလုပ်လုပ်နေပြီး သူ့အမေ အန်တီဖြူက လည်း ဟိုကို ခဏအလည်ရောက်နေချိန်မို့ ဒီတိုက်ကြီးမှာ သူတို့ နှစ်ယောက်ထဲ ပိုမိုလွတ်လပ်ပြီး သွားချင်ရာသွား၊ စားချင်ရာစား ထင်သလို စိတ်တိုင်းကျဖြစ်နေပါသည်။

အန်တီဖြူအိမ်မှာရှိနေရင်လည်း အလကားနေ လိုက်ချုပ် ချယ်ကန့်သတ်နေတာမျိုးတော့ မရှိပါ။

ဒါပေမဲ့ ယံချမ်း တစ်ညလုံးလိုလို ဘောလုံးပွဲကြည့်လိုက် ဂိမ်းဆော့လိုက်လုပ်နေလျှင် သတိပေးတတ်သည်။

"သားရေ မနက်လည်း ရုံးခန်းသွားရဦးမှာမဟုတ်လား၊ သိပ်ညဥ့်နက်ရင် မကောင်းဘူးနော်"ဟုညာနှင့် လေပြေလေးနှင့် ဆုံးမသြဝါဒခြွေတတ်သည် မဟုတ်လား။

အခုတော့ ဘာပဲပြောပြော နားအေးပါးအေး ကိုယ့်စိတ် တိုင်းကျ နေချင်သလိုနေ၊ အိပ်ချင်သလိုအိပ်၊ ကုမ္ပဏီရုံးခန်းကိုလည်း နေ့လယ်အိပ်ရာနိုးမှ ခဏတဖြုတ်သွားထိုင်နှင့် ဟုတ်နေကြပါသည်။





မိုးဝသုန်သည် ဘာမှကူလုပ်စရာလည်း မလိုသဖြင့် ဟိုလျှောက်ဒီလျှောက် ဟိုဟာမြည်း၊ ဒီဟာစပ်စု လုပ်နေမိ၏။

သရီးကွာတားဘောင်းဘီပွပွ ကာကီရောင်နှင့် ဆွယ်တာ လက်ရှည်ဖြူကို ဝတ်ထားသော မိုးဝသုန်သဏ္ဍာန်က ရှင်းသန့်ကျော့ မတ်နေပါသည်။

ဆံပင်ကိုလည်း ကိုရီးယားပုံစံ အချွန်လေးတွေ၊ အထပ် ကလေးတွေ ပုံကျကျညှပ်ထားတာမို့ ရပ်က ပိုနုပြီး မင်းသားပုံဖြစ် နေသည်။

ယံချမ်းဆံပင်က လှိုင်းတွန့်ရေးရေးရှိသော ဆံပင်ရှည်ရှည် ပုံစံနှင့်မို့ သူ့ထက်ပိုရင့်နေသလို ဖြစ်နေသည်။

မိုးဝသုန်က မီးဖိုခန်းရဲ့ မှန်တံခါးနားသွားရပ်လိုက်၏။

"ဖြောက်…ဖြောက်…ဖြောက်"

"အားပါး…လေအေးလေးကွ၊ မိုးပါရွာလာပြီ"

တိုက်ခတ်လာသော လေထုထဲမှာ မိုးစက်မှုန်တွေ ပါလာ သည်။

"ညနေထဲက မိုးရွာမယ့်ပုံပဲလို့ ငါပြောသားပဲ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အခုမှ မတ်လလေကွာ၊ အချိန်အခါမဟုတ်မိုးပေါ့"

"ဘာပဲဖြစ်ဖြစ် မိုးရွာတာကို ငါကြိုက်တယ်"

"အေးကွ ကျောင်းတက်တုန်းက လှင်းသူတို့ အောင်မြတ်တို့နဲ့ ဘောလုံးချိန်းကန်ကြတာ မှတ်မိလား၊ ရေလည်ပျော်ဖို့ကောင်းတယ်နော်၊ အခုလည်း ဆန်းဒေးတစ်ရက်လောက် ပြန်ဆုံကြရင် မကောင်းဘူးလား"

မိုးဝသုန်က မှတ်မှတ်ရရ ပြန်ပြောမိသည်။

အဲဒီတုန်းက သူငယ်ချင်းတွေစုပြီး မိုးထဲရေထဲ သဲသဲမဲမဲ ကစားခဲ့ကြတဲ့ ပွဲကိုမမေ့သေး။

"မင်းပဲ ဖုန်းဆက်ကြည့်စမ်းပါဦး၊ ဒီကောင်တွေကရော အားသေးလို့လား၊ လင်းသူက ရှေ့လထဲ မလေးရှားထွက်မယ်ပြောတယ်ကွ၊ အောင်မြတ်မိန်းမကိုလည်း ဗိုက်ကြီးတကားကားနဲ့ ဒဂုံစင်တာမှာ တွေ့လိုက်သေးတယ်၊ မိန်းမကလေးမွေးမှာနဲ့ ဘာနဲ့ ဒီကောင်လား ဘောလုံးကန်ဖို့လာမှာ"

မိုးဝသုန်က ခေါင်းတဆတ်ဆတ်လုပ်၏။

ဟုတ်တော့ ဟုတ်သည်။

မိုးမိုး၀၁၄ပ



အခြေအနေတွေက အားလုံးပြောင်းလဲကုန်ပြီ။

ဟိုအရင်ကလို သူငယ်ချင်းတွေ ပြန်စုစည်းဖို့ဆိုတာ သိပ်မလွယ်တော့ပါဘူး။

နှစ်တွေလည်း ပြောင်းကုန်ပြီ။ သူတို့ရဲ့ အသက်တွေလည်း နှစ်ဆယ့်ငါးထဲပင် ရောက်လာကြပြီမဟုတ်လား။

"အေးကွာ မိန်းမရတဲ့ကောင်ကရ၊ ကလေးရတဲ့ကောင်ကရ၊ ငါတို့ပဲကျန်တယ်၊ ဟား ဟား ဟား"

"မင်းအားကျနေပြီမို့လား၊ သိတယ်လေ"

"မင်းကရော"

"ငါက စိတ်ကူးကိုမရှိသေးတာ"

"မင်းအနေအထားမျိုးဆို ငါယူတယ် ယံချမ်း"

"အောင်မာ ဘာဆိုင်လဲ၊ မင်းလည်း အလုပ်အကိုင်နဲ့ ဝင်ငွေနဲ့ပဲ"

မိုးဝသုန်က ခေါင်းယမ်းလိုက်သည်။

"သူများသားသမီးယူပြီးရင် တင့်တောင့်တင့်တယ်ထားနိုင်မှကွ၊ ငါက အခုမင်းအိမ်မှာ ကပ်နေတဲ့ကောင်လေ"

မိုးမိုး၀၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



မိုးဝသုန်ရဲ့ စကားကြီးစကားကျယ်ကို ယံချမ်းက နှုတ်ခမ်းကြီးရွဲ့ပြလိုက်သည်။ ပြီးတော့မှ တူနှာငါးသေတ္တာကို ပေါင်မုန့်ထဲ သေချာညှပ်ထည့်နေ၏။

"မင်းက ဘာရွဲ့ပြတာလဲ"

"မင်းလခကို စုထားလို့ ငါပြောသားပဲ၊ ရရင် လက်ဖွာဖွာနဲ့ သူဌေးသားလို့ လျှောက်သုံးပစ်တာကိုး၊ စုပြီးတိုက်ခန်းဝယ်ပေါ့၊ နေစမ်းပါဦး မင်းပြောနေပုံက အခုကိုပဲ ယူစရာမိန်းမရှိနေတဲ့ပုံပါလား၊ ရည်းစားပဲ အရင်ထားပါဦးကွာ"

"ဟောကောင် မိုးဝသုန်အတွက် ဒါက မခက်ဘူး၊ သဘောပေါက်"

"မင်း ဘယ်သူ့ကိုချိန်နေတာလဲ"

မိုးဝသုန်က ပြုံးစိစိ စပ်ဖြီးဖြီးရုပ်နှင့်သာ ကြည့်နေပြီး ဘာမှပြန်မပြော။

ရုံးက (Accountant) ကောင်မလေး လေးယောက်က သူ့ကိုဆိုရင် အင်မတန် မျက်နှာသာပေးကြတာ ယံချမ်းရိပ်မိသည်။

ယံချမ်းကိုတော့ ကုမ္ပဏီပိုင်ရှင်သားမို့ သူတို့ကလည်း





ရိုကြ၊ ဖြုံကြသလို ယံချမ်းကလည်း ရုံးရောက်ပြီဆို မျက်နှာထိမျက်နှာထားနှင့် အပိုစကားတစ်ခွန်းမှ မပြောတတ်ပေ။ သူ အနေတည်လွန်းတာလည်းပါသည်။

ဝေယံချမ်းသာဟာ ငွေဂုဏ်ရှိပြီး အနေတည်အေးချမ်းသူ၊ ရိုးသားဖြောင့်မတ်သူဆိုတာ မိုးဝသုန်ကတော့ အတွင်းသိ အစင်းသိပါ။

မိုးဝသုန်သာ ယံချမ်းလို ပိုက်ဆံရှိရင် သူ့လောက်ရိုးသားအေးချမ်းနိုင်ပါ့မလားမသိ။ သူ့ထက်တော့ ကဲမိမှာသေချာသည်။

"မင်းချိန်တာ မိုမို့ကျော်လား၊ ရည်မွန်လား"

"မဟုတ်ပါဘူးကွာ၊ ဟား ဟား"

"ငါမသိတဲ့တစ်ယောက်ယောက်လား"

"အထင်က ကြီးနေပြန်ပြီ"

"မင်းပဲ မိန်းမယူချင်ပြီဆို"

"ပြောမိလို့လား"

ပြန်မေးပုံက မချိုမချဉ်။

သူတို့နှစ်ယောက် အတူတူသွားလာပတ်သက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အသိုင်းအဝိုင်းထဲမှာတော့ မိုးဝသုန်က ကောင်မလေးတွေနှင့် ပိုမိုသိလွယ်၊ ငြိလွယ်၊ ရင်းနှီးလွယ်တာအမှန်။

မျက်နှာပွင့်တယ်ပဲ ခေါ်ရမလား။

ဒါပေမဲ့ အကြောင်းသိသွားတဲ့နောက် နည်းနည်းပြောင်းလဲချင်ကြသည်။

ဘယ်သူ ကုမ္ပဏီပိုင်ရှင်သူဌေးသား၊ ဘယ်သူကတော့ လက်ထောက်မန်နေဂျာရာထူးဆိုတာ ကွဲပြားသွားတဲ့အခါမှာ ကောင်မလေးတွေရဲ့ ရည်မှန်းချက်က နည်းနည်းပြန်လှုပ်ချင်သည်။

ယံချမ်းဖက် ပြန်ယိမ်းချင်တာတွေလည်း ရှိသည်။

ထိုအတွေ့အကြုံတို့က မိုးဝသုန်ဆီမှာ အတော်အတန်ရှိခဲ့ပြီမို့ သူ့ဘဝမြင့်မားလာမှပဲ သူ့အိမ်ထောင်ပြုမည်ဟု တိတ်တဆိတ်ရည်ရွယ်ထားလိုက်သည်။

တစ်ခါတစ်ခါတော့လည်း အရာရာပြည့်စုံလှတဲ့ ယံချမ်းရဲ့ဘဝကို သူအားကျမိတာအမှန်။

"ဒီခေတ်မှာ ကောင်မလေးတွေက ကွန်ပျူတာဘာရိမ်းတွေ ဖြစ်နေပြီကွ"

ရိုး:မိုး:ငဂ၆ပ



"မင်းပြောသလောက်လည်း မဟုတ်ပါဘူး"

"မင်းမသိပါဘူး ယံချမ်းရာ၊ မင်းက အန်တီဖြူပေးစားတဲ့ မိန်းမပဲ အေးအေးဆေးဆေး စောင့်ယူလိုက်၊ အဲဒါပဲ မင်းနဲ့အိုကေမှာ"

"ကဲ ဟောကောင် မာမီကိုတော့ မင်းမသွားကျပ်နဲ့နော်၊ အခုတောင် ဟိုစပ်ဒီစပ်လုပ်နေတာ၊ ငါက ငါ့အရှမ်းချစ်တဲ့ မိန်းမ တွေ့မှယူမှာ"

သူတို့စကားပြောနေခိုက်မှာပင် မိုးသံက ပိုမိုကျယ်လောင်ကာ တဖြောင်းဖြောင်း အသံမြည်အောင်ပင် မိုးစက်တို့ တရစပ်ကျလာသည်။

မိုးငွေ့ထဲမှာ မြေသင်းနံ့လေးပင် ရှူရှိုက်ရသည်။

ယံချမ်းက စားစရာတွေ ကြွေပန်းကန်ပြားထဲ တစ်ခုပြီး တစ်ခု လှလှပပ ညီညီစီစီ ထည့်သိုသည်။

ပြီးလျှင် ခေါ်လုံးတင်ပင် မခေါ်ဘဲ စားစရာတွေကို ထမင်းစားပွဲဆီ သယ်ကြသည်။

"အိမ်ရှေ့ကစားပွဲမှာ ထားမှာမဟုတ်ဘူးလား"

ရိုး:မိုး:ငဂ၆ပ

www.burmeseclassic.com

www.burmeseclassic.com



"မင်းသဘောပဲ"

မိုးဝသုန်က လင်ဗန်းကို အိမ်ရှေ့ဆိုဖာဆက်တီဝိုင်းက မုန့်စားပွဲရှည်မျောမျောလေးပေါ် အသာချလိုက်သည်။ ပြီးတော့ ဖွင့်ထားတဲ့ တီဗီကို တစ်ချက်ကြည့်၏။

ဘောလုံးပွဲက မစသေး။

ဗန်းချပြီး ကိုယ်ကိုပြန်အမတ်မှာ ဘာရယ်မဟုတ် အိမ်ရှေ့ တံခါးဝက မှန်ချပ်ဆီ အကြည့်တစ်ချက်ရောက်သွား၏။

ဟာ။

သူ့နှုတ်ခမ်းအစုံ ပွင့်ဟအံ့သြသွားမိသည်။

ပေါ်တီကိုအောက်မှာ ငြိမ်သက်ရပ်တန့်နေသော မိန်းက လေးတစ်ယောက်။

ဘေးတိုက်မကျတကျ ရပ်နေသဖြင့် အနက်ရောင် အပေါ် အောက် ဝတ်ထားတာကိုရော၊ တင်ပါးဖုံးရောက်လုထိအောင် ဆံပင် ရှည်လျားတာရော အသားဖြူဝင်းပြီး ကိုယ်လုံးသေးသွယ်လှပတာ ကိုရော အထင်အရှားမြင်နေရပါသည်။

ဒါပေမယ့် မိုးဝသုန်က ကိုယ့်မျက်စိကိုယ် သိပ်မယုံသဖြင့်





ရှေ့ကို တစ်လှမ်းတိုးပြီး သေချာပြူးပြဲထပ်ကြည့်၏။

မမှားပါဘူး။

သူတို့ရဲ့ ပေါ်တီကိုအောက်မှာ အမျိုးသမီးတစ်ယောက် ရှိနေသည်။

ဒါဟာ လူလား။ သူယောင်မယ်လား။

လူဆိုရင် ခြံထဲကို ဘယ်လိုဝင်လာတာလဲ။

"ဟေ့ကောင် ယံချမ်း၊ မြန်မြန်လာကြည့်စမ်း"

နောက်ဖက် လှည့်ခေါ်ချိန်မှာ ယံချမ်းကလည်း ဧည့်ခန်း ဆီ ထွက်လာသည်။

"ဘာလဲကွ"

"အိမ်ရှေ့မှာဘယ်သူလဲ"

"ဟင်"

ယံချမ်းလည်း သူ့လိုပဲ အံ့အားသင့်သွား၏။

မိုးရွာနေသော ညတစ်ညမှာ သူတို့ခြံဝင်းထဲ တိတ်ဆိတ် စွာရောက်ရှိနေသူဟာ ဘယ်သူလဲ။ ဘယ်ကမိန်းကလေးလဲ။

"ထွက်ကြည့်လေ ယံချမ်း"



www.burmeseclassic.com

www.burmeseclassic.com

"ညနေက ကားဝင်လာပြီး ဝင်းတံခါးမပိတ်မိဘူးထင်တယ်"

"ဟုတ်မှာပေါ့"

"သူက ဘယ်လိုရောက်လာတာလဲ"

"မသိဘူးလေကွာ၊ မေးကြည့်ရမှာပေါ့၊ မင်းတို့ခြံနီးနားချင်းက ဖြစ်ချင်ဖြစ်မယ်"

မိုးဝသုန်စကားကြောင့် ယံချမ်းက အိမ်သော့ကို သွားယူကာ တံခါးဖွင့်ဖို့ ခြေလှမ်းပြင်သည်။

ထိုအချိန်မှာ မိန်းကလေးကလည်း ပေါ်တီကိုအောက်ကနေ ကြွေပြားခင်း ဖိနပ်ချွတ်နေရာလေးဆီ တဖြည်းဖြည်းလှမ်းလာပါသည်။

မိုးဝသုန် ငေးစိုက်ကြည့်ရင်း အသက်ရှူမှားချင်၏။ သူမသည် ကဗျာဆန်ဆန်နှင့် ပုံပြင်ထဲက နတ်သမီးလေးလို ဖွဖွလေး လှမ်းလာနေတာ။

မှန်ချပ်ကိုဖြတ်ပြီး သူ့အကြည့်တွေက ကောင်မလေးဆီ သွားရောက်ရပ်တန့်နေသည်။

မျက်လုံးများကို ခွာမရ။

ယံချမ်းက မှန်တံခါးကို တွန်းဖွင့်လိုက်၏။

အေးစိမ့်သောလေက ဖျန်းခနဲ တိုးဝင်လာ၏။

အပြင်ဖက်မှာ အတော်လေးမိုးရွာနေတာပဲ။

ကောင်မလေးရဲ့ တစ်ကိုယ်လုံးမှာ ရွဲရွဲစိုနေတာ မြင်ရသည်။

တီရှပ်အနက်လေးနှင့် တဖြောင့်တည်း ကိုယ်တိုစကဒ်အရှည်လေးမှာ မိုးရေနှင့် စိုကပ်နေသည်။

လှပသော မျက်နက်ဝန်းလေးတွေမှာ စိုးရိမ်မကင်းမှုနှင့် သူတို့နှစ်ဦးကို အသေအချာစိုက်ကြည့်နေ၏။

"မင်းကဘယ်သူလဲ၊ ဘာကိစ္စလဲ"

တည်ငြိမ်သော ယံချမ်းမေးခွန်းအဆုံးမှာ သူမက တုန်ခိုက်နေသော အသံတိုးလေးနှင့်ဖြေ၏။

"ကျွန်မက ဒဏ္ဍာရီပါ"

"ဘာ"

"ဒဏ္ဍာရီ"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းမွတ်သော မျက်နှာပြင်လှလှလေးကို သူရော ယံချမ်းပါ ငေးမောသွားရ၏။ ထူအာနီမြန်းသော နှုတ်ခမ်းလွှာလေးကိုဖွင့်ပြီး သူမအမည်ကို ပြောပုံကပင် သူတို့ကို အံ့အားတသင့် ငေးမောမိစေသည်။

ပုံပြင်ဆန်ဆန် ရောက်လာသူက ဒဏ္ဍာရီတဲ့လား။

"မင်းဘယ်ကလဲ"

"ရီလေးက မန္တလေးကလာတာပါ"

"ဟော"

"ဒါ…ဒါ အန်တီအေါ်ဖြူဖြူဦးတို့အိမ် ဟုတ်ပါတယ်နော်"

ယံချမ်းက သူ့မိခင်နာမည်ကြားလျှင် ခေါင်းလည်းညိတ်မျက်မှောင်လည်းကုပ်သွားရသည်။

"တော်ပါသေးရဲ့ရှင်၊ အန်တီဖြူအိမ် ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာလို့"

သူမက ရင်ဘတ်ကလေးဖိကာ စိတ်အေးသွားရပုံဖြင့်ဆိုသည်။





သူမရဲ့ဟန်ပန်၊ မျက်နှာအမူအရာ၊ လှုပ်ရှားမှုအားလုံးဟာ မှန်ထဲ တာမင်တကာ လေ့ကျင့်ထားသလိုပင် အချိုးကျကြည့်ကောင်းလှ၏။

"ဒါဆိုရင် ကျွန်မကို အိမ်ထဲဝင်ခွင့်ပြုပါလား၊ ကျွန်မ အရမ်းချမ်းနေပြီ"

"ဟာ…ဘယ်ဖြစ်မလဲ၊ မင်းဟာမင်း ဒဏ္ဍာရီပဲဖြစ်ဖြစ်၊ ပုံပြင်ပဲဖြစ်ဖြစ် ငါ့အမေနာမည်ပြောရုံလေးနဲ့တော့ မင်းကို အိမ်ထဲဝင်ခွင့်ပြုလို့ဘယ်ရမလဲ၊ မင်းကို အရင်ကလည်း တစ်ခါမှ မမြင်ဖူးဘူး၊ ငါ့အမေနဲ့သိတယ်ခင်တယ်ဆိုတာ ဘာအထောက်အထားရှိလို့လဲ"

"ဟုတ်ကဲ့ စိတ်မရှိပါနဲ့ရှင်၊ ကျွန်မမှာ အဒေါ်စာရေးပေးလိုက်တဲ့ စာတစ်စောင်ပါပါတယ်၊ ဒီမှာပါ"

သူမက ပလတ်စတစ်အိတ်နဲ့ ထည့်ထားတဲ့စာရွက်လေးတစ်ရွက်ကို ထုတ်ပေးသည်။

*အန်တီမဦး…*

*ကျွန်မရဲ့တူမလေးရီရီမှာ အခက်အခဲရှိနေလို့ ရန်ကုန်ကိုလွှတ်လိုက်ပါတယ်။ သူ့အလုပ်မရခင်စပ်ကြားမှာ တည်းခိုနေထိုင်*



www.burmeseclassic.com

www.burmeseclassic.com



*ခွင့်ပြုဖို့ အကူအညီတောင်းပါရစေ။*

*ကျေးဇူးတင်သတိရစွာဖြင့်*

*မစော*

ယံချမ်းက စာကိုဖတ်ပြီး သူမကိုပြန်ကြည့်သည်။

ဒေါ်စော . လွှတ်လိုက်တာကိုး။

ဒေါ်စောကိုတော့ ဒီအိမ်မှာ အကြာကြီးနေသွားဖူး၍ ယံချမ်းသိပါသည်။ ရိုးသားပြီး ခင်မင်စရာကောင်းသော အဒေါ်ကြီး တစ်ယောက်ပါ။

မာမီက ဒေါ်စောကို အိမ်မှာ အစစအရာရာ စိတ်ချလက်ချ အပ်သွားတတ်သည်။

မာမီ နိုင်ငံခြားသွားရင် ဒေါ်စောပဲ အိမ်စောင့်ထားရစ်ခဲ့တာ များသည်။

"မင်းက ဒေါ်စောတူမပေါ့"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မ မလိမ်ပါဘူး၊ ကျွန်မကို ယုံပါ"

"အေးလေ ယုံတာကဟုတ်ပြီ၊ ဒါပေမယ့် အခုအိမ်မှာ





ငါ့မာမီမရှိဘူးကွ"

"ယံချမ်း နောက်မှဆက်မေးကွာ၊ သူ့ကို အိမ်ထဲခေါ်လိုက်ပါ၊ ကြာရင် သူ အအေးမိပြီး ဒုက္ခရောက်လိမ့်မယ်ကွ"

"အေးကွာ ဆောရီးပဲ၊ လာ မင်း အထဲဝင်"

"ကျေးဇူးပါပဲ"

သူမက ခြေထောက်လေးကို ဖြည်းဖြည်းလေး လှမ်းနေသဖြင့်

"မင်းခြေထောက် ဘာဖြစ်လို့လဲ"

"ချော်လဲပြီး နည်းနည်းနာနေလို့ပါ"

"ဖြစ်ရမယ်၊ မိုးကလည်း မိထားသေးတယ်၊ နေစမ်းပါဦး မနက္ခလေးကလာတယ်ဆိုပြီး မင်း အဝတ်အိတ်ကရော"

"ကျွန်မက အဝတ်အစားနှစ်စုံပဲ ပါတာပါ၊ အဲဒါ အလစ်သုတ်ခံလိုက်ရလို့"

"-ကျွတ်"

ယံချမ်း အတော်စိတ်ပျက်သွား၏။

မိုးဝသုန်ကတော့ သူမရဲ့စကားလေးတွေကြောင့် ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်မှန်းမသိ ကရုဏာသက်နေမိသည်။

သူမလိုအပ်နေတဲ့ အကူအညီမှန်သမျှ သူ ချက်ချင်းပေးလိုက်ချင်သည်။

ယံချမ်းကတော့ ကုမ္ပဏီတစ်ခုလုံး အုပ်ချုပ်နေသူပီပီ သူ့လောက် လွယ်လင့်တကူမယုံဘဲ စစ်စစ်ဆေးဆေး မေးမြန်းမြန်းနှင့် သူမကို အကဲခတ်နေပါသည်။

"မင်းကတော့ ပြဿနာပဲ၊ ကဲလေ လောလောဆယ် မင်းအဝတ်အစားလဲပြီး ကော်ဖီသောက်လိုက်မှဖြစ်မယ်၊ ဒီတိုင်းကြာကြာဆက်ရပ်နေရင် ဖျားမှာပေါ့၊ မိုးဝသုန် ဒေါ်လုံးတင် သွားခေါ်လိုက်"

သူတို့အိမ်ကို ညကြီးမင်းကြီး ဧည့်သည်တစ်ယောက် ရောက်လာပုံက ဆန်းနေသည်။

မိုးဝသုန်က နောက်ဖက်ဆားဗင့်ကွာတာမှာနေတဲ့ ဒေါ်လုံးတင်ကို သွားခေါ်ပေးလိုက်ပါသည်။

ဒေါ်လုံးတင်က ဧည့်ခန်းကို ထွက်လာသောအခါ ရေစိုစက်လက်နှင့် မိန်းမချောလေးကို ဗြုန်းစားကြီး တွေ့လိုက်တာမို့





တအံ့တသြဖြစ်နေ၏။

"ဒီမှာ ဒေါ်လုံး သူက ရီရီတဲ့၊ သူ့ကိုခေါ်သွားလိုက်၊ လောလောဆယ် ဒေါ်လုံးအခန်းမှာပဲ ခေါ်ထားလိုက်ပါ၊ ရှိတဲ့အဝတ်အစားတစ်စုံပါ ပေးဝတ်လိုက်၊ ဟုတ်ပြီလား၊ ပြော် ကော်ဖီလည်းတိုက်ဦး၊ ထမင်းလည်း ကျွေးလိုက်ဗျာ၊ လိုတာအားလုံး လုပ်ပေးလိုက်ပါ"

ဝေယံချမ်းသာက ညွှန်ကြားလျှင် ဒေါ်လုံးတင်က မျက်တောင်မခတ်ပင် နားထောင်ငြိမ်သက်နေသည်။

ကလေးမလေးကိုလည်း သေချာစူးစူးစိုက်စိုက် ကြည့်၏။

အသားကလေးက ဝင်းဝါစိုပြေနုဖတ်နေပြီး ဆံနွယ်မဲမဲအုံ့အုံ့ ခက်ခက်ဖြာဖြာကြီးတွေနှင့် နွဲ့နှောင်းလှပသော ကိုယ်နေဟန်ထား နူးနူးညံ့ညံ့ကလေး။

ဝတ်ထားပုံကလည်း တီရှပ်နှင့် ဇကာဒ်ကလေးသာဆိုပေမယ့် သားနားဝင့်ထည် အဆင့်မြင့်နေတာက အံ့သြသာကြီးပါ။

ဒီလောက် အရောင်လင်းပြီး လှပကျနနေတာကိုကြည့်လျှင် ဒါဟာ ဒေါ်လုံးတင်တို့လို မဟုတ်တာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကလေးဟာ သူဌေးသမီးကလေးလို ဖြစ်နေတာမို့ ကိုယ့်ရဲ့နောက်ဖက်က မီးသီးလေးတစ်လုံးသာ ထွန်းထားတဲ့ သာမန်အခန်းလေးဆီခေါ်သွားဖို့ရာ အားတုံ့အားနာဖြစ်မိသည်။

ကောင်မလေးဟာ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ဘယ်ကဘယ်လို မိုးရေကြီးထဲ ဖြန်းစားဒိုင်းစား ရောက်ချလာရသလဲ။

ဤမျှ နတ်မိမယ်လေးပမာ ချောမောနုနယ်သန့်စင်နေသူလေးကို ခေါ်လုံးတင်နှင့် တစ်ခန်းတည်းနေစေလို့ အမိန့်ချမှတ်တာတော့ မောင်ယံချမ်း လွန်သည်ဟုထင်မိသည်။

သူ့ရုပ်ရည် သူ့အနေအထားလေးမှ ထည့်မတွက်။

"လာ သမီးလေး"

စိတ်ထဲက အလိုလိုဖြစ်လာသော ချစ်ခင်နှစ်လိုစိတ်နှင့် ခေါ်လုံးတင်က ခုထိ ယို့ယို့လေးရပ်နေရှာတဲ့ ချာတိတ်မရဲ့ လက်ကလေးတစ်ဖက်ကို အသာဆွဲခေါ်လိုက်ပါသည်။

"ဩော်...ခေါ်လုံး"

ယံချမ်းရဲ့ နောက်ဆက်တွဲမှာကြားလိုဟန် စကားသံကြောင့်





ခြေလှမ်းတုန့်သွား၏။

"သူ့ခြေထောက်လည်း နာနေတယ်တဲ့"

"ဟုတ်လား"

"အဲဒါ ခေါ်လုံးတင်က ဘာလုပ်တတ်မှာပဲ ယံချမ်းရာ၊ သွားနိုင်းလိုက်ပါ၊ သူ့အနေခက်နေပြီကွ"

"ကဲ ကဲ သွားတော့"

မျက်နှာလေးငုံ့ချကာ ခေါ်လုံး ခေါင်ငင်ရာနောက် ဖြေးညှင်းစွာ လိုက်ပါသွားသော ဒဏ္ဍာရီအားကြည့်ပြီးနောက် သူတို့တစ်ယောက်နှင့်တစ်ယောက် မျက်ခုံးပင့်ပြမိကြသည်။

"မာမီ အိမ်မှာမရှိပါဘူးဆိုမှ အရှုပ်ထုပ်က ရောက်လာသေးတယ်ကွာ"

ယံချမ်းက ဆံပင်တွေထဲ လက်ထိုးဖွရင်း ညည်းညူလိုက်၏။

"အဲဒါ မင်းဘယ်လိုလုပ်မလဲ"

"မသိဘူး"

အခုန ဒဏ္ဍာရီထုတ်ပေးတဲ့ စာရွက်ကို မိုးဝသုန်လည်း



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းချင်းဆိုင်ဖတ်ပြီးပြီလေ။

"သူ့ပုံစံလေးကြည့်ရတာ မဆိုးပါဘူး"

"ဘာမဆိုးတာလဲ၊ မင်းနော် မိုးဝသုန်"

ယံချမ်းက လက်သီးထောင်ပြ၏။

မိန်းမချောလေးတွေဆိုရင် တွယ်ငြိတတ်တဲ့ မိုးဝသုန်က ရယ်ကျဲကျဲနှင့်

"ဘာလဲ ငါ ရိုးရိုးပြောတာ"

"မင်းရဲ့ ရိုးရိုးကိုပဲကြောက်ရတာ"

"ဟာကွာ"

"မာမီ့ဆီ ငါဖုန်းဆက်ရမယ်"

"ဘာလို့လဲ၊ မင်း သူ့ကို သိပ်မသင်္ကာဘူးလား"

"တစ်မျိုးတော့ တစ်မျိုးပဲကွ"

"ဟုတ်တယ်၊ သူရောက်လာပုံလေးကလည်း ဒဏ္ဍာရီဆန်ဆန်ပဲ"

မိုးဝသုန်ကတော့ အေးဆေးရွှင်ပျစွာပဲ အရယ်အမော မပျက်။ တကယ်တမ်းလည်း မိုးဝသုန်နှင့် တိုက်ရိုက်မသက်ဆိုင်





ဘူးလေ။

ယံချမ်းကတော့ တာဝန်ရှိသည်။ စာကလေးတစ်ကောင် လာပြရုံနှင့် ညကြီးမိုးချုပ်မှာ မိန်းကလေးအပျိုအရွယ်လေး တစ်ယောက်ကို အကြောင်းမသိဘာမသိ အိမ်ပေါ်တင်လက်ခံထားရတာ မဟုတ်လား။

တစ်စုံတစ်ရာ ပြဿနာရှိခဲ့သော်ဟု သူ့အနေနှင့် တွေးရသေးသည်။

"ဒဏ္ဍာရီဆန်တာ အရေးမကြီးဘူး ဟော့ကောင်၊ အကြံအဖန်ဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

"မင်းကလည်း ထင်ရက်စရာမရှိပါဘူးကွာ၊ သူက မိန်းကလေးပဲ၊ ငါတို့ယောကျ်ားလေးနှစ်ယောက်ရှိနေတာ သူ့ကို ဘာကြောက်စရာရှိလဲ"

"ကြောက်တာတော့ ဘယ်ဟုတ်မလဲကွာ"

"သူ့ပုံစံလေးကြည့်ရတာ မိကောင်းဖခင်သမီးပါ၊ ငါ ဒီလောက် လူကဲခတ်မညံ့ဘူး၊ စိတ်ချ ငါအာမခံတယ်"

ဒီကောင် မိုးဝသုန်တစ်ယောက်ဟာ ကောင်မလေးချော



www.burmeseclassic.com

www.burmeseclassic.com



ချောမြင်တာနှင့် အလိုလို စေတနာတွေ ပေါက်နေပြန်ပါပြီ။

ဘေးကနေဝင်ပြီး အာမပင်ခံနေသေးသည်။

ယံချမ်းကတော့ လုပ်ငန်းထဲမှာလည်း လူအများအပြားနှင့် ဆက်ဆံနေရတာ လူတန်းစားမျိုးစုံနှင့်လည်း ထိတွေ့ပြောဆိုနေရတာမို့ သံသယမျက်စိနှင့်လည်း ကြည့်တတ်နေတာအမှန်။

သူက ကိုယ်တိုင်လည်း ဖြောင့်မတ်မှန်ကန်သလို သူများကိုလည်း အင်မတန် ဖြောင့်မတ်မှန်ကန်မှ ကြိုက်သည်။

အလိမ်အညာ အကွေ့အကောက် အကြံအဖန်ဆိုလျှင် တစ်စက်မှ လက်မခံ။

ဒဏ္ဍာရီဟာ ဘယ်လိုမိန်းကလေးလဲ သူမသိ။

ဒေါ်စောတို့မိသားစု အသိုက်အမြုံထဲမှာ ဒီလိုရုပ်ရည်အဆင့်အတန်းရှိတဲ့ တူမတစ်ယောက်ရှိတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။

ဒေါ်စောကိုကြည့်လျှင် အသားညိုညို၊ လူက ပုပျပ်ပျပ်နှာခေါင်းပြားပြားနှင့် ရွက်ကြမ်းရေကျို ရုပ်ရည်မျိုးတွေပါ။

ဘာပဲဖြစ်ဖြစ် လက်ခံသင့်မခံသင့် မာမီ့ကို မေးမြန်းတိုင်ပင်ဖို့လိုသည်။



"အေးလေ အဲလိုပုံဖြစ်နေလို့ကို ပိုပြီးမသင်္ကာတာ"

"ဘာမသင်္ကာစရာရှိလဲ၊ ဒေါ်စောဆိုတာ မင်းတို့အိမ်မှာ အကြာကြီးနေသွားတဲ့ လူယုံလူရင်းပဲမဟုတ်လား"

"ဒေါ်စောက တကယ်လွှတ်လိုက်တာဆိုရင်တော့ ကိစ္စမရှိဘူးပေါ့ကွာ"

"ဟ သူ့လက်ရေးနဲ့ သူ့လက်မှတ်ကို မင်းမသိဘူးလား"

"ငါဘယ်လိုသိမှာလဲ၊ မာမီပဲသိမှာ၊ ဒါကြောင့် မာမီ့ဆီအီးမေးလ်ရေးမယ်၊ ငါ အပေါ်ခဏတက်ဦးမယ် မိုးဝသုန်"

ဝေယံချမ်းသာက ပြောပြောဆိုဆိုနှင့် လှေကားပေါ်သို့ လှစ်ခနဲတက်သွားပါတော့သည်။

မိုးဝသုန်မှာ တီဗီက စကားစပို့ (Star sport)လိုင်းကို မကြည့်အားသေးဘဲ ဧည့်ခန်းနှင့် ထမင်းစားခန်းမှာ ဟိုဖက်ဒီဖက် ခေါက်တုန့်ခေါက်ပြန် လျှောက်နေမိသည်။

ဒီကောင်မလေးကိုမြင်တာနှင့် ရင်ထဲသနားမိတာပဲ။

သူ့ခမျာလေး မိုးထဲလေထဲ စိုရွှဲပြီး တစ်ယောက်တည်း မဝံ့မရဲရောက်လာရှာတာ။

www.burmeseclassic.com

www.burmeseclassic.com



ပုံစံလေးက ဖြူစင်အပြစ်ကင်းပြီး အားငယ်နေဟန်ပေါ်သည်။

ယုံချမ်းထင်သလို လိမ်ညာဟန်ဆောင်သူလေးမဖြစ်နိုင်။

တစ်ချက်ကလေး ကြည့်တာနှင့် သူ့မျက်လုံးထဲက ရိုးသားမှုကို မိုးဝသုန်က အလိုလိုယုံနေမိတာ။

မှားမယ်ဆိုရင်လည်း မတတ်နိုင်ဘူးပေါ့။

သူ့ခန့်မှန်းတာကတော့ ကောင်မလေးဟာ အမှန်တကယ် အခက်အခဲနှင့် ဒုက္ခရှိနေသူလေးဖြစ်မှာပါ။

"မောင်ချမ်းရေ"

ဒေါ်လုံးတင်က အိမ်ကြီးဖက်ဆီသို့ အနောက်ဖက်ကနေ ပြန်ဝင်လာပါသည်။

"ဒေါ်လုံး ဘာဖြစ်ပြန်ပြီလဲ"

မိုးဝသုန်က ဆီးမေးလိုက်၏။

"မောင်ချမ်းရော သား၊ တော်ကြာ သူကဆူနေဦးမယ်"

"အခုဘာဖြစ်လို့လဲ၊ ရတယ် ကျွန်တော့်ကိုပြော"

"ကလေးမက ခြေထောက်မှာ ဒဏ်ရာရလာတယ်၊





သူပြောတော့ ချော်လဲတယ်ပြောတာပဲ၊ အဲဒါ သူ့ဒဏ်ရာက သွေးနည်းနည်းထွက်နေလို့ ဒေါ်လုံးပဲ ရှိတဲ့ပရုတ်ဆီ လူးပေးရမလား"

"ဟာဗျာ…ပရုတ်ဆီသွားလိမ်းလို့ ဘယ်ဖြစ်မလဲ၊ သူ့ကို ဒီကိုပြန်ခေါ်လာခဲ့"

မိုးဝသုန်စကားကြောင့် ဒေါ်လုံးတင်က ပြန်ဝင်သွားပြီး ဒဏ္ဍာရီကို ခေါ်လာခဲ့ပါသည်။

ပြန်ထွက်လာတဲ့ ဒဏ္ဍာရီပုံစံလေးမှာ ရယ်ချင်စရာ။

ဒေါ်လုံးတင်ဝတ်နေကျ ရင်စေ့လက်စက် အင်္ကျီအပွကြီးနှင့် ကီမိုနိုလုံချည်အပွင့်အခက်များနှင့်။

ဆံပင်တွေမှာ ရေစင်အောင် မသုတ်ရသေး။

လှတဲ့ကောင်မလေးများ ဘယ်လိုနေနေ ဘာဝတ်ဝတ် လှနေတာ အံ့ဩစရာ။

ဒေါ်လုံးတင်ရဲ့ အချိုးမကျတဲ့ ပွရောင်းရောင်း အဆီအငေါ် မတည့်တဲ့ အင်္ကျီလုံချည်နှင့်ပင် ကောင်မလေးရဲ့ ခမ်းနားသော တော်ဝင်ရုပ်ရည်က ပျောက်မသွားဘဲ ပေါ်လွင်နေသေးသည်။

"မင်း ဒီမှာခဏလာထိုင်၊ မင်းဒဏ်ရာက များလား၊



www.burmeseclassic.com

www.burmeseclassic.com



ပြစမ်း''

သူမက လယ်သာဆက်တီမှာ သွားမထိုင်ဘဲ ဒီဖက်နံရံနားမှာ ကပ်ချထားတဲ့ ရိုးရိုးဆိုဖာခုံလေးမှာပဲ ထိုင်လိုက်ပါသည်။

သူမရဲ့ လုံချည်လေးကို မရဲတရဲမလိုက်တဲ့အခါ ခြေမျက်စိနားမှာ သွေးစို့ပေါက်ပြဲနေတဲ့ ဒဏ်ရာကို တွေ့ရ၏။

မိုးဝသုန်က သူမနားက ကော်ဇောခင်းပေါ်မှာ ထိုင်ချလိုက်၏။

''အို အစ်ကို၊ ကန်တော့နော်''

ဒဏ္ဍာရီက အားတုံ့အားနာဟန်လေးဖြင့် ရေရွတ်၏။

''မောင်မိုးဝသုန်ရေ ခဏဟော့၊ ဒေါ်လုံး ရေနွေးကျိုထားတာ မေ့နေတယ်၊ သွားကြည့်လိုက်ဦးမယ်''

ဒေါ်လုံးတင်က အခုမှ သတိရသလို အော်ကာ နောက်ဖက်ထဲ ကမန်းကတန်း ပြေးကြည့်လေသည်။

တိတ်ဆိတ်ငြိမ်သက်သော ဧည့်ခန်းရဲ့ ထောင့်ကလေးတစ်ခုမှာ သူရယ်၊ ဒဏ္ဍာရီရယ်ပဲ နှစ်ယောက်ထဲကျန်ခဲ့သည်။

''မင်းကွာ ဘယ်နားမှာ သွားချော်လဲရတာလဲ''





ဒဏ္ဍာရီက မဖြေ။

ဒီဒဏ်ရာက အိမ်ကထွက်ကတည်းက ရလာတာဖြစ်မည်။ သူမလည်း ကိုယ့်အာရုံနှင့်ကိုယ်မို့ ခြေထောက်နာတာကိုပင် ဂရုမစိုက်နိုင်ခဲ့။

အခု သူမေးတော့ ဘယ်လိုဖြေရမလဲ။

သူမခြေဖျားလေးကို ညင်ညင်သာသာ ဆုပ်ကိုင်ကြည့်ရှုတဲ့ ဒီလူကို သူမ ညာလည်းမညာချင်တာအမှန်။

''ဒီလမ်းထဲ ဝင်တုန်းက ချော်လဲတာ''

မတတ်သာ၍ တစ်ခွန်းညာလိုက်မိသည်။

''လမ်းထဲဝင်တာ လမ်းလျှောက်လာတာလား၊ အဝေးပြေးကနေ ဘာကားနဲ့လာတာလဲ''

''ဟို တက္ကစီက အိမ်ကိုပတ်ရှာနေလို့ စိတ်မရှည်တော့ဘဲ ကျွန်မကို လမ်းထိပ်နားတစ်ခုမှာ ချသွားတာပဲ''

''မင်းကတော့ကွာ ဖြစ်ရမယ်၊ မင်းငှားတဲ့တက္ကစီက ဘာကောင်လဲ၊ ကျွတ်''

မိုးဝသုန်သည် မမြင်လိုက်ရတဲ့ ကားသမားကိုပဲ အပြစ်



www.burmeseclassic.com

www.burmeseclassic.com



တင်မိသည်။

ညကြီးမိုးချုပ် ခြံနံပါတ်ရှာမရတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့တဲ့နေရာ ချသွားရသလား။

တော်တော်ကိုယ်ချင်းမစာတဲ့ ငနဲ။

မိုးဝသုန်သည် ဘယ်တုန်းကမှ သူစိမ်းမိန်းကလေးတစ်ယောက်ရဲ့ ခြေဖျားလေးကို ဆုပ်ကိုင်ရမည်ဟု မထင်ခဲ့။

ဒဏ္ဍာရီက အားနာနေပေမယ့် သူကဘယ်လိုမှမဖြစ်။

သူ့စိတ်ထဲ အောက်ကျတယ်လို့လည်း မထင်ပါ။

ကောင်မလေးရဲ့ ဒဏ်ရာကို ကိုယ်တိုင်ကြည့်ရှုစစ်ဆေးကာ အရက်ပျံနှင့် ပွတ်လိုက်သည်။

"အား…လား…လား စပ်လိုက်တာရှစ်"

ဒဏ္ဍာရီသည် ယောင်ရမ်း၍ပင် သူ့ပခုံးကို တွန်းထုတ်မိသည်။

"ခဏလေး! သည်းခံလိုက်လေကွာ"

သူက သူမမျက်နှာကို မော့ကြည့်ရင်း ကလေးတစ်ယောက်ကို ချော့မော့သလို အသံမျိုးနှင့် ပြောလေသည်။





သူ့ရဲ့အသံက ရိုရိုထင်တာထက် ပိုမိုနူးညံ့သိမ်မွေ့နေသည်။

သူမရဲ့ ခြေဖဝါးနုနုလေးကို သူစိမ်းယောကျ်ားလေးတစ်ဦးက ပယ်ပယ်နယ်နယ် ကိုင်တွယ်ပြီး ဆေးထည့်ပေးနေတာကို ရင်ထဲ မယုံသလို အံ့သြကြည်နူးသလိုနှင့် လိုက်ဖို့အနေခက်မိလေသည်။

ဒဏ္ဍာရီရဲ့ အနေကျုံ့ရှက်ရွံ့ဟန် မရဲတရဲလေးကပင် မိုးဝသုန် နှလုံးသားတွေကို လှုပ်ခါယိမ်းထိုးသွားစေ၏။

အနီးကပ် မော့ကြည့်ရင်းက တစ်ဦးနှင့်တစ်ဦး မျက်လုံးချင်း ငြိတွယ်ငြိမ်သက်သွားတာ စက္ကန့်အနည်းငယ်။

ဒဏ္ဍာရီရဲ့ ရင်ထဲမှာ ပူနွေးလှိုက်ဖိုလာသည်။

အကြည့်ကို ဘယ်ကိုလွှဲရမှန်းပင်မသိတာ။

ရှုးရှနက်မှောင်သော သူ့မျက်လုံး ညှို့ချက်ပြင်းပြင်းမှာ အမှတ်မထင် အငိုက်တမိ ဖြစ်သွားမိတာ ရှိ ဝင်ခံပါသည်။

နဂိုကတည်းက ရင်တုန်မပြယ်သေးဘဲ စိတ်လှုပ်ရှားခဲ့ရတာ။ ဒါပေမယ့် အခုခဏမှာ စိတ်လှုပ်ရှားဖို့နွေးရတာက ဒဏ္ဍာရီအတွက် ဆန်းကြယ်နက်ရှိုင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးဝသုန်လည်း မရည်ရွယ်ဘဲ အမှတ်မထင် စူးစူးငေးငေးလေး ကြည့်မိသွားတာပါ။

သူမရဲ့ မိုးရေမခြောက်တခြောက်နှင့် အရိုင်းဆန်သော အလှအပတွေမှာ သူ သတိလက်လွတ် ငြိတွယ်သွားမိတာ။

ညှို့ခန်းထဲမှာ နှစ်ယောက်တည်း ကျန်ရစ်တဲ့ အခြေအနေကြောင့်လည်း ဖြစ်နိုင်ပါသည်။

ဒဏ္ဍာရီက တစ်မျိုးသော ရှက်ငိုရှက်နီး အမူအရာလေးနှင့် မျက်နက်ဆန်လေးကို သူ့ဆီမှ တခြားတစ်ဖက်သို့ ခပ်စွေစွေလေး ရွှေ့ကြည့်လိုက်သည်။

ဤဟန်ပန်လေးကိုပင် အသည်းတယား မချင့်မရဲဖြစ်မိသူက မိုးဝသုန်ပါ။

မြင်မြင်ချင်း ငြိတွယ်ချင်သလို နှစ်လိုစိတ်ဟာ သူ့နှလုံးသားမှာ ဆန်းကြယ်စွာ ပေါ်ပေါက်လာခဲ့သည်။

သူမဟာ သံလိုက်တုံးကလေးတစ်ခုလို သူပြေးကပ် ထိချင်စရာလေး ဖြစ်နေတာ ဘာကြောင့်လဲ။

"မနာတော့ဘူးမို့လား"

ဝိုးမိုးဝ၁ေပ



ခြေဖျားလေးကို ပြန်လွှတ်ရင်း ဂရုဓမ္မဆယ်ကာ မိုးဝသုန် မေးမိသည်။

"ဟုတ်ကဲ့"

သူမရဲ့ဖြေသံလေးက မပွင့်တပွင့်။

"မနက်ဖြန်လောက်ဆို သက်သာသွားမှာပါ"

"ကျေးဇူးတင်ပါတယ် အစ်ကို၊ အစ်ကိုက ကိုမိုးဝသုန်နော်၊ ဟိုအစ်ကိုကြီးက ကိုယံချမ်း ဟုတ်လား"

ဒဏ္ဍာရီက အခုနကြားရသော အမည်နာမတွေကို သေချာအောင် ပြန်မေးလိုက်ပါသည်။

ကြီးဓော ပြောပြလိုက်တာကတော့ သူဌေးကြီး ဦးချမ်းသာနှင့် သူ့ဇနီး ဒေါ်ဖြူဖြူဦးတဲ့။ ကြီးဓော ခေါ်တာက အန်တီမဦးတဲ့။ သူတို့ဇနီးမောင်နှံမှာ သားတစ်ယောက်သာရှိသတဲ့။

အခုဒီမှာ မြင်တွေ့ရတာက သူမယက် အသက်နည်းနည်း ပိုကြီးပုံရတဲ့ အစ်ကိုနှစ်ယောက်။ ကိုယံချမ်းက အန်တီဖြူဖြူဦးရဲ့ သားဆိုတော့ ဒီကအစ်ကိုကရော။

"ဟုတ်တယ်၊ ကိုယ်က မိုးဝသုန်၊ သူက ဝေယံချမ်းသား၊

ဝိုးမိုးဝ၁ေပ

www.burmeseclassic.com

www.burmeseclassic.com



ယံချမ်းက အန်တီဖြူတို့ရဲ့ တစ်ဦးတည်းသောသားပေါ့၊ ကိုယ်က ယံချမ်းရဲ့သူငယ်ချင်း၊ အလုပ်ကလည်း ယံချမ်းတို့ကုမ္ပဏီမှာပဲလေ၊ ကိုယ် ယံချမ်းနဲ့ အတူတူလာနေတာ ငါးနှစ်ကျော်လောက်ရှိပြီ၊ ကိုယ်တို့နေတဲ့အခန်းတွေက အပေါ်ထပ်မှာ၊ ဒါပေမဲ့ ဒီည အောက်မှာ ဘောလုံးပွဲကြည့်မလို့ အဲဒါကြောင့် မင်းကို ဒေါ်လုံးတင် အခန်းမှာပဲ နေခိုင်းလိုက်တာကွ၊ ယံချမ်းကို တစ်မျိုးမထင်နဲ့နော်၊ ဒီကောင်က သဘောအရမ်းကောင်းတယ်၊ စကားပြောရင်သာ သိပ်မပြေပြစ်တာ၊ စိတ်ကောင်းရှိတဲ့လူပါ''

''သူက ရီလေးကို မယုံဘူးပေါ့နော်''

''မင်းက တကယ်ရော ဒေါ်စောတူမဟုတ်ရဲ့လား၊ ဒေါ်စောကို ငါလည်းမြင်ဖူးပါတယ်၊ သူက သာမန်ပဲလေ၊ မင်းလို မလှဘူး''

မိုးဝသုန်စကားကြောင့် ကောင်မလေးက ရှက်ပြုံးလေး တစ်ပွင့်ခြွေကာ

''ဒါဖြင့် ကြီးစောမှာ ရုပ်ချောတဲ့တူမ မရှိရဘူးပေါ့''

''မရှိရဘူးတော့ မဟုတ်ဘူးလေ၊ နည်းနည်းကွာခြားနေ





တော့''

''ရီရီညာတယ် ထင်နေတယ်ပေါ့''

''တကယ်သာ ဒေါ်စောက အကူအညီတောင်းတာမှန်ရင်တော့ မင်းကို သူတို့လက်ခံမှာပါ၊ ဒီမှာနေခွင့်ပြုမှာပါ''

''ရီလေးကို ကြီးစော ဒီကိုလွှတ်တာပါ၊ အဲဒါကို ယုံပေးပါ''

''ကိုယ်က မင်းစကားကိုယုံပါတယ်''

သူပြောလိုက်ပုံကြောင့် ဒဏ္ဍာရီရဲ့ရင်မှာ သိမ့်ခနဲ ကြည်နူးသွားမိသည်။

''ဒါပေမဲ့ ကိုယ်လည်း ဒီမှာဧည့်သည်၊ မင်းကိစ္စနဲ့ ပတ်သက်ပြီး ယံချမ်းပဲ ဆုံးဖြတ်မှာ''

''ရီ သိပါပြီ၊ ယုံတယ်ဆိုတဲ့အတွက်လည်း အားရှိသွားပါပြီရှင်''

''မင်းက ရန်ကုန်မှာ အလုပ်လာရှာတာပေါ့''

''ဟုတ်ပါတယ်''

သူတို့နှစ်ဦးသား မိတ်ဆက်ရင်း စကားစမြီလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောနေမိကြသည်။

ငြိခနဲ ချိတ်သွားတဲ့ မျက်လုံးတွေအကြောင်းကိုတော့ နှစ်ဦးသား မသိချင်ယောင်ဆောင်၍ ဖုံးကွယ်ထားလိုက်ကြသည်။

မိုးဝသုန်က စကားတစ်ခွန်းပြောတိုင်း သူမမျက်နှာကို တစ်ချက်ကြည့်သည်။ ပြီးလျှင် သတိထားပြီး အကြည့်ကို ပြန်လွှဲရ၏။

ဒဏ္ဍာရီကလည်း မလှုပ်မယှက်လေး ငြိမ်ငြိမ်ထိုင်နေလျက် သူ့အကြည့်အောက်မှာ မဝံ့မရဲနှင့် မနေတတ်သလို ဖြစ်နေပါသည်။

သို့သော် အိမ်တွင်းဖက်လည်း ထမဝင်သွားချင်။

သူ့မျက်နှာကို မော့ကြည့်ရတာ ရင်ထဲ အားကိုးအားထား တစ်ခု တွေ့ရှိသွားသလို ခံစားရသည်။

သူ့မျက်လုံးတွေက ချို့ရှိပြီး ကြင်နာရိပ်၊ နားလည်ရိပ်တို့နှင့် ပျော့ပျောင်းနူးညံ့နေတာကို ဒဏ္ဍာရီ အင်မတန် သဘောကျနှစ်သက်မိသည်။

ရီကို သူကြည့်ရှုပုံမှာ အထင်သေးခြင်း၊ နှိမ့်ချလိုခြင်းတွေ မပါ။ ကြီးစောတူမပါလို့ ပြောနေပေမယ့် သူ့မျက်လုံးတွေက စစချင်း





လှမ်းအကြည့်တုန်းကလိုပဲ နွေးထွေးအသက်ဝင်လှသည်။ လုံးဝ ပြောင်းလဲမသွား။

"ဆယ်တန်းအောင်ပြီးသားလား"

"ဟုတ်ကဲ့"

"အထောက်အထားစာရွက်တွေရော အလစ်သုတ်ခံရတဲ့ အထဲ ပါသွားပြီလား"

"အင်း ပါသွားပြီပေါ့၊ ဒေါ်ကြီးစော ရေးပေးလိုက်တဲ့ စာရွက်လေးကိုတောင် ပိုက်ဆံအိတ်ပေါက်စလေးထဲ ထည့်ကိုင်ထားမိလို့သာပေါ့၊ နို့မို့ဆို သက်သေပြစရာတောင် ရှိမှာမဟုတ်ဘူး၊ အဲဒီစာသာပါမလာရင် ကိုယ်ချမ်းက ရီလေးကို မောင်းထုတ်မှာပဲ ထင်တယ်နော်"

"ဒီလိုလည်းမဟုတ်ပါဘူး"

"ဟုတ်ပါတယ်နော်၊ သူ့ပုံကသိသာပါတယ်"

"ဒဏ္ဍာရီ အထင်လွဲနေပြီ"

"ရီလေးကို 'ရင်းရင်းနှီးနှီး ရီလေးပဲခေါ်ပါလား"

"ယံချမ်းက စည်းကမ်းရှိပြီး တိကျတာပါရီလေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးမထင်ပါနဲ့"

သူ့ရဲ့ ရီလေးရဲ့ဆိုသော ပြောဆိုပုံလေးကြောင့် ဒဏ္ဍာရီ နှုတ်ခမ်းလေးတွေ ပြုံးသွားရသည်။

"ရီလေးက ဒီအိမ်ကိုပဲ အားကိုးတကြီးလာခဲ့တာပါ၊ ကိုယ်ချမ်းသာ နှင်ထုတ်လိုက်ရင် ဘယ်မှသွားစရာရှိမှာမဟုတ်ဘူး၊ ကိုယ်ချမ်းရဲ့အမေက ဘယ်သွားနေတာလဲဟင်၊ ဘယ်တော့ပြန်လာမှာလဲ"

ဒဏ္ဍာရီက တစ်ခါတည်း မေးမြန်းကြည့်လိုက်မိသည်။

သူမအနေနှင့်က ကိုယ့်အကြောင်းကိုယ် အသိဆုံးလေ။ လောလောဆယ် ဒီအိမ်မှာ ခိုနားခွင့်ရမှကိုဖြစ်မှာ။

နောက်ကြောင်းကို ပြန်လှည့်လို့က မဖြစ်သေး။

"မင်းကို နှင်ထုတ်မှာမဟုတ်ပါဘူး၊ စိတ်ချနေ၊ ယံချမ်းမာမီက စင်ကာပူသွားနေတာ၊ နှစ်လသုံးလလောက်တော့ ကြာလိမ့်မယ်ထင်တယ်ကွ"

"ဟင် ဟုတ်လား၊ အခု ဒီအိမ်မှာ ကိုမိုးဝသုန်နဲ့ ကိုယ်ချမ်းပဲရှိတာပေါ့"

ဝိုး : မိုး : ၀၇၆ပ



"ဒေါ်လုံးတင်လည်းရှိတယ်လေ၊ မင်းအဖော်ရတာပေါ့"

"ဟုတ်တယ်၊ သဘောကောင်းတယ်နော်"

ဒဏ္ဍာရီသည် သူစိမ်းတို့အလယ်မှာ မျက်နှာငယ်နှင့် ခိုကိုးရာမဲ့သော အခြေအနေနှင့် ရောက်လာရသူပါ။

ခံပြင်းနာကြည်းမှုတွေက နှလုံးသားမှာ ဗရပွ။

မွန်းကြပ်ကြေကွဲလျက် ဆောက်တည်ရာမဲ့နေသော ထိုခံစားချက်တို့ကို အခုခဏလေးမှာမှ သူမမေ့လျော့ကာ နှုတ်ခမ်းလေးတွေ ပြုံးနေမိတာဖြစ်သည်။

အားပေးတတ်သော ကိုမိုးဝသုန်ကို ရင်ထဲမှာ ကျေးဇူးများစွာ တင်မိပါသည်။

မြူးပျပျနှင့် စူးရှသောသူ့အကြည့်များကြောင့် လူက အသက်ရှူမှားကာ ရင်ခုန်သံတွေလည်း မြန်ဆန်နေရသည်။

ရီလေး ဒီအသက် ဒီအရွယ်ထိ ခုလိုမျိုး ယောကျ်ားတစ်ယောက်ရဲ့ရှေ့မှာ ရှက်ရွံ့ရင်ဖိုပြီး ရင်တုန်ပန်းတုန်ဖြစ်ရတယ်ဆိုတာ တစ်ခါမှ မရှိဖူးသေးပါ။

စကားပြောရင်းက တစ်ချက်တစ်ချက် တမေ့တမောဆန်

ဝိုး : မိုး : ၀၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



ဆန် ရှူးရှူးနစ်နစ် ပျော်ဝင်ငေးမောသော အကြည့်များကြောင့် မိန်းကလေးပီပီ စိတ်ထဲသာယာမိတာအမှန်။

“သဘောမကောင်းတာက ကိုယ်တို့နှစ်ယောက်ပေါ့၊ ဟား ဟား ဟား”

“အံမယ် ကိုမိုးဝသုန်က ဒီလောက် စိတ်ရှည်သဘောထားကောင်းတဲ့ဥစ္စာ”

“ဒါဆို စိတ်ပုပ်တာက ဟိုကောင်ယံချမ်းတစ်ယောက်ပဲ”

ထိုအခိုက်မှာ လှေကားကပြန်ဆင်းလာသော ဝေယံချမ်းသာက

“ဟ…သူက ဒီကိုဘယ်လိုပြန်ရောက်နေတာလဲ”

“မနေတော့ဘူး၊ ပြန်မယ်တဲ့ကွ”

“အို…မဟုတ်တာ”

“အသာနေစမ်းပါ ရီလေးရာ၊ ကျုပ် သူက မင်းပြန်နိုင်းမှာစိုးရိမ်နေတာ ယံချမ်း”

ယံချမ်းက မိုးဝသုန်ကို မျက်မှောင်ကုပ်၍ အဓိပ္ပာယ်ပါပါကြည့်သည်။





သူ တအောင့်ကလေး အပေါ်တက်သွားတဲ့အချိန်မှာပဲ မိုးဝသုန်က ကောင်မလေးနှင့် တရင်းတနှီး စကားလက်ဆုံတွေ ကျပစ်လိုက်ပြီ။

ဒီကောင့်က ဒါမျိုးမှာတော့ အတော်စိတ်ချရတဲ့ကောင်။ မိုးဝသုန်ကလည်း ယံချမ်းရဲ့အကြည့်ကို ရိပ်မိသည်။

“သူ့ဒဏ်ရာသွေးထွက်နေလို့ ဆေးထည့်ပေးနေတာ”

“ဟုတ်လား”

ယံချမ်း ခေါင်းဆတ်ပုံက မင်းစေတနာတွေ ငါသိပါတယ်ဆိုတဲ့ပုံစံ။

မိုးဝသုန်က စကားလမ်းကြောင်းပြောင်းကာ

“မင်းမာမီက ဘာတဲ့လဲ၊ စကားပြောလို့ရရဲ့လား”

အိမ်မှာ အင်တာနက်ချိတ်ဆက်ထားတာမို့ ယံချမ်းက မိဘတွေနှင့် အမြဲစကားပြောနေကျ၊ ဆက်သွယ်နေကျ။ ညတိုင်းလိုကျွန်ပျူတာရှေ့ ရောက်သွားတတ်သူပါ။

“ရတယ်၊ မာမီတို့လည်း ဧည့်ခန်းမှာပဲ တီဗီကြည့်နေကြတယ်”



www.burmeseclassic.com

www.burmeseclassic.com



ယံချမ်းက Web com ကင်မရာကနေ သူ့မိသားစုကို တွေ့ဆုံစကား ပြောခဲ့ရဟန်တူသည်။

ဘာပဲဖြစ်ဖြစ် မိုးဝသုန် စိတ်ချမ်းသာသွားရကာ

"မင်းမာမီက လက်ခံတယ်မို့လား၊ သူ့ကို ဒီမှာနေခွင့် ပေးလိုက်တယ်မဟုတ်လား"

ယံချမ်းက ခေါင်းညိတ်သည်။ မာမီက သဘောကောင်း ပြီးသားမို့ ဒေါ်စောတူမလာတည်းခိုမယ်ဆိုတာကို အလွယ်တကူပဲ လက်ခံပါသည်။

မာမီတို့က တစ်ပါးသူကို ကူညီစောင်မဖို့ ဘယ်တော့မှ လက်မနှေးတတ်။

သားပဲကြည့်စီစဉ်လိုက်ပေါ့၊ ဒေါ်စောတို့မိသားစုတွေက ရိုးသားကြတယ်ဟု မာမီကဆိုသည်။

"ဝမ်းသာစရာကြီးပဲ၊ ကဲ ဒဏ္ဍာရီ မင်းအလုပ်ရတဲ့အထိ ဒီမှာနေလို့ရပြီ"

မိုးဝသုန်က သူ့ကိစ္စလိုပဲ စိတ်ပါလက်ပါကြီး တက်ကြွနေသည်။ ဒဏ္ဍာရီထံ လှည့်ပြောလိုက်ဟန်ကပင် မျက်နှာကြီးက





အပြုံးလိှုင်လိှုင်နှင့် ချို့မြနေလေသည်။

ယံချမ်းသည် မိုးဝသုန်အမူအရာကို နည်းနည်းတော့ အမြင်ကပ်သည်။

ဘယ်ကဘယ်လို အိမ်ကိုရောက်လာမှန်းမသိတဲ့ သူစိမ်းကောင်မလေးအပေါ် ဒီလောက်ဖော်ရွေသဘောကောင်းနေစရာ လိုလို့လား။

ဒီကောင် နည်းနည်း အိုဗာဖြစ်နေသည်။

"နေခွင့်ပြုတယ်ဆိုပေမဲ့ မင်းကောင်းကောင်းနေပါ၊ ငါ့မာမီက မင်းကိုမတွေ့ဘဲ ငါ့စကားကြောင့် လက်ခံတာနော်၊ မင်း ဒီမှာ ရှုပ်ရှုပ်ယှက်ယှက်လုပ်ရင်တော့ ငါ အချိန်မရွေးနှင်ချမယ်ဆိုတာ သဘောပေါက်ထား"

ယံချမ်းရဲ့ သတိပေးစကားကြောင့် ဒဏ္ဍာရီက မျက်နှာလေးငယ်သွားသလို မိုးဝသုန်လည်း မျက်နှာပူ အားနာသွားရ၏။

ယံချမ်းက အားမနာ။

သူ့ငယ်ချင်းဖြစ်သူကို သဘောမနောကောင်းတယ် ထင်ထားတာမို့ ဒီလို ပြတ်ပြတ်သားသား ပြောထွက်တာကို သူ



www.burmeseclassic.com

www.burmeseclassic.com

အံ့အားသင့်ရသည်။

“မိုးဝသုန် ဘောလုံးပွဲစနေပြီကွ၊ ကြည့်စမ်း လွတ်ကုန်တော့မယ်၊ ဟိုကောင်မလေး မင်းသွားလို့ရပြီ”

မိုးဝသုန်ကို တီဗီရှေ့ဆွဲခေါ်လာရင်း တစ်ဆက်တည်းမှာ ဒဏ္ဍာရီကိုလည်း ပြောလိုက်၏။

ဒဏ္ဍာရီက ခြေထောက်လေး ဖွနင်းရင်း မီးဖိုခန်းရှိရာ အနောက်ဖက်ထဲ ဝင်သွားပါသည်။

မိုးဝသုန်သည် သူမကျောပြင်လေးကို တစ်ချက်ပြန်လှည့်ကြည့်ရင်း ရင်ထဲမှာ တရင်းတနှီး သံယောဇဉ်တစ်မျိုး အခံရှိပြီးသားလိုလို ခံစားရလေသည်။

ဒဏ္ဍာရီသည် မိုးဝသုန်အတွက် အမှန်ပင် ထူးခြားဆန်းကြယ်သော မိန်းကလေးတစ်ဦးဖြစ်ပါသည်။

◆ ◆ ◆



အိမ်ရှေ့က ခမ်းနားသော နှစ်ထပ်တိုက်အိမ်ကြီးရဲ့ အနောက်မှာ တစ်ဆက်တည်းလိုတည်ရှိသော ဆားဗင့်ကွာတာဆန်ဆန်သာမန်တိုက်ခန်းအကြမ်းထည်လေးမှာ မီးမှိန်မှိန်လေးဖြင့် ငြိမ်သက်နေပါသည်။

ဧည့်ခန်းမှာ ကြည့်ကောင်းမှ ... ဒေါ်လုံးတင်က အခန်းကို ရှင်းထားသော်လည်း ယန်းကန်ခွက်ယောက်အဟောင်းများ၊ ဖျာနှင့် ပရိဘောဂအဟောင်းအမြင်းများ၊ အိမ်သုတ်ဆေးပုံးများ၊ ယန်းအိုးများ၊ ခြံထဲသုံး စိုက်ပျိုးရေးပစ္စည်းများ၊ ကားနှင့်ပတ်သက်သော တာယာအဟောင်း ကားပစ္စည်းအဟောင်းများ၊ ကြိုးတန်းနှင့်အပြည့် လှမ်းထားသော အဝတ်အထည် ခပ်နွမ်းနွမ်း၊ ဖျာ စသဖြင့် အိမ်ထောင်သိမ်း အလုပ်သမား အခေါ်ကြီးတစ်ယောက်ရဲ့ အခန်းတွင် ပုံကြဲနေသော ပစ္စည်းတွေက တစ်ပုံတပင်။


www.burmeseclassic.com

www.burmeseclassic.com



ဒဏ္ဍာရီသည် အဲကွန်းနှင့် အေးစိမ့်ကာ လိုက်ကာများ ဖားဖားဝေလျက် ပါကေးအပြည့်ခင်းထားသော သူမရဲ့အခန်းကျယ်ကျယ်လေးကို ပြန်မြင်ယောင်သည်။

မနေ့ညက ဟိုအခန်း ဒီည ညဥ့်နက်နက်မှာတော့ မမျှော်လင့်သော ဤအခန်းသို့ ရောက်ရှိခဲ့ပြီ။

ကံကြမ္မာရဲ့ စေစားရာတွေကို သူမ အံ့ဩနေမိသည်။

ဒေါ်လုံးတင်က နံရံထောင့်က ကွပ်ပျစ်လေးမှာ သူမအတွက် ဖွမ်းကပ်ပုံစံ မွေ့ရာအပါး အပြာရောင်လေးတစ်ခု ခင်းပေးသည်။

ခေါင်းအုံးစွပ်ဖြူဖြူနှင့် ခေါင်းအုံးအသန့်တစ်လုံး၊ စောင်တစ်ထည်လည်းပေးသည်။ ပြီးတော့ တစ်ယောက်အိပ်ဓာခြင်ထောင်အဖြူလေး။

ပြောရမည်ဆိုလျှင် အဆင်ပြေပါသည်။ ခြင်လည်းမကိုက်ပဲ သက်တောင့်သက်သာ အိပ်စက်နိုင်သည်။

သို့သော် ရင်ထဲမှာ လစ်ဟာဟာကြီးနှင့် ဒဏ္ဍာရီ အိပ်မပျော်နိုင်ပေ။



အရင်က ရခဲ့ဖူးသော ဖေဖေ့ရဲ့ နွေးထွေးသော မေတ္တာတရား နှင့် ဂရုစိုက်အလိုလိုက်မှုတွေကို ပြန်သတိရတမ်းတမိသလို ဒေါ်မှူယာစိုးရဲ့ ကောက်ကျစ်သော မျက်လုံးအကြည့်များကိုလည်း ပြန်မြင်ယောင်သည်။

အထူးသဖြင့် သူမကို မတရားကြံစည်ဖို့ ကြိုးစားခဲ့သော ဦးနေစိုးရဲ့ ရမ္မက်ခိုးတက်နေသော အမူအရာကြီးနှင့် အားခနဲအော်ကာ လဲကျသွားပုံတို့ကို စိုးတထိတ်ထိတ် ပြန်တွေးတောနေမိ၏။

ဘုရားသိကြားမလို့ သူ့လက်က လွတ်ခဲ့ပေမဲ့ သူသေများ သေသွားသလားဟုလည်း နောက်ဆုံးတင်း ထိတ်လန့်နေမိသည်။

ဒီအိပ်ရာနှင့် ဒီအခန်းမှာလည်း နေလို့ နေသားမကျသေးဘဲ ဟိုဖက်ဒီဖက် ဘယ်ညာလူးလွန့်နေမိသည်။

ဒေါ်လုံးတင်ကတော့ တခူးခူး အသံပေးကာ အိပ်မောကျနေပြီ။

ဟိုနှစ်ယောက်ကတော့ ဘောလုံးပွဲကြည့်ကောင်းနေဆဲဖြစ်လိမ့်မည်။

ဒဏ္ဍာရီအာရုံမှာတော့ မန္တလေးက အိမ်ကြီးနှင့် သူမရဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြုံလာရသော အဖြစ်အပျက်များကို ပြန်ပြောင်းစဉ်းစားနေမိလျက် ရှိလေသည်။

◆ ◆ ◆

ခေါင်းလျှော်ရေချိုးပြီးနောက် ချည်သားဂါဝန်ပန်းရောင်နုနုလေးကိုဝတ်ကာ ဒဏ္ဍာရီက မှန်တင်ခုံရှေ့ထိုင်လျက် စိတ်ရှည်လက်ရှည် ခေါင်းဖြီးနေပါသည်။

သူမရဲ့ ပင်ကိုယ်ဆံပင်သားကပင် နူးညံ့ပျော့ပျောင်းသန်စွမ်းသည်။ သူများတကာတွေ ဆံပင်ကို ဆေးရောင်စုံတွေ ဆိုးကာ ဟိုက်လိုက် (High Light) ဖောက်တာတွေ ခေတ်စားနေချိန်မှာ ဒီလေးကတော့ သူ့ရဲ့ ပိတုန်းရောင်မှောင်မှောင်နှင့် ပျော့ပျောင်းစင်း အုပ်ခဲ့အိတုန်နေသော ဆံပင်ရှည်ရှည်လေးကိုသာ အမြတ်တနိုး တန်ဖိုးထားနေဆဲပါ။

ခေတ်မမီဘူးလို့ဆိုချင်လည်းဆို။

သဘာဝဆံပင်အရောင်လေးကိုသာ ဒဏ္ဍာရီက နှစ်သက်၏။ ပြီးတော့ ဆံပင်ကို အဖျားမှာ ညီညီတိတိလေးပဲ သူမကြိုးပင်

www.burmeseclassic.com

www.burmeseclassic.com

သည်။ အချွန်အမျှင်တွေ တူးစတက်၊ သရီးစတက်တွေ မကြိုက်သလို စပရိန်ကောက် ရေစိုအကောက်တွေလည်း မနှစ်သက်။

သူမရဲ့ဆံပင်ဟာ ဖြောင့်စင်းပြီးသားမို့ ဖြောင့်ဆေးနှင့်ဖြောင့်ဖို့လည်း မလိုအပ်ဘူးဟု ယူဆသည်။

ရှေ့ဖက်နဖူးပေါ်ချထားတဲ့ ဆံယဉ်စမျှင်မျှင်လေးတွေကိုသာ ကိုယ့်ဘာသာ အိမ်မှာမှန်ကြည့်ပြီး တိချင်တိသည်။ နောက်ဖက်က တင်ပါးဖုံးလုအောင် ရှည်လျားနေသော ဆံပင်တွေကိုတော့ ဘယ်တော့မှ တိုတိုညှပ်မပစ်။

ဒဏ္ဍာရီရဲ့ အရပ်က ငါးပေငါးလက်မရှိပြီး ကိုယ်အလေးချိန်က ပေါင်တစ်ရာ့တစ်ဆယ်မို့ ဂါဝန်ပဲဝတ်ဝတ်၊ ဘောင်းဘီပဲဝတ်ဝတ် အချိုးကျကြည့်ကောင်းသည်။

ကိုယ်လုံးသွယ်သွယ်လျလျလေးမှာ အပိုအလိုမရှိတဲ့ ဖန်းပုရပ်ထုလေးလို သွန်နေရာနှင့်သူ လှပသေသပ်ပြီး ကောက်ကြောင်းလေးက နွဲ့နှောင်းသည်။ အသားအရေကလည်း ဖြူနုဝင်းဥနေတာမို့ ဒဏ္ဍာရီဆိုတာ မိန်းမချောစာရင်းဝင်လေးပါ။

ဗီတာမင်အီးလိမ်းဆေးကို ရီလေးက ဆံပင်လေးတွေ





ရှေ့ဖက်ဆွဲယူပြီး သေချာဖွဖွလိမ်းနေသည်။

ဆံပင်သား ကောင်းမွန်အောင်တော့ သူမက ဂရုတစိုက်ပြုစုယုယဟတ်သည်။

သူမ ဤသို့အေးအေးလူလူ ချမ်းမြေ့စွာရှိနေသော ညနေခင်းမှာ မထင်မှတ်သော တံခါးတွန်းဖွင့်သံတစ်ခုက ပေါ်ထွက်လာ၏။

နောက်ဖက်သို့ ဖျတ်ခနဲ လှည့်ကြည့်မိစဉ်···

"ဟင်···နင်ဘာလာလုပ်တာလဲ ဦးနေစိုး"

"ဟိုဟာပါ၊ ရီရီ့အခန်းမှာ မီးလုံးကျွမ်းသွားတယ်ဆိုလို့လာကြည့်တာ"

ကောင်မလေးက အသံမာမာနှင့် လှမ်းမေးသဖြင့် နေစိုးက ပြုံးကျဲကျဲလုပ်ကာ အကြောင်းပြလိုက်သည်။

ထိုသို့ စပ်ဖြီးဖြီးလုပ်တတ်သော အမူအရာကို ရီလေးအမုန်းဆုံးပင်။

"ဘာမီးလုံးမှ မကျွမ်းဘူး၊ ကျွမ်းလည်း ရှင်လာကြည့်စရာမလိုဘူး၊ နောက်တစ်ခါ ကျွန်မအခန်းထဲကို ဘာကြောင့်မှ



www.burmeseclassic.com

www.burmeseclassic.com



ဝင်မလာဝါနဲ့"

သူ့ထံ စူးစူးရဲရဲကြည့်လျက် ပြတ်ပြတ်သားသား ပြောလိုက်ပါန်ကြောင့် နေစိုး အောင့်သက်သက်ဖြစ်သွားရ၏။

ဘယ့်နှယ် တစ်အိမ်တည်းအတူတူ မိသားစုလိုနေကြတာကပဲ။

ဒဏ္ဍာရီက မာနကြီးပြီး သူ့ကို မတူမတန်သလို ဆက်ဆံတာကို နေစိုး ခံရခက်လွန်းသည်။

"ဘာကြည့်တာလဲ၊ ရှင်အခုထွက်သွား"

"ကိုယ် ရီရီ့ကို ဘာလုပ်လို့လဲ"

"အောင်မာ် စကားကရှည်နေသေးတယ်၊ သွားဆိုသွားလိုက်တော့"

"နေရင်းထိုင်ရင်း ကိုယ့်ကိုမြင်တာနဲ့ စိတ်တိုနေပါလား"

"ဟုတ်တယ်၊ ဘာဖြစ်လဲ၊ မြင်ကိုမမြင်ချင်ဘူး"

"ကိုယ်ကတော့ ရီရီ့ကို သဘောကျတယ်"

"ဘာ"

"စိတ်မဆိုးပါနဲ့၊ မိသားစုတွေပဲဖြစ်နေကြပြီ"





"ရှင်အပိုတွေလာမပြောနဲ့"

"ရီရီက ချစ်ဖို့ကောင်းတယ်"

မျက်နှာပြောင်ပြောင်နှင့် ချစ်ဖို့ကောင်းတယ်လေးဘာလေးဆက်လုပ်နေသေးသည်။

ဒဏ္ဍာရီသည် မှန်တင်ခုံမှာထိုင်နေရာက ဆတ်ခနဲမတ်တပ်ရပ်ပြီး

"ရှင်စကားပြောတာကြည့်ပြော၊ ဘာချစ်ဖို့ကောင်းတာလဲ၊ ရှင့်ဘာသာသွားသေလိုက်"

"ဟ…စွာလှချည်လား"

"ရှင်နဲ့မပတ်သက်ချင်ဘူးဆိုတာ နားမလည်ဘူးလား"

သူမ မုန်းတီးခါးသီးစွာ မေးလိုက်သည်။

နေစိုးသည် မျက်နှာပျက်လည်း တစ်ခဏသာ။ ပြီးလျှင်ပြိတ်တီစပ်ဖြီးဖြီးရုပ်က ပြန်ဖြစ်လာပါသည်။

ဘယ်လိုပြောပြော နားလည်းမနာတတ်။

ငါ့နှယ် ဘယ်လိုလူစားတွေနဲ့ လာတွေ့နေပါလိမ့်။

တစ်အိမ်တည်း အတူတူနေစေတဲ့ ဖေဖေ့ကိုပဲ ဒေါသက



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်သည်။ ဒဏ္ဍာရီဘာသာဆိုလျှင် ဒီလိုဆက်ဆံရခက်ပြီး မှန်းတီးစရာကောင်းတဲ့ လူစားမျိုးတွေနှင့် ဘာမှဆက်ဆံပတ်သက်စရာမလို။

"ရီရီက မပတ်သက်ချင်ပေမယ့် ကိုယ်က ခင်မင်ချင်တယ်လေ"

"ဖေဖေ နေရာပေးထားတယ်ဆိုပြီး ရောင့်တက်မလာနဲ့နော် ဦးနေစိုး၊ ကျွန်မလက်က ပါးမရွေးဘူးနော်"

နေစိုးက သူမကို ခြေဆုံးခေါင်းဖျား စုန်ဆန်ကြည့်နေမိသည်။

တံခါးဝကနေ ပြန်မလှည့်နိုင်။

သူမစိတ်ဆိုးမာန်ဆိုး ပြောနေပုံလေးကပင် သူ့စိတ်တွေကို ပိုထိုးဆွနေသလို ခံစားရသည်။

ရုပ်ကလေးနှင့်မှ မလိုက်အောင် မောက်မာခက်ထန်လှပါလား။

ဒီလိုမောက်မာရိုင်းပျတဲ့ နှုတ်ခမ်းလေးကို မှတ်လောက်သားလောက်အောင် ပညာပေးလိုက်ချင်စိတ်နှင့် နေစိုး အူယားနေ





သည်။

မခံချိမခံသာဖြစ်ပေမဲ့ ဘာမှမခံစားရသလို နေစိုးက ရယ်သွမ်းသွေးလိုက်သည်။

"ဟဲ…ဟဲ…ဟဲ ပါးမရွေးဘူးဆိုတာ ဘာကိုပြောတာလဲ"

"နားမလည်ဘူးလား၊ ပါးကျိုးချင်လို့လား၊ ဟုတ်လား"

"ရီရီ ရိုက်ရက်မယ်ဆိုရင် ကိုယ်ခံရဲပါတယ်"

တကယ့်ကို မျက်နှာရှူး။

အခန်းဝကနေ လှည့်မထွက်ဘဲ ခုထိ ပေကပ်ရပ်နေတုန်း။

"ကျွန်မ ဒေါသထွက်အောင် မလုပ်နဲ့နော်"

သူမ တကယ်ပါးတီးပစ်ချင်နေပြီ။

ဒီလူကို မျက်နှာချင်းဆိုင်ရတိုင်း ဒဏ္ဍာရီ အော်ဂလီဆန်ရွံ့မုန်းမိသည်။

သူတို့မောင်နှမနှစ်ယောက်လုံးကို ရင်ထဲ ခုထိအခဲမကျေ။ ဒေါ်မှုယာစိုးက ဖေဖေ့ကို ဖျားယောင်းပြီး အရကြံအပိုင်ဖမ်းသလို မောင်တော်စပ်ပါတယ်ဆိုပြီး နေစိုးကိုပါ သူမတို့အိမ်ပေါ်တင်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

ဒီလောက် လူပါးဝတဲ့သူကို ဘယ်နေ့ ရီရီအကြောင်းပြမ်မလဲမသိချေ။ စိတ်တွေကို အတော်ထိန်းချုပ်ထားရသည်။

ဖေဖေက အမွေမခွဲပေးသေးတော့ ဒီအိမ်ပေါ်ကဆင်းလည်း ဆင်းမသွားနိုင်။ ဖေဖေ့ကို သူ့စိမ်းတွေလက်ထဲ မထားခဲ့နိုင်တာလည်းပါပါသည်။ ကိုယ်ပိုင်ဆိုင်တဲ့ စည်းစိမ်တွေ တပါးသူတွေလက်ထဲလည်း အရောက်မခံနိုင်။

သူတို့မောင်နှမရဲ့ ရည်ရွယ်ချက်နှင့် အကြံအစည်က ဘာလဲဆိုတာ ဒဏ္ဍာရီ ကောင်းကောင်းသိနေသည်။

ဖေဖေ့ကို ခုတုံးလုပ်ပြီး ဒီအိမ်မှာ အိမ်ကြီးရှင်လို အကျွေသား လာနေကြတာ။

ဒီကြားထဲမှာ နေစိုးက မျက်နှာပြောင်တိုက်ပြီး သူမကို ဖရော်ပရီ သွေးတိုးစမ်းချင်သေးသည်။

"ရိုက်ချင်ရိုက်လေ"

သူက ပါးပြင်ကိုထိုးပေးနေသေး၏။

"မရိုက်ရဲဘူးထင်နေသလား"

ဝိုး မိုး ၁၁၄ပ



သူမ လက်ကိုမြှောက်ကာ ရိုက်ဖို့ရွယ်လိုက်စဉ်

"မောင်နေစိုးရေ"

အပြင်ဖက်ကနေ ဒေါ်စောအသံကို ကြားရ၏။

နေစိုး အပေါ်ထပ်တက်သွားတာ မြင်လိုက်သဖြင့် မီးဖိုချောင်က လုပ်လက်စအလုပ်တွေ ထားရစ်ခဲ့ပြီး လိုက်တက်လာတာ။

အခြေအနေလာကြည့်တာ။

အခုတော့ ထင်တဲ့အတိုင်းပင်။

နေစိုးက သမီးလေးဒဏ္ဍာရီ အခန်းထဲ ခေါင်းပြူကာ တစ်ကိုယ်လုံးဝင်တော့မတတ် ဖြစ်နေတာတွေ့ရသည်။

ဒါကြောင့် နောက်နားကပ်ကာ အကျယ်ကြီးခေါ်လိုက်တာဖြစ်သည်။

"ဟာ"

သူနောက်ပါးသို့ ရုတ်တရက်ရောက်လာတဲ့ ဒေါ်စောကို နေစိုးက မကျေမနပ်လှည့်ကြည့်လိုက်သည်။

"ဘာလဲအဒေါ်ကြီး - ဘာကိစ္စလဲ"

"ညနေစာ ထမင်းစားတော့မလား မေးဟာပါ"

ဝိုး မိုး ၁၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



"မစားသေးဘူး၊ သွား သွား ထမင်းစားဖို့ လာလာမခေါ်နဲ့၊ စားချင်ရင် ကျုပ်ဘာသာလာခဲ့မယ်၊ ကြားလား"

နေစိုး ဒီလိုဟောက်လိုက်ပေမဲ့ ခေါ်စောက လှည့်ထွက်မသွား။

"ခေါ်ကြီးစော ဝင်လာခဲ့"

"အေး…အေး"

ဒဏ္ဍာရီ လှမ်းခေါ်လိုက်တော့ အတော်ပင်ဖြစ်သွားပါ၏။ နေစိုးက အခန်းဝကနေ မဖယ်ပေးချင်သလို ဖယ်ပေးလိုက်ရသည်။

"ဒုန်း"

ခေါ်ကြီးစော အခန်းထဲရောက်တာနှင့် ဒဏ္ဍာရီက အခန်းတံခါးကို ဒုန်းခနဲအသံမြည်အောင် ဆောင့်ပိတ်ပစ်လိုက်သည်။

"ဟဲ့…ဟဲ့ ဖြည်းဖြည်းလေ"

"မဖြည်းနိုင်ဘူး ခေါ်ကြီးစောရဲ့၊ အဲဒီနှာဘူးကို ရီရီပါးရိုက်မိတော့မလို့"

"မလုပ်ပါနဲ့သမီးရယ်၊ တော်ကြာ သမီးဖေဖေနဲ့ ပြဿနာတွေ တက်နေပါ့မယ်"





"သူ့အချိုးကို ရီရီ သည်းမခံနိုင်တော့ဘူး သိလား"

"သမီးဖေဖေနဲ့ တိုင်ပြောပေါ့"

"အခန်းထဲထိ ဝင်လာဖို့ကြံနေတယ် တွေ့လား"

"အေးပါ၊ ကြီးစောမြင်ပါတယ်"

"ဖေဖေကလည်း ရီလေးကို ဦးနေစိုးနဲ့ သဘောတူချင်နေတယ်"

"အေး…အဲဒါပဲပြောမလို့"

"ဒီလိုဟာကြီးတော့ သဘောင်မယူသေးဘူး၊ ဟွန်း"

"မနေ့က မမှုယာက သမီးအဖေကို အဲဒီကိစ္စ တိုက်တွန်းနေတယ်"

"ဘာရယ်"

"မောင်လေးနဲ့ သမီးကိစ္စ စီစဉ်ပေးချင်တယ်တဲ့"

"အောင်မာ သူကပဲ ရာရာစစ"

"သူကတော့ ချွဲနွဲ့ပြီး နားသွင်းနေတာပဲ"

"ဖေဖေက ဘာပြောလဲဟင်"

"ရီလေးနဲ့ ဆွေးနွေးကြည့်မယ်တဲ့၊ သူပဲအဖေ သူပဲအမေ



www.burmeseclassic.com

www.burmeseclassic.com

လိုဖြစ်ခဲ့တော့ ပွင့်ပွင့်လင်းလင်း ပြောရမှာပဲတဲ့"

"ဖေဖေက ဒီလိုပြောတယ် ဟုတ်လား"

"ဖအေကိုတော့ စိတ်မဆိုးပါနဲ့ ရီလေးရယ်၊ တော်ကြာ ငရဲငအုံတွေ ကြီးနေပါ့မယ်၊ ကိုယ်က မိန်းကလေးပဲ၊ အလိမ္မာသုံးပြီး ငြင်းပေါ့ကွယ်"

"အမယ်လေး ဒီလိုဟာတွေက ယဉ်ယဉ်ကျေးကျေးလေး သွားငြင်းလို့ ရမယ်ထင်နေလား၊ ပက်ပက်စက်စက်ကို ပြောပစ်မှ ရမှာ"

"သမီးရယ်"

ဒေါ်ကြီးစောက ညည်းညူလိုက်သည်။ ဒီအိမ်မှာ အိမ်ထောင်ထိန်းလုပ်လာတာ ကြာပြီဆိုတော့ ဒေါ်စောက မိသားစု အတွင်းရေးတွေအားလုံးလိုလို သိနေသည်။ ကိုယ်တိုင်လည်း မြင်နေကြားနေရသည်မဟုတ်လား။

ဖေဖေ တစ်နေ့ ဒီလိုပုံစံတွေ လုပ်လာမယ်ဆိုတာကိုသာ ကြိုသိခဲ့ရင် ဒဏ္ဍာရီ အစကတည်းက ဖေဖေနှင့်လိုက်လာခဲ့မှာ မဟုတ်ပါ။



ဖေဖေနှင့်မေမေ လမ်းခွဲပြတ်စဲကြတုန်းက ဒဏ္ဍာရီ သိပ်ငယ်သေးသည်။

အများအမှန်ကိုလည်း ခွဲခြားနားမလည်သေးပါ။

မိဘတွေ ကွာရှင်းပြတ်စဲကြတဲ့အခါ တကယ်တမ်း အနစ်နာခံစထေးကြရတာက သားသမီးတွေရဲ့ဘဝပဲဆိုတာ အခုမှပဲ နားလည် သိမြင်တတ်လာခဲ့သည်။

မိခင်မေတ္တာမဲ့စွာ ကြီးပြင်းလာရသောဘဝကို ဒဏ္ဍာရီ ခံစားနာကျင်တတ်ခဲ့ပြီလေ။

သို့သော် အထီးကျန်ဖြစ်နေသော ဖခင်ကြီးအား အပြစ်မမြင်ရက်ခဲ့ပါ။ စိတ်သဘောထားချင်း မတိုက်ဆိုင်လို့ လမ်းခွဲကြတာဟာ သူတို့အပြစ်မှမဟုတ်တာပဲဟု ဖြေသိမ့်နားလည်ပေးခဲ့သည်။

ယခုတော့ ဖေဖေက ဒဏ္ဍာရီ လုံးဝမထင်မှတ်သောကိစ္စကို ရုတ်တရက် အကောင်အထည်ဖော်လာခဲ့သည်။ ဖေဖေပိုင်တဲ့ အိမ်ဆောက်ပစ္စည်းဆိုင်တစ်ခုမှာ ဒေါ်မူယာစိုး ရောက်လာကတည်းက ရီရီ စိတ်ထင့်ခဲ့တာပဲ။ ထိုမိန်းမကြီးရဲ့ ညို့မြူသောမျက်လုံးနှင့် မာယာပါသောအပြုံးကို လုံးဝကြည့်မရခဲ့။ ဖေဖေ့ကို သူဆက်ဆံပုံ





www.burmeseclassic.com

www.burmeseclassic.com



ကလည်း ပျစ်ချွဲချွဲနှင့် ပုံမှန်မဟုတ်။

သိပ်မကြာခင်ပဲ ဖေဖေ သူ့ရဲ့မာယာပရိယာယ်အောက်မှာ ကျဆုံးနစ်မြုပ်သွားည်။ ဘ၀ထဲထိ လက်ဆွဲခေါ်လာခဲ့သည်။

တရားဝင်လက်ထပ်ပြီး ဒဏ္ဍာရီတို့အိမ်ကြီးပေါ်ထိ အလို လိုက်အကြိုက်ဆောင်ကာ အရေးတယူခေါ်တင်လာခဲ့တာပဲကြည့်။

"သမီးအခန်းကို သော့ချပြီးပိတ်တဲ့အကျင့် လုပ်ပေါ့ ကွယ်"

ဒေါ်ကြီးစောက အကြံပေး၏။

တစ်သက်လုံး စိတ်ကြိုက်နေထိုင်ခွင့်ရခဲ့ပြီးမှ ကိုယ့်ဘ၀ လုံခြုံမှုတွေ တစ်ခဏနှင့် ပျက်ပြားဆုတ်ယုတ်သွားတာကို ယူကျုံးမရ ဝမ်းနည်းလှိုက်နှင့်လာမိသည်။

ဒဏ္ဍာရီ၏ မျက်ဝန်းအိမ်မှာ မျက်ရည်ကြည်တို့ အိခနဲ ဝိုင်းဖွဲ့လာသည်။

သူမ ဒီကိစ္စကို ဘယ်လိုကိုင်တွယ်ရမလဲ။

ဘယ်လိုဖြေရှင်းရမလဲ။

စဉ်းစားဆုံးဖြတ်လို့ မရခင်မှာပဲ ဦးနေစိုးက တစ်စတစ်စ





အတင့်ရဲလာပြီ။

နုတ်ခမ်းလေးကို ဖိကိုက်ငြိမ်သက်ရင်း မျက်ရည်ရစ်ဝဲ လာသော ဒဏ္ဍာရီကို ဒေါ်စောက ကြင်နာစွာကြည့်နေသည်။

အင်း သူစိမ်းတွေဖက်လာတော့လည်း သိပ်ချစ်ကြတဲ့ ဖအေနဲ့သမီးကြား စိတ်ဝမ်းကွဲမှုတွေ၊ အထင်အမြင်လွဲမှားမှုတွေ နာကြည်းမှုတွေ ပေါ်ပေါက်လာခဲ့ပြီလေ။

ဒေါ်စောလည်း တရားရနေမိပါသည်။

ဖြည့်စုံချမ်းသာသော တစ်ဦးတည်းသောသမီးလေး ဒဏ္ဍာရီရဲ့ ဘ၀ဟာ နေ့ချင်းညချင်းမှာ မတူညီတဲ့ အခြေအနေတွေ ဖြစ်ပေါ်လာပြီး အားကိုးတိုင်ပင်စရာပင် အဖော်မဲ့သွားသလိုဖြစ်ရှာ သည်မဟုတ်လား။

စိတ်သဘောမနော ဖြူစင်အေးချမ်းတဲ့ ဒဏ္ဍာရီကို ဒေါ်စောက သမီးလေးကဲ့သို့ပင် ချစ်ခင်ကြင်နာမိပါသည်။

ရီရီ စိတ်ဆင်းရဲနေတာမြင်တော့ ဒေါ်စောလည်း စိတ်မချမ်းသာ။ သို့သော် မိသားစုအတွင်းရေးထဲ ကိုယ့်မှာ ဝင်ပြော ဆိုပိုင်ခွင့်လည်း မရှိဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



"ရီရီက ကိုယ့်အိမ်မှာကိုယ်နေပြီး သူ့ကိုကြောက်နေရမှာလား ဒေါ်ကြီးစောရဲ့၊ ဒါဟာ ပုံမှန်မဟုတ်ဘူး၊ ပြောင်းပြန်ဖြစ်နေပြီလို့ မထင်ဘူးလား"

ဒေါ်စောက ဖြေးလေးစွာ ခေါင်းညိတ်သည်။

"ဒါပေမဲ့ ဖေဖေက ရီလေးကို မချစ်တော့ဘူး၊ ဒေါ်မူယာကိုပဲ ဂရုစိုက်အချိန်ပေးနေတယ်၊ ရီလေးရင်ထဲမှာ ဘာတွေဖြစ်နေလဲ ဘာတွေခံစားနေရသလဲ သူမသိတော့ဘူး"

ပြောရင်းက ဒဏ္ဍာရီရဲ့ရင်ထဲမှာ ငိုချင်စိတ်ပြင်းပြမိ၏။

"ရီလေးပဲဖြစ်ဖြစ် ဖေဖေက လျစ်လျူရှုလိုက်ပြီ ဒေါ်ကြီးစော"

"ဒီလိုတော့လည်း မဟုတ်ပါဘူးကွယ်"

ဒဏ္ဍာရီကတော့ အခုအိမ်မှာ ကိုယ်က သားကိုရောက်နေပြီး ဟိုမောင်နှမနှစ်ယောက်ပဲ အစစအရာရာ ကြီးစိုးလာတာ သတိထားမိသည်။

နောက်ဆုံး ဒဏ္ဍာရီကို သူ့မောင်နေစိုးနှင့် သဘောတူလက်ထပ်ပေးဖို့အထိပင် ဒေါ်မူယာက ဖေဖေ့ကို ဖိအားပေးတောင်းဆိုလာခဲ့ပြီ။





ရီရီ ဘယ်လောက်ထိ သည်းခံနိုင်မည်ဟု ကိုယ့်ဘာသာမသေချာ။

ဒီကိစ္စနှင့်ပတ်သက်ပြီး တစ်နေ့နေ့တော့ ပေါက်ကွဲမိလိမ့်မည်။

ရီရီက ဖေဖေ့မျက်နှာထောက်ပေမဲ့ သူတို့ကလည်း ဒီဖေဖေ့မျက်နှာကိုပဲ အကာအကွယ်ယူ ရောင့်တက်ပြီး ထင်တိုင်းကြဲနေတာ။

"ဒီလောက်လည်း အားမငယ်ပါနဲ့ဦးသမီးရယ်"

"ဒေါ်ကြီးစော မသိပါဘူး"

"သမီးခံစားရတာ ဒေါ်စောနားလည်ပါတယ်ကွယ်"

"ရီတော့ ဖေဖေနဲ့ရှင်းရမယ်"

"ဘယ်လိုရှင်းမှာလဲ"

"ရီ ဒီအိမ်မှာ ဆက်မနေချင်တော့ဘူး၊ တစ်နေ့ရာရာကိုထွက်သွားမှဖြစ်လိမ့်မယ်"

"အို သမီးနယ် ဒီလိုစိတ်လိုက်မာန်ပါ လုပ်လို့ဘယ်ဖြစ်မလဲ၊ သမီးဖက်က အရှုံးပေးရာရောက်မှာပေါ့"

ဒဏ္ဍာရီ့စကားကြောင့် ဒေါ်စောက မျက်လုံးပြူးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူမရင်ထဲက လောင်မြိုက်နေတဲ့ ဝေဒနာကို သူမပဲသိသည်။

ဒေါ်မူယာကိုရော ဦးနေစိုးကိုရော သူမ လုံးဝမမြင်ချင်။ မျက်နှာချင်းလည်း မဆိုင်ချင်။

ဒီလိုသာ တစ်အိမ်တည်းအတူတူ ဆက်နေရမည်ဆိုလျှင် တစ်နေ့နေ့မှာ ပြဿနာတက်မှာက သေချာနေသည်။

အနည်းဆုံးတော့ ဦးနေစိုးကို ရှုံ့မှန်းခါးသီးတယ်ဆိုတာ ဖေဖေသဘောပေါက်အောင် ပြောရမည်။

"ဘာပဲဖြစ်ဖြစ် စိတ်အေးအေးထားပြီးသာ ဖြေရှင်းပါ သမီးရယ်နော်၊ သားအဖချင်း ပြေလည်အောင် ပြောပေါ့"

"အင်းပါ"

သူမကို စိတ်မချသလိုမှာနေတဲ့ ဒေါ်စောကို ခေါင်းညိတ်ပြလိုက်သည်။

ဒီည ဖေဖေနှင့် စကားပြောဖို့ ဒဏ္ဍာရီ တွေးထားလိုက်ပါသည်။

◆ ◆ ◆



ညစာထမင်းစားပြီးချိန်ထိ ဒေါ်မူယာက ဖေဖေ့နားက လုံးဝမခွာပေ။

ပန်းကြီး သေးသေးမှျင်မှျင်လေးသာပါသော ဂါဝန်ကိုယ်ကျပ်လေးကို ကလက်တက်တက်ဝတ်ကာ ဖေဖေ့နားမှာ ကန့်ကလျ ပူးကပ်ထိုင်နေသည်။

သမီးတစ်ယောက်လုံးရှေ့မှာ အမြင်မသင့်တော်တာ နားမလည်ဘူးလားမသိပါ။

ဒါမှမဟုတ် ဒဏ္ဍာရီကို တမင်အရွဲ့တိုက်ပြနေတာပဲ ဖြစ်မည်။

"ကိုကြီး"

"ဗျား"

ဖေဖေ့ထူးသံကြီးကလည်း အချိုမြုံနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒဏ္ဍာရီရင်ထဲမှာ အမြင့်ကပ်၊ နားကြားပြင်းကပ်ခြင်းတွေသာ တဖွားဖွား ပေါ်ပေါက်နေရသည်။

"ကြက်မောက်သီးလေးစားဦးနော်"

"တော်ပြီမှုယာရယ်၊ ဗိုက်တင်းနေပြီ"

"အို ကိုကြီးကလည်း စားပါဆို၊ ဟ ဟ"

ဖေဖေ့ပါးစပ်ထဲ အတင်းခွံ့နေ၏။ မစားချင်ပါဘူးငြင်းနေတာပင်မရ။

"ဖေဖေ"

"ဟေ"

ဒဏ္ဍာရီက ခပ်တင်းတင်းခေါ်လိုက်သည်။

"ရီရီ ဖေဖေနဲ့ စကားပြောချင်တယ်"

"ပြောလေသမီးရဲ့ ဘာများလဲ"

ဒေါ်မှုယာစိုးက မျက်လွှာပင့်လှန်၍ သူမကို ခပ်ရှုးရှုးတစ်ချက်ကြည့်သည်။

သူ့အကြည့်က ဘာများ အရေးတကြီးပြောမှာလဲဆိုတဲ့အကြည့်။





"ဒီမှာ ဒေါ်မှုယာ ကျွန်မဖေဖေနဲ့ ပြောစရာရှိတယ်"

သူမက အားမနာနေတော့ဘဲ ပြောချလိုက်သည်။

"အဲဒီတော့"

"ဒေါ်မှုယာ ခဏထွက်သွားပေးပါ"

"အံမယ်လေးဟယ် ကြီးကျယ်ရန်ကော"

"ဘာပြောတယ်၊ ဒေါ်မှုယာ လူမှုရေးနားမလည်ဘူးလား"

"ညည်းစကားက မလွန်ဘူးလား"

"မှုယာ"

ဖေဖေက တစ်ချက်ဟန့်၏။

ဇနီးအသစ် ပူပူနွေးနွေးနှင့် သမီးဖြစ်သူတို့ မသင့်မြတ်မှာ၊ ရန်စောင်ကြမှာ မလိုလားတဲ့မျက်နှာနှင့်။

"လူဆိုတာ အလိုက်သိရတယ်၊ ကိုယ့်နေရာကိုယ်နားလည်ရတယ်"

"ဟင် ကြည့်စမ်း ကိုကြီးသမီးပြောတဲ့ပုံကို ကြည့်ပါဦး"

"သမီး"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်နေရာကိုယ်ဆိုတဲ့ ဒဏ္ဍာရီစကားကြောင့် မိတွေးဖြစ်သူမှာ ဆတ်ဆတ်ခါလျက် အရှိုက်ထိသွားပုံပေါ်၏။

ဖေဖေ့ဖက်ကို အားကိုးတကြီး လှည့်တိုင်သည်။

"ကိုကြီးသမီးက မူယာ့ကို အလကားနေ ရန်လိုဇော်ကားနေတယ်"

"အပိုမပြောပါနဲ့၊ ကျွန်မက ထွက်သွားခိုင်းတာလေ၊ ရှင်ထွက်သွားရင် ပြီးရောပေါ့ ဒေါ်မူယာရဲ့၊ ဘာကြောင့် ဒီမှာဆက်ပြီး ကပ်ထိုင်နေတာလဲ"

"ဟင် နှင် နှင်"

"ရှင့်ဘာသာ အရှက်မရှိ ပေကပ်ထိုင်နေတာပဲလေ"

"ရီရီ"

ဖေဖေက အသံမာမာနှင့် ဝင်ဖြတ်ခေါ်လိုက်၏။

ငယ်ငယ်ကတည်းက ဒီလိုလေသံမာနှင့် မအော်မငေါက်ဖူးတာမို့ ဒဏ္ဍာရီ ဆတ်ခနဲ တစ်ချက်ဖြစ်သွားရ၏။

ဖေဖေ့ကိုကြည့်လိုက်တော့ ဒဏ္ဍာရီ့ကို ဒေါသမျက်လုံးတွေနှင့် စူးစိုက်ကြည့်နေတာ တွေ့ရသည်။





"ရီရီက အေးအေးဆေးဆေး စကားပြောမလို့ပါ"

"ဒါက နင်ခွင့်တောင်းတာပေါ့ ဟုတ်လား"

ဖေဖေက လေသံမာဆတ်ဆတ်နှင့် ပြန်မေးသည်။

ဖေဖေ့မျက်နှာထား ခက်ထန်တင်းမာသွားပုံမှာ ဒဏ္ဍာရီမမြင်ဖူးသေးသောမျက်နှာ။

ဓနီးအသစ်ဖက် ပေါ်တင်ဘက်လိုက်သော မျက်နှာထား။

ဒဏ္ဍာရီနှလုံးသားမှာ နာကျင်ခံခက်သွားရ၏။

ရင်ဆိုင်ဖို့ စတင်လိုက်တာပင် သူမမှားသွားပြီလားဟု မယုံနိုင်အောင် ဖြစ်ရသည်။

သားအဖချင်း စိုက်ကြည့်နေစဉ်မှာ တရှုံ့ရှုံ့နှင့် စတင်ငိုရှိုက်လိုက်သူမှာ ဒေါ်မူယာပင်။

"အဟင့် ဟင့် ကိုကြီးသမီးက မူယာ့ကို ကိုကြီးနားမှာ မြင်ကိုမမြင်ချင်တာပါ၊ သူမကျေနပ်ဘူး၊ မူယာ ဒီအိမ်မှာကို မနေစေချင်တာ၊ မူယာသိပါတယ်၊ မူယာတို့က မျက်နှာငယ်နဲ့ အိမ်ပေါ်တက်လာခဲ့တာပါ၊ အနှိမ်ခံဘဝပါ၊ သားအဖတွေကြားထဲလည်း မထိုင်ရဲပါဘူး၊ လူရာမဝင်ပါဘူး၊ မူယာ ထွက်သွားဆို ထွက်သွားပါ့



www.burmeseclassic.com

www.burmeseclassic.com



မယ် ကိုကြီးရယ်''

သူက မျက်ရည်လည်ရွဲနှင့် အမူအရာပို ချဲလိုက်သောအခါ ဖေဖေက သွေးဖနီးပခုံးလေးကို ပြန်ဆွဲကာ ဖိထိုင်စေသည်။

အမလေးဟဲ့ ဖြစ်နေလိုက်တာ။

ဒဏ္ဍာရီက နှုတ်ခမ်းလေးကို မဲ့ရွဲ့လိုက်သည်။

''ရီရီ နင်အိမ်မှာ ဘာတွေဖြစ်နေလဲ၊ မူယာ့ကို နင် အသား လွှတ်ရန်လုပ်နေတယ်ပေါ့ ဟုတ်လား''

''ရှင့်ကို ကျွန်မဘာပြောလို့လဲ၊ သားအဖချင်း ကြားမှာ သိပ်မူယာမာယာမများပါနဲ့၊ ရန်မတိုက်ပါနဲ့၊ လာပြီး ပဲများမနေနဲ့''

''ကိုကြီးသမီးက သိပ်ရိုင်းတာပဲတွေ့လား''

''ရီရီ ငါအဖေတစ်ယောက်လုံးရှေ့မှာ နင်ဘယ်လိုဖြစ်နေ တာလဲ''

''ရီရီ ဘာရိုင်းလို့လဲ၊ သူ့ရဲ့ တစ်ဖက်သတ်စကားကို ဖေဖေ စွတ်ယုံမနေပါနဲ့''

''ဟင် အဖေကိုလည်း ညည်းက ပြန်ပြောရဲလား၊ အံ့ပါ့ ကိုကြီး သူ့ကို ဒီလိုပဲလွှတ်ထားတော့မှာလားဟင်၊ မူယာ ဒီလို





သည်းခံနေရမှာလား၊ ကိုယ့်သမီးအရွယ်လေးက ကိုယ့်ကို ပမာမခန့် ဆက်ဆံနေတာ သိပ်ခံရခက်တယ် သိလား''

''သူက ကလေးပါမူယာရယ်၊ သူစကားပြောမတတ်လို့ ပါကွာ၊ ဘာမှစိတ်ထဲမထားပါနဲ့''

အရေးထဲ ဖေဖေက သွေးဖနီးလေးကို မျက်စိပျက်မျက်နှာ ပျက်နှင့် ချော့မော့နေပါသေးသည်။

မြင်ရကြားရချက်ကဖြင့် စိတ်မသက်သာစရာပါလား။

''စိတ်ထဲမထားလို့ရမလားလို့၊ သူက မူယာကိုဆို အဖက် မတန်သလို မတူမတန်သလို နှိမ်ပြီး ပြောဆိုဆက်ဆံနေတာကို ကိုကြီးအမြင်ပဲ မဟုတ်လား''

''အေးပါကွာ ကိုကြီးဆုံးမပါ့မယ်''

လိုတာထက်ပိုပြီး ထပ်ကဲလိုက်သောအခါ ဖေဖေက မှာမှာသလဲ ကတိပေးလိုက်ပါသည်။

ဖေဖေ့ပုံစံက ဒီဖနီးသည်ကြောက်ဖို့သာ လောကမှာ အရေး အကြီးဆုံးဆိုတဲ့ပုံစံ။

ထိုအခါမှာ ရင်ထဲက တကယ်လှိုက်လှိုက်လှဲလှဲ ဝမ်းနည်း



www.burmeseclassic.com

www.burmeseclassic.com



နာကျင်ပြီး ငိုချင်လာရသူက ဒဏ္ဍာရီ။

ဖေဖေ သူ့ဖက်လုံးလုံးပါနေပြီ။

ပါနေတာမှ တစ်ရာမှာတစ်ရာ ရာနိုင်နှုန်းအပြည့်။

ရီရီ့မှာ ဖေဖေနှင့် နှစ်ယောက်ချင်း လွတ်လွတ်လပ်လပ် စကားပြောခွင့်ရဖို့ပင် အခွင့်အလမ်းမရှိတော့ဘူးလား။

ရီရီ့ဘဝအခြေအနေဟာ ဒီလိုထိတောင် ဖြစ်သွားရပြီလား ဖေဖေရယ်။

နာကြည်းမျက်ရည်တွေက ဒဏ္ဍာရီမျက်လုံးထဲ ရစ်ဝိုင်းလာသည်။

သို့သော် သူမ အံကလေးသာ တင်းတင်းကြိတ်လိုက်မိသည်။

ဒီမိန်းမကြီး အနိုင်ယူတာ သည်းမခံနိုင်။

“ဘာသမီးအရွယ်လဲ၊ တန်ရာတန်ရာပြောစမ်းပါ၊ မိထွေးက မိထွေးပေါ့၊ ကျွန်မအမေနေရာကို ဘယ်တော့မှမရဘူးမှတ် ဒီအိမ်မှာ ရှင့်ကိုယ်ရှင် သခင်မလိုလို၊ ဆရာမကြီးလိုလို လာမလုပ်နဲ့၊ မိထွေးက မိထွေးလို ဘေးဖယ်နေပါ၊ ကျွန်မတို့သားအဖပြော





တဲ့စကားလည်း ရှင်နားထောင်စရာမလိုဘူး၊ သဘောပေါက်”

“ဟင် ကြည့်ပါဦး သူဘယ်လိုပြောတာလဲ ကိုကြီးရဲ့၊ နည်းနည်းပါးပါး ဆုံးမလို့မရတော့ဘူးလား”

“ရှင့်ကိုယ်ရှင် အရင်ဆုံးမရမှာ ခေါ်မှုယာရဲ့၊ နားလည်ရဲ့လား”

“တော်စမ်း ရီရီ၊ တိတ်၊ ငါ့အဖေတစ်ယောက်လုံးရှေ့မှာ နင် ဒီလောက်ရိုင်းစိုင်းရသလား”

ဒဏ္ဍာရီက နာကျင်ကြေကွဲသောအကြည့်နှင့် ဖေဖေ့ကို နာကြည်းစွာ စိုက်ကြည့်မိသည်။

“ဖေဖေ ဘက်မလိုက်ပါနဲ့”

“ဘာ ငါလုပ်လိုက်ရရင်သေတော့မယ်”

ဦးနိုင်မြတ်က ဝုန်းခနဲထရပ်ကာ သမီးဖြစ်သူကို ရိုက်ချဖို့ လက်ရွယ်သည်။

ဒဏ္ဍာရီကလည်း ပေကပ်ကပ်ဖြင့် ဖေဖေ ရိုက်ချင်လည်း ရိုက်ပစေတော့ဆိုပြီး မျက်လုံးကို စုံမှိတ်ပစ်လိုက်သည်။

“အို…အစ်ကိုကြီး မလုပ်ပါနဲ့”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မူယာက လူကြားကောင်းအောင် အထိတ်တလန့်သံလေးနှင့် ဟန်လိုက်သည်။

တကယ်တမ်း ဖေဖေ့ရှေ့ကို သတ္တိရှိရှိပြေးဝင်လာတာက ဒေါ်စောပါ။

"ကလေးကိုမလုပ်ပါနဲ့ရှင်၊ စိတ်ထိန်းပါ"

ဒေါ်စော ဝင်ကာလိုက်သဖြင့် ဖေဖေက ရိုက်တော့မည့်လက်ကို ပြန်ချလိုက်သည်။

"ဒေါ်စော သူ့ကိုခေါ်သွားလိုက်၊ ကျုပ်မျက်စိရှေ့မှာ မမြင်ချင်ဘူး"

"လာ သမီး၊ ရီရီလာ"

ဒေါ်စောက ဒဏ္ဍာရီကို အတင်းဆွဲခေါ်သွား၏။

ကြေကွဲစိတ်နှင့် ပါးပြင်ပေါ် မျက်ရည်တွေစီးကျရင်း ဒဏ္ဍာရီက ဒေါ်စောဆွဲခေါ်ရာနောက် လိုက်လာသည်။

ရင်ထဲကပြောချင်တဲ့စကားတွေလည်း မပြောလိုက်ရပါ။

ဝမ်းနည်းသောခံစားချက်က ရင်ထဲမဆန့်။

သူ့ကြောင့် ဖေဖေ ငါ့ကိုရိုက်ဖို့အထိ ရည်ရွယ်တယ်ဟု ဝမ်းပန်းတနည်းတွေးကာ တွေးကာ မျက်ရည်တွေက စီးကျ၍မဆုံး





ပေ။

"ရီရီ သမီးလေးနားလိုက်နော်၊ သွား သွား အပေါ်ကိုတက်၊ စိတ်မကောင်းစရာတွေ တွေးလည်းမတွေးနဲ့၊ ဒါက ခဏတဖြုတ် သဘောထားကွဲလွဲတာပါ၊ သမီးဖေဖေကို ပြောချင်တာတွေရှိရင် နောက်ရက်ကျမှ အေးအေးဆေးဆေးပြောပေါ့ကွယ်၊ မဟုတ်ဘူးလား"

ဒဏ္ဍာရီက စိတ်ပျက်ပျက်နှင့် မျက်နှာပေါ်က မျက်ရည်တွေကို ဖယ်ရှားလိုက်သည်။

တော်ပါပြီ။ ပြောဆိုဆွေးနွေးချင်စိတ်လည်း မရှိတော့ပါဘူး။ ကိုယ့်စကားလည်း အောင်မြင်နိုင်မှာမှ မဟုတ်တာ။

မိန်းမဖက်ကို လုံးလုံးလျားလျားပါသွားမှတော့ သမီးဆိုတာ ပစ်ပယ်ခံပါ။

အရင်လို နွေးထွေးသာယာတဲ့ဘဝဆိုတာ ပြန်မရနိုင်တော့ပါဘူး။

အတွေးထဲမှာ နင့်နင့်သီးသီးတွေးရင်းက ဒဏ္ဍာရီ မျက်နှာလေးငယ်နေရပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်စောရေ"

"ရှင်"

"ရော့ ဒီမှာဈေးဖိုးလာယူ၊ ဒီနေ့ ဆိတ်ကလီစာချက်မယ်နော်၊ ငါးမြင်းသားလေးဘာလေး ရရင်လည်း ဝယ်လာဦး၊ ဒန့်သလွန်ရွက်ဟင်းချိုလေးလည်း ချက်ထား"

"ကောင်းပါပြီ မမှုယာ"

ဒေါ်စောက ပေးတဲ့ဈေးဖိုးကို ကောက်ယူပြီး မီးဖိုချောင်က ဆွဲခြင်း ဆွဲယူလိုက်သည်။

"ဝယ်စရာတွေ စာရင်းရေးသွားဦး၊ မေ့ကျန်ခဲ့ဦးမယ်"

"ရေးပါ့မယ်"

ခုတလော ဒေါ်စောကို အိမ်မှာသြဇာပေးကာ ဟင်းချက်ခိုင်းလာတဲ့ မမှုယာကို ဘာမှလည်း စောဒကတက်မရ။



www.burmeseclassic.com

www.burmeseclassic.com



အမှန်ဆို တစ်ပတ်စာဝယ်ထား၊ ကြော်ချက်ထားတာတွေက အိမ်မှာကုန်မှမကုန်သေးတာပဲ။ သို့သော် သူက သွားဝယ်ဆိုလျှင် ဝယ်ရုံပဲလေ။

ဒေါ်စောက စိတ်ထင့်ထင့်နှင့်ပဲ ဆွဲခြင်းလေးကိုင်ကာ တလှုပ်လှုပ်ထွက်သွား၏။

အဲဒီရဲ့နောက်မှာတော့ ရေချိုးပြင်ဆင်ဖြီးလိမ်းထားပြီးတဲ့ ဒေါ်မူယာစိုးက ခင်ပွန်းဖြစ်သူ ဦးနိုင်မြတ်နှင့်အတူ ကော်ရိုလာဗင်ကားလေးဖြင့် လိုက်ပါသွားသည်။

အိမ်မှာတော့ အိပ်ပျော်နေတဲ့ ဒဏ္ဍာရီရယ်၊ အပြင်လမ်းလျှောက်ထွက်ရာက ပြန်လာတဲ့ နေစိုးရယ်သာ ကျန်နေခဲ့ပါသည်။

နေစိုးသည် ညကတည်းက လရောင်အောက်မှာ ထွက်ထိုင်နေတဲ့ ဒဏ္ဍာရီကိုမြင်ပြီး စိတ်တွေက ဖရိုဖရဲနှင့် အိပ်မပျော်ခဲ့။

ဒီကောင်မလေးအနားပဲ သွားချင်နေမိတာ။

မနက်ပိုင်း ဟန်မပျက်လမ်းလျှောက်ထွက်သွားပြီးလျှင် မကြာမီပဲ ပြန်လှည့်လာခဲ့သည်။

ဒီမနက် ကိုကြီးနှင့် မမမူ အပြင်သွားစရာရှိတာ သူသိထားသည်။





မမမူတို့ ထွက်သွားလျှင် ဒေါ်စောကို တစ်ခုခုဝယ်ခိုင်းဖို့ အပြင်လွှတ်လိုက်မည်။

ဒါက နေစိုးရဲ့ တိတ်တဆိတ်စိတ်ကူး။

အနှောင့်အယှက်ကင်းပြီဆိုလျှင် ဒဏ္ဍာရီထံ သူချဉ်းကပ်မည်။

ဒီကောင်မလေးရဲ့ လှပပြေပြစ်မှု၊ ညို့ယူဖမ်းစားနိုင်မှုတွေကို နေစိုး တောင့်မခံနိုင်တော့။

သူ့မှာ မြင်သာမြင်ရပြီး မကြင်ရတာမို့ စိတ်ထဲ စပ်ဖျဉ်းဖျဉ်းနှင့် အလိုမကျဖြစ်နေသည်။

မာနခဲလေးကို ရအောင်ယူပြချင်သေးသည်။

တစ်မိုးအောက်ထဲ အတူနေခွင့်ရပြီးမှ မချဉ်းကပ်နိုင်ဘူးဆိုလျှင် သူညံ့ရာကျမည်။

နေစိုး ဒီလိုအညံ့မခံနိုင်။

သူဝင်လာတော့ ခြံတံခါးက စေ့ရုံစေ့ထားသည်။

သူတွန်းဖွင့်၍ လှမ်းဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရပ်ထားတဲ့ ကော်ရိုလာဇင်ကားက ထွက်သွားပြီဆိုတော့ မမမှုလည်း ပါသွားပြီပေါ့။

နောက်ဖက်အိမ်ကလေးမှာနေတဲ့ ခြံစောင့်ဦးစိန်ကိုလည်း မတွေ့ရ။

''ဒေါ်စော''

ဟန်ကျချင်တော့ မီးဖိုချောင်မှာ ဒေါ်စောလည်း မရှိ။ နေစိုး ဝမ်းသာအားရနှင့် အပေါ်ထပ်သို့ လွှားခနဲတက်လာခဲ့သည်။

ဟာ။

ဒဏ္ဍာရီရဲ့ အခန်းတံခါးလေးက စေ့ပိတ်လျက်။

နေစိုး ရင်တွေခုန်လာသည်။

သူမ အိပ်ရာမနိုးသေးဘူးလား။

တံခါးဝသို့ ခြေသံဖွဖွနှင့် လျှောက်လာသည်။

အခန်းတံခါးလေးက စေ့ရုံစေ့ထားတာမို့ အသံမမြည်အောင် တွန်းဟကြည့်လိုက်၏။

အခန်းတွင်းသို့ ချောင်းမြောင်းကြည့်ရှုလိုက်ရာ သူ့အသက်ရှူတွေပင်မှားကာ ရင်သပ်ရှုမောဖြစ်သွားရ၏။





အိပ်ရာမှနိုးပြီးစ ကောင်မလေးဟာ ညဝတ်ဂါဝန်ကို လဲလှယ်၍ တီရှပ်အနက်ကလေးကို ခေါင်းပေါ်မှ စွပ်ချလိုက်သည်။

ခါးပေါ်မှာတော့ စကဒ်အရှည်အနက်ကလေးက ရှိနေပြီးသား။

အနက်ရောင် အထက်အောက်ဝတ်စုံကလေးနှင့် မျက်စိထဲမှာ နတ်သမီးလေးလို လှနေသည်။

နေစိုးသည် အခန်းထဲ လှမ်းဝင်လိုက်ချင်စိတ်နှင့် အနည်းငယ်လည်း ချီတုံချတုံဖြစ်နေသည်။

ဘာကို အကြောင်းပြရမလဲ မစဉ်းစားတတ်။

သူ့ရင်ထဲမှာ ပြင်းပြတက်လာတာက ရမ္မက်စိတ်တွေပါပဲ။

ကောင်မလေးထံမှ အကြည့်မလွှဲနိုင်။

ဖြစ်ချင်ရာဖြစ်ကွာ။

ဒီနေ့တော့ သူကလေးကို နီးစပ်ပတ်သက်ခွင့်ရသွားအောင် ကြိုးစားပစ်လိုက်မည်။

ဒဏ္ဍာရီကတော့ အခန်းတံခါးဝကနေ သူ့အသာချောင်းကြည့်နေတာကို မသိဘဲ သူမဘာသာ ဆံပင်လေးဖြီးလိုက်၊ မှန်လေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်နှင့် လွတ်လပ်စွာ ပြုံးမူလှုပ်ရှားနေ၏။

"ကျို"

"ဟင်"

သူမ ဆတ်ခနဲလှည့်ကြည့်ချိန်မှာ ဦးနေစိုးက အခန်းထဲ လှမ်းဝင်လာသည်။

"ဟင်…ရှင် ဘာလုပ်တာလဲ"

နေစိုးသည် ရှည်ရှည်ဝေးဝေး ဘာမှပြောမနေတော့ဘဲ သူမပခုံးကလေးကို ဆုပ်ကိုင်ဆွဲယူလိုက်၏။

"ရီရီ့ကိုချစ်တယ်ကွာ"

"အောင်မယ် ဘာပြောတယ်၊ ဖယ်စမ်း အောက်တန်းကျလှချည်လား"

ရုတ်တရက် ဖက်လားရမ်းလား လာလုပ်သဖြင့် ဒဏ္ဍာရီ ဒေါသနှင့် ဆူဝေသွားရသည်။

သင်းက အကြံနှင့်။

"လူယုတ်မာ ရှင်က ကျွန်မကို ဘာများမှတ်နေလဲ၊ လွှတ်စမ်း"





"မလွှတ်ဘူးကွာ၊ ခဏလေး"

"ကဲ မလွှတ်ဦး"

ဒဏ္ဍာရီက သူ့ပါးကို တအားလွှဲရိုက်ထည့်လိုက်၏။

"ဖျန်း"

နေစိုး တခဏ အံ့အားသင့်သွားသည်။ သူမ ဒီလောက် လက်မြန်မည်ဟု ထင်မထားတဲ့ပုံပင်။

"မင်းကရိုက်တယ်၊ ဟုတ်လား"

"ရိုက်တယ် ဘာဖြစ်လဲ၊ နောက်တစ်ချက်တောင် ဟောဒီ လို အိုး"

ရုတ်တရက် လက်ကိုနောက်ဖက်လိမ်ပြီး သူ့ရင်ခွင်ထဲကို ဆောင့်ဆွဲယူလိုက်သဖြင့် ဒဏ္ဍာရီ လန့်ဖျန့်သွားရ၏။

"ဟောဒီမှာ ကျွန်မကို၊ ဝူး"

သူက အတင်းဖက်ထားရုံမကဘဲ ဒဏ္ဍာရီပါးစပ်လေးကို ပါ ဆက်ပြီးမအော်နိုင်အောင် လက်ဝါးနှင့် ပိတ်ထားလိုက်သည်။

သူ့လက်ဖဝါးကို ကိုက်တာလည်း ကိုက်မရ။

ဝူး ဝူး ဝါး ဝါးနှင့် နှစ်ဦးသား လုံးထွေးလျက် ဝရုန်းသုံး



www.burmeseclassic.com

www.burmeseclassic.com



ကား ဖြစ်နေ၏။

သူ ဒီလောက်ထိ အတင့်ရဲမိုက်ရိုင်းမည်ဟု မထင်ခဲ့မိတာ ဒဏ္ဍာရီရဲ့ လိုအပ်ချက်ပါပဲ။

သူ့ကို အလွယ်တကူ လျှော့တွက်ထားမိသည်။

အခုတော့ သူ့လက်မောင်းများကြားမှ ဒဏ္ဍာရီ ရုန်းထွက်လို့မရ။

တကယ်တမ်း ယောကျ်ားတစ်ယောက်ရဲ့ ခွန်အားကို ဘယ်လိုမှ မယှဉ်နိုင်။

သူ အတင်းအကြပ် ဖွတ်ကြိုးစားလျှင် ဒဏ္ဍာရီ လန့်ဖျန့်ပြီး ချွေးတွေပင်ပျံလာသည်။

လုံးဝမထင်မှတ်ဘဲ အနိုင်ကျင့်ခံရမှာလား။

ဒီလိုတော့ အလျှော့မပေးနိုင်။

"လွှတ်နော် ဦးနေစိုး၊ ရှင် ဒီလိုမကောက်ကျစ်ပါနဲ့"

ရုန်းရင်းဆန်ခတ်နေဆဲ ဒဏ္ဍာရီက သူ့ကို လက်သည်းနှင့် ကုတ်ဆွဲသည်။ အသားနာသွားလျှင် နေစိုးက ပိုကြမ်းတမ်းလာ၏။





သူမကို မွေ့ရာပေါ်သို့ လှဲချသည်။

သူမကိုယ်လုံးလေးမှာ ရေမြှုပ်မွေ့ရာပေါ်သို့ အိခနဲ ပစ်ကျသွားရ၏။ နေစိုးက အပေါ်မှ အုပ်မိုးကာ သူမမျက်နှာကို နမ်းရှိုက်ဖို့ ကြံစည်သည်။

ဒဏ္ဍာရီက ခေါင်းကို ဘယ်ညာယမ်းထုတ်နေ၏။

"ဒီလောက်ထိ မရုန်းပါနဲ့လား ရီရီရယ်၊ ကိုယ်က မင်းလေးကို ချစ်လွန်းလို့ပါ၊ မင်းကိုယ့်လက်က မလွတ်ဘူးသိလား၊ အခု အိမ်မှာဘယ်သူမှလည်းမရှိကြဘူးကွ၊ အားလုံး အရမ်းအဆင်ပြေနေတယ်"

ဒဏ္ဍာရီသည် ရုန်းကန်ရ၍ မောနေပြီ။

သူမကိုယ်လေးမှာလည်း ဘယ်နေရာတွေ ဘယ်လိုနာကျင်နေမှန်းမသိ။

သူမကို မရအရ ကြံစည်တော့မည့် ဦးနေစိုးမျက်နှာကြီးအား ကြောက်လန့်တကြားသာ ကြည့်နေမိသည်။

သူမ အနည်းငယ် ငြိမ်သက်သွားသဖြင့် နေစိုးက မရုန်းတော့ဘူးဟု ထင်သွားပုံရသည်။ အထွေးအပွေ့က သိပ်မတင်းကြပ်

www.burmeseclassic.com

www.burmeseclassic.com



တော့။

သူမ ဆံနွယ်လေးတွေကို အသာအယာ ထိတွေ့ကိုင်တွယ်လိုက်သည်။

ဒဏ္ဍာရီသည် ငြိမ်သက်ချင်ယောင်ဆောင်လိုက်၏။

သူမမှာ အကြံတစ်ခု ခေါင်းထဲရောက်လာလို့ပါ။

ဒီတိုင်း ရှန်းကန်နေလို့ အကြောင်းမထူးဘူးလေ။

နေစိုးက အားတွေတက်ပြီး သူမမျက်နှာလေးကို နီးနီးကပ်ကပ် စူးစိုက်ကြည့်၏။

ဒဏ္ဍာရီက မျက်ဝန်းလေး မှေးစင်းဟန်ဆောင်လိုက်သည်။

ပြီးတော့မှ အိပ်ရာနံဘေးစားပွဲပေါ်က ကြွေပန်းအိုးလေးဆီသို့ အသာအယာ လက်နှင့်စမ်း၍ လှမ်းယူဆုပ်ကိုင်လိုက်သည်။

ပန်းအိုးကို သူမမြင်အောင် ဆုပ်ကိုင်၍ သူ့ဦးခေါင်းကို ထိထိမိမိ ရိုက်ချလိုက်သည်။

"အား...အောင်မယ်လေး"

အထိတ်တလန့် အော်သံနှင့်အတူ သွေးတွေဖြာခနဲ ပန်းထွက်လာ၏။





ဦးနေစိုးက သူ့ခေါင်းသူစမ်းကြည့်ဖို့ ကြိုးစားသည်။

သို့သော် မရ။ ဝုန်းခနဲ ပြိုလဲကျသွား၏။

သေပြီလား။

ဒဏ္ဍာရီလည်း သွေးတွေမြင်တော့ အရမ်းလန့်သွား၏။

ဘာဘာညာညာ စဉ်းစားမနေတော့ဘဲ စားပွဲပေါ်က ပိုက်ဆံအိတ်ဆွဲကာ အခန်းထဲမှ ကမူးရှူးထိုး ပြေးထွက်လာခဲ့မိသည်။

စိတ်ထဲမှာတော့ ဘုရားတမိသည်။

သို့သော် နောက်ကြောင်းဖက်သို့ လုံးဝပြန်လှည့်မကြည့်တော့။

သူမရင်တွေက တစ်သက်နှင့်တစ်ကိုယ် အခုန်ကြမ်းကာ တဒိန်းဒိန်း တုန်ယင်နေသည်။

အိမ်ပေါ်ကနေ အောက်ထပ်၊ အောက်ထပ်ကနေ ခြံထဲ၊ ခြံထဲကနေ ခြံပြင်။ သူမ မရပ်မနား ပြေးထွက်လာခဲ့မိသည်။

လမ်းမှာလည်း မနက်ခင်းအစောပိုင်းမို့ လူသူကင်းရှင်း တိတ်ဆိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကတော့ ကြောက်ကြောက်နှင့် အိမ်နှင့်ဝေးရာ လှမ်းလာခဲ့သည်။

◆ ◆ ◆



ပြေးလာရာမှ ဒေါ်စောကိုတွေ့တော့မှ သူမခြေလှမ်းရပ်သိုက်သည်။

ဒဏ္ဍာရီရဲ့ ရင်ကလေးမှာ နိမ့်ချည်မြင့်ချည် မောပန်းနေ၏။ ဆံနွယ်တွေကလည်း ဖရိုဖရဲ။

"ရီရီ သမီး ဘာဖြစ်လာတာလဲ၊ ဒေါ်စောကိုပြောစမ်း"

ဒေါ်စောက မထိတ်သာမလန့်သာနှင့် သူမကို ကိုင်လှုပ်၍ မေးသည်။

"ဦး…ဦးနေစိုး"

"နေစိုး ဘာဖြစ်လဲ၊ သူ သမီးလေးကိုဘာလုပ်လဲ"

"သူယုတ်မာဖို့ကြံလို့ ရီရီ သူ့ကို ပန်းအိုးနဲ့ထုခဲ့တယ်"

"ဟယ် ဘုရားရေ"

"သူသေပြီလားမသိဘူး ဒေါ်ကြီးစော၊ ရီရီ ဘာလုပ်ရ



www.burmeseclassic.com

www.burmeseclassic.com



မလဲဟင်"

သူမတော်တဆ တစ်ခုခုဖြစ်သွားလို့ ဒဏ္ဍာရီ အပြစ်ဖြစ်မှာတော့ အရမ်းကြောက်သည်။

"သွားကြည့်ကြမယ်လေ"

"ဟင့်အင်း ရီလေး မလိုက်ဘူး၊ အိမ်ဖက် လုံးဝမလှည့်နိုင်ဘူး"

သူမ တုန်တုန်လှုပ်လှုပ်ပြောမိ၏။

လုပ်တုန်းက လုပ်ခဲ့ပေမယ့် အခုတော့ လက်လွန်သွားပြီလားဟု စိုးရိမ်ကြီးမိပြန်သည်။

"မသေလောက်ပါဘူး၊ ဒီလောက်လည်း မကြောက်နဲ့လေ"

"ဟင့်အင်း…ရီရီ တစ်နေရာရှောင်လိုက်မယ် ဒေါ်ကြီးစော၊ ရီလေးကို ကူညီပါဦးနော်"

"အေး ဒါဖြင့် ဒီလိုလုပ်၊ ဒေါ်စောအညီ မမဦးအိမ်သွားမလား၊ သူတို့က ရန်ကုန်မှာ"

"အင်း…ကောင်းတယ်၊ ကောင်းတယ်၊ ရီလေးကို





လိပ်စာအမြန်ရေးပေး"

ပိုက်ဆံအိတ်ထဲ အသင့်ပါလာခဲ့တဲ့ စာရွက်နှင့် ဘောလ်ပင်ကို ထုတ်ပေးတော့ ဒေါ်စောက စာလေးတစ်စောင် ကမန်းကတန်း သော့သော့ရေးပေးသည်။

"သမီးဘာမှမပူနဲ့၊ ဒေါ်စော အိမ်ကိုသွားပြီး အခြေအနေကြည့်မယ်၊ နောက်မှ ရီရီ့ဆီ အကြောင်းကြားမယ် ဟုတ်ပြီလား၊ သမီးက အဲဒီလိပ်စာအတိုင်းသာ သွားလိုက်တော့"

"ဒေါ်ကြီးစော ဖေဖေမေးရင် ဘာကိုမှမပြောနဲ့နော်၊ ဒေါ်ကြီးစောက ယောင်ပြီး အမှန်အတိုင်းပြောလိုက်မိဦးမယ်"

"စိတ်ချ၊ လုံးဝမပြောဘူး"

"ဒါဆို ရီလေးသွားမယ်၊ အချိန်သိပ်မရဘူး"

"အေး…သွား သွား သမီးလေး ဘေးရန်ကင်းပါစေ၊ သူတော်ကောင်းနဲ့တွေ့ပါစေ"

ဒေါ်စောက ကတုန်ကရင်ကြီးနှင့်ပင် ကမန်းကတန်း ဆုတောင်းပေးလိုက်လေသည်။

ဒဏ္ဍာရီသည် နှုတ်ဆက်စကားဆိုပြီးတာနှင့် ပျာယီပျာယာ



www.burmeseclassic.com

www.burmeseclassic.com



လှည့်ထွက်လာခဲ့သည်။

သူမခြေလှမ်းတွေက ခပ်သွက်သွက်။

ကျွဲဆည်ကန်ဂိတ်ကို အမြန်လစ်မည်။ အဲဒီကနေ ရတဲ့ကား နဲ့ မိတ္ထီလာဖြစ်ဖြစ်၊ သာစည်ဖြစ်ဖြစ် မိတဲ့ကားနဲ့လိုက်သွားတော့မည်။

အိမ်မှာဘာတွေဖြစ်ကျန်ခဲ့ပြီလည်းဆိုတာ သူမ မတွေး တော့။

ဂိတ်ကနေ ကားထွက်မှပဲ သက်ပြင်းကလေးချနိုင်၏။

သူမတစ်ကိုယ်လုံးလည်း နာကျင်ကိုက်ခဲ တောင့်တင်းနေ သည်။

ခြေထောက်တစ်ဖက်က ပိုနာနေသဖြင့် ငုံ့ကြည့်လိုက်တော့ ဘယ်အချိန်က ဒဏ်ရာရနေသလဲပင်မသိ။

သူမစိတ်တွေက ပူပန်ယောက်ယက်ခတ်ပြီး တုန်လှုပ်နေ သဖြင့် အနာကိုပင် နာရကောင်းမှန်း သတိမထားမိခဲ့တာဖြစ်သည်။

◆ ◆ ◆



အိပ်ရာကနိုးနိုးချင်းမှာ မနှလေးက အခန်းမှာပဲဟု ထင်နေ မိသေးသည်။ နောက်မှ သူမရောက်နေတဲ့နေရာကို ဖျတ်ခနဲ သတိ ရသွားမိ၏။

မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ ဓာခြင်ထောင်လေးရဲ့ အမိုးပြင်ဖြူဖြူကို မြင်ရသည်။

ညက အတွေးများစွာဖြင့် သေချာအိပ်မပျော်ခဲ့တာမို့ မနက် နိုးထချိန်က နောက်ကျသည်။ ဒေါ်လုံးပင် အခန်းထဲမှာမရှိတော့။

ဒီအချိန်ဆို အိမ်ရှင်တွေရဲ့ မီးဖိုချောင်ဆီ ရောက်နေရော ပေါ့။

စိတ်ထဲကတွေးရင်း ဒဏ္ဍာရီက အသာအယာ ထထိုင် လိုက်သည်။ ပြီးလျှင် သူမရဲ့ ဆံပင်ရှည်များကို အလွယ်ထုံးဖွဲ့ကာ သပ်ရပ်အောင် ပြုပြင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အိပ်ရာကို အရင်ဦးဆုံးသိမ်းသည်။

ခေါင်းလုံးကတော့ သူမအိပ်ပျော်နေတာတွေ့လို့ မနှိုးတာပဲ ဖြစ်လိမ့်မည်။

အိပ်ရာသိမ်းပြီးလျှင် အခန်းနှင့်တွဲရက်က ရေချိုးခန်းလေးထဲ ဝင်ရ၏။

မိုက်လည်း တော်တော်ဆာနေပြီ။

သူမ ကမန်းကတန်း အသင့်ပြင်လျက် အိမ်ကြီးပေါ် လှမ်းလာခဲ့သည်။

လောလောဆယ်တော့ သူမအနေနှင့် ခေါင်းလုံးနှင့်အတူ အိမ်မှုကိစ္စ ကူညီရမှာပဲလေ။

ကိုယ်ချမ်းနှင့် တွေ့မှာလည်း စိတ်ထဲ ခပ်လန့်လန့်ဖြစ်နေသည်။ ဒီလူက ရိရိကိုကြည့်လျှင် မျက်မှောင်ကြီးကုပ်လျက်သာ သိပ်ပြီး လိုလားကြည်ဖြူလက်ခံချင်ပုံမပေါ်။

ဒါပေမဲ့ သူ့သူငယ်ချင်းဆိုတဲ့ ကိုမိုးဝသုန် မျက်နှာထားကတော့ ခင်မင်အားကိုး ချစ်စဖွယ်ကောင်းလှတာမို့ တော်ပါသေးသည်။

မိုး : မိုး : ၀၁၄၅



ကိုယ်ချမ်းဇာ သူမကို သိပ်မလိုလားသလို ရှုတည်တည်ကြီးကြည့်ပြီး သူ့မျက်လုံးတွေကဖြင့် နွေးထွေးနှစ်လိုဖွယ်ကောင်းလှသည်။

ဒဏ္ဍာရီသည် ဒီအိမ်မှာ အနေရခက် စိတ်ကျဉ်းကျပ်မိတာကတော့ အမှန်ပဲဖြစ်သည်။

ရှေ့ဆက်ဘာလုပ်ရမည်လည်း မသိသေး။

သူမအနေနှင့် ဦးနေစိုးရဲ့ ဒဏ်ရာ ဘယ်လောက်ပြင်းမပြင်း သေမသေ အခြေအနေကိုသိရဖို့ လိုသေးသည်မဟုတ်လား။

လောလောဆယ်တော့ ဒီမှာ ပုန်းခိုနေတာသာ အကောင်းဆုံးဖြစ်လိမ့်မည်ထင်ပါရဲ့။

ပင့်သက်ငွေ့ငွေ့လေးရှိုက်လျက် မရှင်ပျသော မုံစံလေးနှင့်ပဲ တွေတွေဝေဝေလေးနှင့် တံခါးလက်ကိုင်ကို လှည့်ဖွင့်ကာ ဝင်လိုက်၏။

"အို"

မှန်ချပ်ထဲကနေ နောက်ဖက်ကအဆောင်လေးဆီ လှမ်းမျှော်ကြည့်နေသော လူတစ်ယောက်နှင့် ပြုန်းစားကြီး ဆုံမိကြ၏။

မိုး : မိုး : ၀၁၄၅

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ရီလေး"

နှုတ်ကနေ အာမေဋိတ်သံလေးတွေပြုရင်း ကိုယ်စီ ခပ်အမ်းအမ်းလေးတွေ ဖြစ်သွားရ၏။

မိုးဝသုန်က အိပ်ရာထဲက ထလာပုံဖြင့် ညဝတ်အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည် အပြာစင်းအထက်အောက်နှင့်။

သူမသိမသာ ဟိုဖက်ချောင်းကြည့်နေတုန်း ဒဏ္ဍာရီက ပြုန်းဆို ဝင်လာသဖြင့် မိုးဝသုန်မျက်နှာ အမူအရာမှာ တစ်မျိုးဖြစ်သွားရသည်။

သူမနှင့် မျက်နှာချင်းဆိုင်ရတဲ့အခါမှာတော့ မိုးဝသုန် သတိလက်လွတ်နှင့် သူမရဲ့ ချစ်စရာဟန်ပန်လေးကို ငူးငူးငေ့ငေ့ ကြည့်မိပြန်သည်။

နံနက်ခင်းမှာ နိုးထလာသော သူမရဲ့ အပြင်အဆင်မပါ သဘာဝအတိုင်း ရှင်းသန့်နုနယ်နေသော မျက်နှာလေးက မျက်လုံးမလွှဲချင်စရာ။

မျက်နှာသစ်ပြီး နဖူးစပ်မှာ ရေကလေးတွေ စိုနေဆဲ ဝင်းပကြည်လင်တဲ့ မျက်နှာလေးဟာ ကလေးငယ်တစ်ဦးလို ဖြူစင်ပြီး





တကယ်ပဲ ရှုမငြီးအောင် ဖမ်းစားနိုင်လွန်းသည်။

သူမရဲ့ ပင်ကိုယ်အလှကပင် ဆွဲဆောင်ညှို့ငင်နိုင်မှု ရှိနေတာပါ။ ချစ်စရာကောင်းသော မိန်းမငယ်လေးရဲ့ ကပိုကရို ပို့မျစ် နုနယ်လွန်းသော အလှအပမှာ မိုးဝသုန် ဘဝင်ငြိ အငိုက်မိရ၏။

နှစ်ဦးသား ညကလိုပဲ အမှတ်မထင် အကြည့်ခြင်း ငြိတွယ်မိပြန်၏။

"ကိုမိုးဝသုန် ဒီမှာဘာလုပ်နေတာလဲ"

"ဗျာ"

ဒဏ္ဍာရီ မေးခွန်းကြောင့် သူ အနည်းငယ် အိုးတို့အမ်းတမ်း ဖြစ်သွားရ၏။

"သြော်…ကိုယ်ဗိုက်ဆာလို့ ဒေါ်လုံးမလာသေးပါလားလို့ ကြည့်နေတာ"

သူညာလိုက်မိ၏။ ဒေါ်လုံး ခြံထဲဆင်းသွားတာ သူတွေ့ပြီးသားပါ။ ဒဏ္ဍာရီ အိပ်ရာမနိုးသေးဘူးလားဟု တွေးကာ သူ လှမ်းမျှော်ကြည့်နေမိတာ။

"ရီလည်း အိပ်ရာထနောက်ကျသွားတယ်၊ ကိုမိုးဝသုန်



www.burmeseclassic.com

www.burmeseclassic.com



ဘာစားချင်လို့လဲ၊ ရီလေး လုပ်ပေးမယ်လေ''

''ဟာ ရပါတယ်၊ နေပါစေ၊ ဒေါ်လုံးကို နိုင်းမှာပေါ့ဗျာ၊ ရီလေးက ညှော်သည်ပဲဟာ၊ ကျွန်တော်ကတောင် အိမ်ရှင်ဝတ္တရား ရှိသေးတယ်၊ အဲလေ အိမ်ရှင်သူငယ်ချင်းရဲ့ ဝတ္တရားပေါ့''

သူက စကားလုံးကို ပြန်ပြင်ဆင်သည်။ တကယ့်အိမ်ရှင် အစစ်က ယံချမ်းမဟုတ်လား။

''ကိုယံချမ်းရော မနိုးသေးဘူးလား''

''မသိဘူးဗျ၊ သူ့အခန်းတံခါး ပိတ်ထားတုန်း၊ ညက ကျွန်တော်တို့လည်း နှစ်နာရီမှ ဝင်အိပ်ကြတာလေ''

မိုးဝသုန်သည် ဒဏ္ဍာရီနားရပ်မိလျှင် ပြန်မလှည့်ချင်။ စကားတွေ အဆက်မပြတ်အောင် ပြောပြီး သူမမျက်နှာလေးကိုသာ တစိမ့်စိမ့် ငေးကြည့်နေချင်မိသည်။

အခုလည်း ညကလိုပဲ သူ့ရင်ခုန်သံတွေက ပြန်စလာပြီ။ သူ့ကိုယ်သူပင် မိုးဝသုန် နားမလည်နိုင်ပေ။

ဒဏ္ဍာရီရဲ့ မျက်လုံးလေးနဲ့ တစ်ချက်ဆုံတာနှင့် သူ့ရင်ခုန်သံက ဘာကြောင့်မြန်ဆန်လာရတာလဲ။





မနက်မိုးလင်းတယ်ဆို သူမကို တွေ့မြင်ချင်မိတာ။ ခါတိုင်းဆို ဘောလုံးပွဲကြည့်ထားတဲ့ညဆို သူတို့နှစ်ယောက် အိပ်ရာ နိုးချိန်ဟာ အနည်းဆုံး ကိုးနာရီ။

အခုတော့ ခုနစ်နာရီတောင် မခွဲသေးဘဲ မျက်လုံးက ဘယ်လိုပွင့်လာပြီး လူကလည်း အောက်ထပ်ဆင်းလာဖို့ ခြေလှမ်း အလိုလိုပြင်နေမိတာ ဆန်းတော့ဆန်းသည်။

သူ့စိတ်တွေကို ဆံပင်ရှည်ရှည်နှင့် သူယောင်မယ်လေး တစ်ယောက်က မြန်ဆန်စွာ အမှတ်မထင် သိမ်းပိုက်ခဲ့ပြီ။

ဒဏ္ဍာရီသည်လည်း ကိုမိုးဝသုန်ကို မြင်ရုံနှင့် ရင်ထဲ နွေးလှုပ်ခတ်လာတာကို မငြင်းနိုင်။

မျက်လွှာလေးချကာ အကြည့်ကိုလွှဲမိရင်း

''ကိုမိုးဝသုန် စားချင်တာပြောခဲ့လေ၊ ရီ ဒေါ်လုံးကိုပါ ခေါ်ပြီး စီစဉ်ပေးမှာပေါ့''

''မုန့်ဟင်းခါးပဲ ဝယ်နိုင်းလိုက်ပါ''

''ဟုတ်ကဲ့၊ ကိုယ့်ယံချမ်းကရော''

''သူက ရှမ်းခေါက်ဆွဲကြိုက်တယ်၊ ဒေါ်လုံးကတော့



www.burmeseclassic.com

www.burmeseclassic.com



သိပါတယ်"

"အင်း ပြောလိုက်မယ်"

"သင့်ခ်ယူ"

သူက ရီလေးကို ကျေးဇူးတင်စကားပင် ဆိုသေးတာ

ပြုံးချင်မိသည်။

မိုးဝသုန်သည် ဒဏ္ဍာရီဆီမှ အကြည့်မလွှဲချင်သေးဘဲ

ကြိုးစားလွှဲလိုက်ရသည်။

"ဩော် ရီလေးစားချင်တာလည်း မှာလိုက်နော်"

"ဟုတ်ကဲ့၊ ရပါတယ်"

"ရပါတယ်မလုပ်နဲ့၊ ဒီအိမ်မှာ ဘာမှအားမနာနဲ့"

"အို အားမနာလို့ရမလား ကိုမိုးဝသုန်ရဲ့"

သူမရဲ့ မျက်လုံးလေးပြူးကာ ပြောလိုက်ဟန်ကြော

မိုးဝသုန်မှာ သဘောကျသွားရကာ ပြုံးရယ်မိ၏။

"ကိုယ်ချမ်းကြီးကို ကြောက်ပါတယ်"

ပခုံးလေးပါ ကျုံ့လိုက်သေး၏။

အင်း သူ့ကိုကြောက်တာရှိနဲ့တာလည်း ခပ်ကောင်းကော





ပါပဲဟု မိုးဝသုန်က တွေးလိုက်သည်။

"ရီလေးထင်သလောက်လည်း မဆိုးပါဘူးဗျာ၊ နောက်ဆို

ယံချမ်းအကြောင်း သိသွားမှာပါ"

သူမကတော့ သိပ်မထင်ပါ။

ယံချမ်းဟာ သူ့ခွေးသားပီပီ အမြဲဘဝင်ကိုင်မယ့် ရုပ်ကြီး

ပါနော်။

မိုးဝသုန်က လှည့်ထွက်ဟန်ပြင်ပြီးမှ သူမဖက် တစ်ချက်

ပြန်ကြည့်ကာ

"ရီလေး အခုဘာလုပ်မလဲ"

"ခေါင်းလုံးကို ရှာမယ်လေ"

"ဘယ်မှာမှန်းသိလို့လား"

"ဟင့်အင်း"

"ဒီအိမ်မှာလည်း ဘယ်မှမသွားတတ်သေးဘူးမဟုတ်

လား၊ ကိုယ်လိုက်ပြမယ်"

မိုးဝသုန်က သူမကိုပါ အတူလိုက်ဖို့ ခေါ်လိုက်သည်။

ခုံမရဲ့ရှိနေပုံလေးကို သနားမိလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုချောင်၊ ထမင်းစားခန်း၊ စတိုခန်း၊ စာဖတ်ခန်း၊ သီးသန့်ဧည့်ခန်း၊ အပြင်ဖက်နားနေခန်း စသဖြင့် အကုန်လိုက်ပြကာ သားတံခါးပေါက်မှတစ်ဆင့် ခြံထဲဆင်းလာခဲ့သည်။

ဒေါ်လုံးတင်က ဘုရားတင်လှူရန်အတွက် ဂန္ဓမာပန်းများ ကတ်ကြေးဖြင့် ဖြတ်နေရာမှ အတူယှဉ်တွဲကာ ဆင်းလာသော သူတို့နှစ်ယောက်ကို တအံ့တသြ လှမ်းကြည့်နေမိသည်။

သူတို့နှစ်ယောက် လိုက်ဖက်အတွဲညီပုံကို ငေးမိတာဖြစ်သည်။

မျက်နှာလေးတွေမှာလည်း ကြည်ကြည်လင်လင် ပြုံးလျက် တစ်ဦးကိုတစ်ဦး ကြည့်ပုံလည်း နွေးထွေးနူးညံ့နေသည်။

"ဒေါ်လုံးက ဟိုမှာ"

"ဟယ် ပန်းတွေအများကြီးပဲ၊ လှလိုက်တာနော်"

ညတုန်းကတော့ မိုးတွေရွာပြီး မှောင်လည်းမှောင်နေတော့ ဒေ့.ရှိ သေချာသတိထားမကြည့်မိခဲ့။

ဝိန်းပန်းတွေကို ပန်းခြံလေးလုပ်ကာ စိုက်ပျိုးထားသလို ဂန္ဓမာအဖြူအဝါနှင့် နှင်းဆီပန်း အိုးတွေလည်း အများကြီးပါလား။





သူမရဲ့ သောကတွေပင် မေ့ပျောက်သွားပြီး ပျော်ရွှင်လန်းဆန်းသွားမိ၏။

"ဒေါ်လုံးရေ"

"ဟေ"

"သူလည်း ပန်းလိုချင်လို့တဲ့၊ ခူးပေးလိုက်ပါ"

"အို နေပါစေ ကိုမိုးဝသုန်"

"အယ်ဟုတ်မလဲ၊ ခင်ဗျားက ဆံပင်ရှည်ရှည်နဲ့ဆိုတော့ ပန်းတစ်ပွင့်လောက် ပန်လိုက်ရင် သိပ်လှသွားမှာ"

"မောင်မိုးဝသုန်က အစောကြီးနိုးလာပါလား"

"ဟုတ်တယ်ဗျို့၊ ကဲ ကတ်ကြေးပေး သူလိုချင်တဲ့ပန်း ဖြတ်ပေးလိုက်မယ်"

"အေး...ရော့ ရော့"

ဒေါ်လုံးက ပန်းဖြတ်ကတ်ကြေးကို မိုးဝသုန်လက်ထဲ ပေးလိုက်၏။

"အခေါ်လည်း မောင်ယံချမ်းမနိုးခင် မုန့်သွားဝယ်ဦးမှပဲ"

ဒေါ်လုံးက ပြောပြောဆိုဆို ပန်းတွေပိုက်ပြီး တိုက်ထဲ...



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားသလို မိုးဝသုန်နှင့် ဒဏ္ဍာရီမှာ မနက်ခင်းရဲ့ နေရောင်ဖျော့ဖျော့လေးအောက်မှာ ပန်းခင်းတွေကြားထဲ ပျော်ပျော် ရွှင်ရွှင် လျှောက်ကြည့်နေကြ၏။

မိုးဝသုန်က ဒဏ္ဍာရီအတွက် ကြက်သွေးရောင်ရင့်ရင့် နှင်းဆီပန်းလေးတစ်ပွင့် ခူးပေးလိုက်သည်။

သူမက နှင်းဆီရိုးတံလေးကို လက်နှစ်ဖက်နှင့် တယုတယ ဖွဖွလေးကိုင်လျက် ခေါင်းငုံ့ရှိုက်နမ်းလိုက်သည်။

သူမရဲ့ ဟန်ပန်အမူအရာလေးကို ချစ်စနိုးနှင့် စိုက်ကြည့် နေမိသူက မိုးဝသုန်။

ဖွတ်ခနဲ မျက်လွှာပင့်ကြည့်မိသော ဒဏ္ဍာရီမှာ ရီဝေသော သူ့အကြည့်ငေးကြောင့် ရင်တုန်ပန်းတုန် သိမ့်ခနဲ ခွေးသွားရ၏။

ဒဏ္ဍာရီက ပန်းပွင့်နီနီညိုညိုလေးကို နားရွက်ကြားထဲ ညှပ်ပန်ကြည့်လိုက်သည်။

မိုးဝသုန်က နှင်းဆီပန်း ညီညာအောင် ညင်သာဖွဖွတည့် မတ်ပေး၏။

ထိုမြင်ကွင်းကို အိပ်ရာမှနိုးလာသော ယံချမ်းက ပြတင်းပေါက်ကနေ လှမ်းကြည့်နေမိသည်။



သြော် ကောင်မလေးကို ပန်းတွေဘာတွေပန်ပေးတဲ့ အဆင့်ထိအောင် ရင်းနှီးမှုက တဟုန်ထိုး ခုန်တက်သွားပြီလား။

သူ့ရင်ထဲ မလိုတမာနှင့် တစ်မျိုးကြီး ခပ်တင်းတင်းဖြစ် သွားရသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

ဒဏ္ဍာရီသည် အိမ်မှာအလကားထိုင်နေရမှာလည်း မနေ တတ်တာမို့ ဒေါ်လုံးတင် ထမင်းဟင်းချက်တာကို ဝိုင်းကူညီချက် ပေးနေသည်။

"ထားလိုက်ပါ ရီရီရယ်၊ ဒေါ်လုံးဘာသာ လုပ်ပါ့မယ်"

"ကင်ပွန်းရွက်ချဉ်ရည်လေး ရှိချက်တတ်ပါတယ် ဒေါ်ကြီး ရဲ့"

ဒေါ်လုံးတင်က ငါးခုတ်ရင်းက သူမလုပ်ကိုင်နေပုံ ယောင်တိယောင်နလေးကို အားမလိုအားမရ မော့ကြည့်နေသည်။

ကလေးမကြည့်ရတာ ရှစ်ကလေးက နုနယ်လှပအပြစ် ကင်းသလောက် ဘဝလည်း ကြမ်းတမ်းခဲ့ပုံမရဘူးဟု တွေးနေမိ သည်။

လူကြီးမို့ ဒေါ်လုံးတင်က ကောင်းကောင်းသိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းကလေး မီးဖိုချောင်ဝင်ခဲ့ရပုံမပေါ်။ သူဌေးသမီးလို ကျောကျောမော့မော့လေး နေခဲ့ရဟန်တူသည်။

"သမီးက မန္တလေးမှာနေတာနော်"

"အင်း"

"မိဘတွေကရော"

ဒေါ်လုံးတင် စပ်စုတာကို မဖြေသေးဘဲ ဒဏ္ဍာရီက

"ဒေါ်လုံး ကင်ပွန်းရွက်က အရင်ဆီသတ်ရတာလား၊ နောက်မှ ရေနွေးအိုးဆူမှ အုပ်ရတာလားဟင်"

"ဆီသတ်ရဦးမှာ သမီးရဲ့၊ ကြက်သွန်နီလေး၊ ပုစွန်ဆိတ်လေးနဲ့ ဆီချက်လုပ်ပြီးမှ ထည့်မှာ"

ဒဏ္ဍာရီက စကားလမ်းကြောင်း တမင်ပြောင်းတာ။

ကိုယ့်အကြောင်း သူမစပ်စုခင် မေးခွန်းလေးတွေ သူ့ဆီ အရင် ပစ်လွှတ်မှဖြစ်မယ်။

"ဪ…သိပါပြီ၊ ဒါဆို ဆီအရင် အိုးပေါ်ထည့်မယ် နော်"

"အေး…အေး"

[redacted]



"ဒေါ်လုံးရေ"

"ဝေ"

"ဒေါ်လုံး ဒီအိမ်မှာနေတာကြာပြီလား"

"ကြာပြီပေါ့၊ ရှစ်နှစ်ကျော်ပြီလေ"

"ဒါဆို ကိုမိုးဝသုန် ရောက်ကတည်းက ဒေါ်လုံးရှိတာ ပေါ့"

"သူတို့ကျောင်းတက်ကတည်းကရှိတာ"

"ဘာကျောင်းလဲဟင်"

"ကွန်ပျူတာကျောင်းတဲ့၊ နှစ်ယောက်စလုံးက စာအရမ်း တော်တယ်"

"ကိုမိုးဝသုန်က ဘာလို့ သူ့မိဘတွေနဲ့မနေတာလဲ"

"မိဘတွေမရှိတော့ဘူး၊ သူဦးလေးမိသားစုနဲ့နေရင်းက မောင်ယံချမ်းခေါ်လို့ ဒီကိုရောက်လာတာ"

"ဪ ဒါဆို သူက လူပျိုလား"

အဒေါ်ကြီးမျက်နှာ ပြုံးသွားရကာ

"လူပျိုတွေပေါ့ သမီးရဲ့"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ခေါ်လုံးရဲ့အပြုံးကြောင့် ဒဏ္ဍာရီ နည်းနည်းတော့ ရှက်သွားမိသည်။

ဒါပေမဲ့ သူမက ကိုမိုးဝသုန်အကြောင်းလည်း သိချင်သေးတာမို့

"သူတို့က မိန်းမမယူသေးတာပေါ့နော်၊ သူတို့ရည်းစားတွေဘာတွေရော ဒီကိုလာတတ်လားဟင်၊ တော်ကြာ ရှိလေးက မသိဘဲ သူ့စိမ်းထင်နေမိဦးမှာစိုးလို့ပါ"

"တောက်တီးတောက်တဲ့၊ ရည်းစားတွေဘာတွေ မလာတတ်ပါဘူးဟဲ့"

"ဒါပေမဲ့ သူတို့မှာတော့ရှိမှာပဲ၊ ခေါ်လုံးမသိလို့နေမှာ"

"မောင်ယံချမ်းကိုတော့ မေမေဦးက မိန်းမစပ်ဟပ်ပေးနေတာပဲ"

"ဒါဖြင့် ကိုမိုးဝသုန်ကရော"

"မောင်မိုးဝသုန်ကတော့ မသိဘူး၊ ညည်းလေးကိုယ်တိုင်မေးကြည့်ပေါ့"

"အိုး…သူ့ကိုမမေးရဲပါဘူး"





"ခေါ်ကြီးတော့ မကြားမိပါဘူးအေ"

သူတို့ကရော ခေါ်လုံးတင်သိအောင် ပေါ်တင်တွဲပါ့မလားနော်။

ဒဏ္ဍာရီကတော့ မရှိဘူးဆိုတာ မယုံပါဘူး။ ဒီအရွယ်ရောက်မှတော့ အမြီးပေါက်ရောပေါ့။ မဟုတ်ဘူးလား။

ဒဏ္ဍာရီသည် စကားလှည့်ပြောရင်းက ဂက်စ်မီးဖိုခလုတ်ကို အရှိန်တင်လိုက်သည်။ ဟင်းချိုက တစ္စခဏချင်း တဗွမ်းဗွမ်းဆူပြည်လာကာ အိုးကိုပင် ထိကိုင်လို့မရ။

သူမက မီးကို အရင်မလျှော့ဘဲ ကမန်းကတန်း အိုးကိုလက်နှီးနှင့်ကိုင်ကာ ချသည်။

"ဟဲ့…ဟဲ့ ဖြေးဖြေးနော်၊ ပူဦးမယ်"

ခေါ်လုံးတင် သတိပေးစကားမဆုံးခင်ပင်

"အံမယ်လေး အား"

"ဟင် အပူလောင်ပြီလား"

ယန်းကန်လုံးထဲ အထည့်မှာ လက်ဖမိုးပေါ် လောင်းချသလိုဖြစ်သွားသဖြင့် သူမလက်ကလေးကို တခါခါနှင့် ဒဏ္ဍာရီက ဆေး



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ရဲသွားတာပဲ၊ မှန်းစမ်း"

ဒဂ္ဂျာရီမှာ လက်ပူလောင်သွား၍ မျက်ရည်လေးဝဲကာ ခုန်စွခုန်စွနှင့် မခံနိုင်အောင် ဖြစ်နေရပါသည်။

"အဲဒါမှ ပြဿနာပဲ၊ ဘာဆေးထည့်ရမလဲ"

"မှုး...မှုး"

ဒဂ္ဂျာရီလည်း ဘာလုပ်ရမှန်းမသိဘဲ တမှုးမှုးသာ လေနှင့် မှုတ်နေမိ၏။ ပြီးလျှင် သက်သာမလားဟု ရေခဲလုံထဲ လက်ကို နှစ်စိမ်ထားလိုက်သည်။

"မဖြစ်ပါဘူးအေ ဆေးခန်းသွားမှရမယ်ထင်တယ်"

"ဟင့်အင်း"

ဒဂ္ဂျာရီက ခေါင်းယမ်းသည်။

ကိုယ့်အတွက်ကြောင့် အလုပ်တွေမပိုစေချင်။

"အဲဒါကြောင့် ခေါ်ကြီးပြောတယ်၊ ဝင်မလုပ်ပါနဲ့ဆိုတာ"

ခေါ်လုံးက ဗျစ်တောက်ဗျစ်တောက်နှင့် ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသည်။





ထိုအချိန်မှာပဲ အိမ်ရှေ့ဖက်က ကားဟွန်းသံ ကြားရ၏။

"ဟောတော့ ပြန်လာကြပြီထင်တယ်"

ဘုရားရေ ကိုယ်ချမ်းတို့ပြန်လာပြီလား။ သူမကိုဆူတော့ မှာပဲဟု ဒဂ္ဂျာရီ မျက်လုံးလေး ဝိုင်းသွားရ၏။

ရင်ထဲမှာလည်း ထိတ်ခနဲ ခုန်သည်။

ခေါ်လုံးက အိမ်ရှေ့ဖက် ထွက်ဟန်ပြင်တာမို့ ကမန်းကတန်းနှင့်

"ခေါ်လုံး သူတို့ကို ဘာမှသွားမပြောနဲ့နော်"

"အေးပါ"

နှုတ်ကသာ အေးပါဟုပြောသွားသော်လည်း ခြံစောင့်ဦးစိန် တံခါးဖွင့်ပေးပြီးနောက် ပေါ်တီကိုအောက် ရောက်လာသော ကားထဲကို အမောတကော ကြည့်မိသည်။

မိုးဝသုန်က ကားရပ်ပြီး ဆင်းလာ၏။

မောင်ယံချမ်းမပါဘူးဆိုတော့ အတော်ပင်။

"မောင်မိုးဝသုန် ထမင်းပြန်စားတာ အတော်ပဲဟေ့"

ရောက်ရောက်ချင်းပင် စကားစလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဗျ"

"ရီရီ လက်အပူလောင်သွားလို့၊ ဒေါ်လုံးလည်း ဘာလုပ်ပေးရမှန်းမသိဘူး"

"ဟာ ဟုတ်လား၊ အရမ်းများလား၊ ဘာဖြစ်သွားလဲ"

မိုးဝသုန်က ကားသော့နှင့်ပါလာတဲ့ ပိုက်ဆံအိတ်ကို မှန်စားပွဲပေါ်တင်ကာ နောက်ဖေးဘက်သို့ ပျာပျာသလဲ လှမ်းဝင်သွားသည်။

ဒေါ်လုံးတင်က နောက်မှပါလာ၏။

"ရီလေး"

"အို"

မိုးဝသုန်က ဒဏ္ဍာရီရဲ့ လက်ဖမိုးနီရဲရဲလေးကို ဖျတ်ခနဲ ဆုပ်ကိုင်ဆွဲယူကြည့်လိုက်၏။

"ဟာ နီရဲနေတာပဲ၊ ဒီတိုင်းထားရင် ရေကြည်ဖုထွက်လာလိမ့်မယ်၊ မဖြစ်ဘူး ဆေးခန်းသွားပြရအောင်"

"ဟင့်အင်း မသွားပါဘူး"

"ဟ မသွားလို့ဘယ်ဖြစ်မလဲ"





ဒဏ္ဍာရီက သူမလက်ကလေးကို အသာအယာ ပြန်ရုန်းလိုက်၏။

သူဆုပ်ကိုင်လိုက်တော့ ရက်ပြီးတော့ ပူလောင်တာတွေပင် ပျောက်သွားသလို ထင်ရသည်။

"ဒီနားမှာပဲ သူငယ်ချင်းဆရာဝန်ရှိတယ်၊ နေဦး ကိုယ် ဖုန်းဆက်မေးကြည့်လိုက်မယ်၊ အနည်းဆုံး ဘာလုပ်ရမလဲဆိုတာ သူညွှန်ကြားပေးလိမ့်မယ်"

မိုးဝသုန်က ချက်ချင်းဖုန်းဆက်၏။

"ကိုမော် အိမ်မှာရှိတယ်ဆိုလာခဲ့မယ်လေ၊ အိုကေ"

ဖုန်းချပြီးတာနှင့် ဒဏ္ဍာရီကို ကားပေါ်တက်ခိုင်းကာ လမ်းနှစ်ကွေ့လောက်မောင်းရသော သူ့သူငယ်ချင်းဆရာဝန်ရဲ့ခြံကို ခေါ်လာခဲ့ပါသည်။

သူမအတွက် စိုးရိမ်ပူပန်ပေးသော ကိုမိုးဝသုန်ကို ရီလေးက ခပ်ငေးငေးကြည့်နေမိသည်။

သူ့ကားမောင်းပုံက ညင်သာသေသပ်ပြီး စတိုင်လ်ကျလှ၏။



www.burmeseclassic.com

www.burmeseclassic.com



အထင်ကြီးအားကိုးစရာ ကောင်းလွန်းသော သူ့သဏ္ဌာန်ကို နှစ်လိုခြင်းက ရင်ထဲမှာ အရှိန်အဟုန်နှင့် ဖြစ်ထွန်းလာသည်။

ညိုညိုစိုစိုနှင့် ဝင်းပသောအသားအရေမှာ မျက်ခုံးထူထူ တန်းတန်းနှင့် စူးရှသော မျက်ဝန်းအစုံ။ ပြီးတော့ ပေါ်လွင်တဲ့နှာတံ၊ ပိရိပြီး ပုံစံကျနသော နှုတ်ခမ်းထူထူနှင့် သူ့ပုံစံက ယောကျ်ားပီသ ခန့်ညားလွန်းသည်။

သူဟာ သဘာဝဆန်ဆန် ယောကျ်ားချောချောတာ။

ကိုယ်ချမ်းလို ဖြူနုရှင်းသန့်နေတာမျိုးမဟုတ်။

သူ့ပုံစံ၊ သူ့ဟန်အမူအရာကို ဒဏ္ဍာရီ နှစ်သက်သဘောကျသည်။

သူဟာ ဒဏ္ဍာရီစိတ်ကူးပုံဖော်ကြည့်ခဲ့မိသော ယောကျ်ားတစ်ယောက်ရဲ့ စံမီပုံစံမျိုးပဲဖြစ်သည်။

သူ့သူငယ်ချင်း ဆရာဝန်ဆီကို ရောက်တော့ ဒဏ္ဍာရီရဲ့ အပူလောင်သောဒဏ်ရာကို ကြည့်ရှုစစ်ဆေးကာ ဆေးထည့်ပေးသည်။

ဆေးထည့်လိုက်သောအခါ ပူနေတဲ့အနာက အေးမြသွား





လေသည်။

"ကျေးရွာတင်လိုက်တာ ကိုမိုးဝသုန်ရယ်၊ ကိုမိုးဝသုန်ရဲ့ ကျေးရွာတွေ သိပ်များနေပြီသိလား"

အပြန်လမ်းမှာ သူမက အလေးအနက်ထပ်ပြောသည်။

"ဟား ဟား သိပ်တောင်များနေပြီ၊ ဟုတ်လား"

သူက ရယ်ရယ်မောမောနှင့် ဒဏ္ဍာရီဖက် လှည့်ကြည့်သည်။

"အင်းပေါ့၊ ကိုယ်ချမ်းကိုလည်း ကူပြီးပြောပေးတယ်လေ၊ နှင်းဆီပန်းလည်း ခူးပေးသေးတယ်"

"ဒါလေးများကွာ"

"ရီလေး ဒီအကူအညီတွေကို ဘယ်တော့မှမမေ့ဘူး သိလား"

"အလုပ်ရရင် မုန့်ဝယ်ကျွေးမှာလား"

သူက ကလေးတစ်ယောက်ကို မေးသလိုမျိုး ရယ်ဟဟ နှင့် မေးသည်။

"ကျွေးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရီလေးကို အလုပ်တစ်ခုခု ရှာပေးလိုက်ပါလား
ယံချမ်းကိုတောင် ပြောမိသေးတယ်"

"ဟင် သွားမပြောပါနဲ့၊ ကိုယံချမ်း စိတ်ဆိုးနေဦးမယ်"

"မဆိုးပါဘူး"

"ရီလေးဘာသာ ရှာပါ့မယ် ကိုမိုးဝသုန်ရယ်၊ တော်ကြ
သူ ရီလေးအပေါ် တစ်မျိုးဖြစ်နေလိမ့်မယ်"

ဒဏ္ဍာရီကတော့ ယံချမ်းကို ခုထိလန့်သည်။ သူ့ပုံစံ
အပြုံးအရယ်မရှိ ခပ်တင်းတင်းနှင့်မဟုတ်လား။

အိမ်သို့ပြန်ရောက်လျှင် ဒေါ်လုံးတင်က ကိုမိုးဝသု
အတွက် ထမင်းပွဲပြင်ပေး၏။

သူမကိုတော့ ဘာမှမလုပ်စေဘဲ ငြိမ်ငြိမ်သာထိုင်နေခိုင်
သည်။

"လက်ကို ရေမစိုစေနဲ့လို့ ဆရာဝန်မှာထားတာ ကြားတယ်
နော်၊ ခင်ဗျားလေး ဘာမှဝင်မလုပ်နဲ့ဦး"

သူက ဤသို့ဆိုသဖြင့် ဒဏ္ဍာရီမှာ ဘာမှကူညီလို့မ
သူ ထမင်းစားဖို့ ဇွန်းခက်ရင်းကိုင်တာနှင့် ဖုန်းကမြ





ာပါသည်။

"ဟဲလို...အေး ဟုတ်တယ်"

"မင်းအခုဘယ်ရောက်နေတာလဲ၊ အိမ်မှာလား"

"အေး"

"ဟ...ဘဏ်သွားဖို့ လွှတ်လိုက်တာ၊ အရေးထဲ အိမ်
ာစ်ခေါက်ဝင်နေသေးတယ်၊ အချိန်မမီဘဲ နေဦးမယ်ကွ"

"မီပါသေးတယ်"

"မင်းနော် ငါမပြောချင်ဘူး၊ အိမ်ပြန်ထမင်းစားရအောင်
ဒေါ်လုံးတင် လက်ရာတော်တော်ကြိုက်နေတယ်၊ ဟုတ်လား"

ယံချမ်းက သူ့စိတ်ကို ရိပ်မိနေသလို ခနဲ့လိုက်ပါသည်။
မိုးဝသုန်က ရယ်ကျဲကျဲလုပ်ရင်း...

"ငါ အစကတည်းက ကြိုက်တာပဲ၊ မင်းသာ ဟိုတယ်
အစာတွေ ကြိုက်တာလေ၊ ငါက အိမ်ထမင်း အိမ်ဟင်းပဲ"

"အောင်မာ မသိရင်ခက်ဦးမယ်၊ ဟောကောင် အပိုမပြော
အမြန်ပြန်ထွက်"

"ထွက်မှာပါ၊ ဒီမှာ ရီရီလက်အပူလောင်လို့ ကိုမော့



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းပြပေးလိုက်တာ''

''ဒီဟာမလေးတလည်း အိမ်မှာတမောင့်၊ ကျွတ် ကဲ ကဲ မင်းလည်း သိပ်အကဲမပိုနဲ့တော့၊ ဖယားတွေများလာပြီ၊ ဘဏ်မမီရင် မင်းနဲ့ငါတွေ့မယ်၊ ဒါပဲ ဒါပဲ''

ဝေယံချမ်းသာဖက်က ဖုန်းချသွားလျှင် မိုးဝသုန်မျက်နှာက မလုံမလဲပြုံးနေမိရက်သား။

ယံချမ်းပြောသလိုပဲ အကဲပါနေမိပြီလား မသိပါဘူး။

ရုံးမှာနည်းနည်းလစ်တာနှင့် သူအသာလေး အိမ်ပြန်ပြေးလာတတ်တာ ယံချမ်းက လှူလည်မို့ ရိပ်မိနေပြီ။

ဒီလို ခဏခဏအိမ်ပြန်လာချင်မိတာ ဘယ်လိုဆွဲအားတွေကြောင့်လဲကွာ။

''ကိုမိုးဝသုန်''

''ဗျာ''

''ကိုယံချမ်း ဘာပြောနေတာလဲဟင်''

''ဘာမှမဟုတ်ပါဘူး''

''ကိုမိုးဝသုန်ကို သူဆူနေတာမဟုတ်လား''





''မဟုတ်ပါဘူး၊ ရုံးကကိစ္စပြောနေတာ''

ရီလေးက သူ့မျက်နှာကို စေ့စေ့ကြည့်လျှက် အကဲခတ်နေ၏။

မယုံပါဘူးနော်၊ ရီလေးနဲ့ပတ်သက်ပြီး သူတစ်ခုခု အဆူခံထိနေပြီ။

ကိုယံချမ်းဟာ သူငယ်ချင်းဆိုပေမဲ့ ကုမ္ပဏီပိုင်ရှင်သူဌေးကြီး အလုပ်ရှင်ကြီးလည်း ဖြစ်နေသေးရာ ကိုမိုးဝသုန်ကို အချိန်နေရာမရွေး ဟောက်တတ်သေးတာ သူမသိနေကြားနေရတာပဲ။

''ကဲ မောင်မိုးဝသုန်ရေ ထမင်းစားစရာရှိစားလေ၊ ဟင်းချိုတွေတောင် အေးကုန်တော့မယ်''

''အင်း...အင်း စားမယ်''

သူ့ကုမန်းကတန်း တက်သုတ်ရိုက်စားသောက်ကာ ခပ်လောလောနှင့် ပျာယီပျာယာ ပြန်ထွက်သွားတာကိုကြည့်ရင်း ဒဏ္ဍာရီက ပင့်သက်ငွေ့ငွေ့လေး ရှိုက်မိသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ကားကို အောက်ဖက် (under ground)ကားပတ်ကင်မှာ ရပ်ခဲ့ပြီး ရုံးခန်းပေါ်သို့ ဓါတ်လှေကားနှင့် တက်လာပေမဲ့ နေပူထဲ ပြေးလွှားသွားလာနေခဲ့သဖြင့် မိုးဝသုန်နဖူးစပ်မှာ ချွေးစို့နေရ၏။

သူ့ရဲ့ အလုပ်စားပွဲသို့ရောက်လာပြီး ထိုင်လိုက်လျှင် မို့မို့ ကျော်က

"ကိုမိုး မောလာပြီလား"

"မောတာပေါ့၊ ဘဏ်ကို နှစ်ခေါက်သွားရတာ၊ ကားထဲလည်း အဲကွန်းမရတော့ လမ်းမှာရေလည်ပွတယ်ကွာ"

"ဒါဆို အအေးသောက်လေ ရော့"

မို့မို့ကျော်က (Pokka) အအေးဗူးလေး ဖွင့်ဖောက်၍ မန့်ခွက်ထဲ ထည့်ပေးသည်။

"မို့မို့တို့ကတော့ အလိုက်သိတယ်ဟော့၊ တို့ရဲ့ GM



www.burmeseclassic.com

www.burmeseclassic.com



ဂျီအမ်ကြီးကို မျက်နှာလုပ်နေပြီ''

ရည်မွန်က လှမ်းစ၏။

သူတို့နှစ်ယောက်က တစ်ဦးကိုတစ်ဦး စောင့်ကြည့်ကြ၊ နှိပ်ကွပ်ဖို့ အကွက်ချောင်းကြ၊ စကားနာထိုးကြနှင့် အင်မတန် နားညည်းဖို့ကောင်းတဲ့ ကောင်မလေးတွေပါ။

''နင်လည်း မကျေနပ်ရင် ဒီကိုလာခဲ့ပေါ့၊ နင် ထမင်းချိုင့်ထဲက လက်ဖက်သုပ်ပါယူခဲ့လေ''

''အေး···လာပြီ''

ရည်မွန်ကလည်း လက်ဖက်သုပ်ချိုင့်အံထဲ ဖွန်းတပ်၍ သူ့စားပွဲဆီ ကူးလာပါသည်။

မို့မို့နှင့် ရည်မွန်က နေ့လယ်တီးတိုင်းမ်ဆိုလျှင် ဒီလိုပဲ သူနှင့်လာစကားပြောနေကျ။

အစတုန်းကတော့ ဒီလိုမျိုး မချောလေးနှစ်ယောက် ဘယ်ညာရံထားတာကို ဂုဏ်ယူကျေနပ်ပြီးနှင့် မိုးဝသုန်က မာန်တက်ခဲ့ရတာအမှန်။

အခုတော့ ဒဏ္ဍာရီလေး တစ်နည်းနည်းနဲ့ သိသွားပြီး





သူ့အပေါ် အမြင်မှား စိတ်ထဲကြိတ်၍ ပွယ်တတ်ခဲ့ပြီ။

''ကိုယ် ဒီနေ့ရုံးစောဆင်းရမှာကွ၊ တော့စ်မိုင်းထားတဲ့ကိစ္စတွေ မပြတ်သေးဘူး''

''မြို့ထဲသွားရမှာလား ကိုမိုး၊ အဲဒါဆို ရည်မွန်ပါလိုက်ခဲ့မယ်''

မိုးဝသုန် မျက်လုံးပြူးသွားရကာ

''အာ မြို့ထဲမဟုတ်ပါဘူး၊ ခုနစ်မိုင်ဖက်''

''ဟုတ်လား၊ ဒါဆိုအတော်ပဲ မို့မို့၊ နင် ဂျုန်းရှင်းအိတ်ဆိုင်မှာ ဆံပင်ညှပ်ဖို့ဆို ငါတို့ ကိုမိုးနဲ့လိုက်သွားရင် မကောင်းဘူးလား''

ဒီနှစ်ယောက်သည် သူ့ကို အလွတ်ပေးမည့်ပုံကို မရပါလား။

အစကတည်းက သူတို့ အိတ်ကို သိသိကြီးနှင့် မတင်မကျလိုက်လျောလက်ခံပြီး ပြန်ရော်ထားမိတာကိုက မိုးဝသုန်ရဲ့ အမှား။

အခုမှ ပြတ်ပြတ်သားသား ဖြတ်တောက်ချလိုက်ဖို့က



www.burmeseclassic.com

www.burmeseclassic.com



မလွှယ်ဘူးဖြစ်နေပါသည်။ ခင်မင်ရင်းနှီးလက်စတွေက ရှိနေသည်။

"ဒီနေ့ တနင်္လာလေဟာ၊ မန်းဒေးဆိုတာ ဆံပင်မညှပ်ကောင်းဘူးဟ၊ ဒါလေးတောင် မသိဘူးလား"

"ဟင့်အင်း မို့တို့ကတော့ ဘာနေ့ဖြစ်ဖြစ် ညှပ်ချင်ညှပ်လိုက်တာပဲ"

"အဲဒါတွေခက်တာပေါ့၊ ဘာမှလည်း နားမလည်ဘူး"

"ကိုမိုးက တို့တွေကို မခေါ်ချင်ဘူးလားမသိပါဘူး"

"မဟုတ်ပါဘူး၊ နင်တို့လိုက်လို့ ဘာမှမဖြစ်ဘူး၊ ဒါပေမဲ့ ငါက ရုံးစောစောဆင်းမှာမို့လို့ ပြောနေတာ"

မိုးဝသုန်က ကိုယ်တွေဘာတွေ နာမ်စားမသုံးတော့ဘဲ ရိုးရိုးသားသားပုံစံ နင်တို့နဲ့ ငါနဲ့ပဲ သုံးနှုန်းပြောဆိုလိုက်၏။

မို့မို့ကျော်နှင့် ရည်မွန်က အချင်းချင်း မျက်ခုံးပင့်ပြမိကြသည်။

ခုတလောမှာ ကိုမိုးဝသုန်ကြီးရဲ့ အမူအရာရော လေသံရော ပြောင်းလဲတည်ငြိမ်လာခဲ့တာ သူတို့သတိထားမိသည်။

အစကဆိုရင် ရုံးပိတ်ရက်လည်း တစ်နေရာရာလိုက်ပို့ဖို့

နိုး:မိုး:၀၇၆ပ



ပူဆာလို့ရသည်။

ခုတလောမှာတော့ အကြောင်းပြပြီး ငြင်းပယ်တာများနေပြီလေ။

ကိုမိုးအခြေအနေကို သူတို့သိပ်မသကာ။ မျက်ခြေမပြတ်ကြည့်နေတဲ့ကြားက ထူးခြားမှုပေါ်ပေါက်လာတာကို မသိရှိလိုက်ပေ။

ဒါကိုသိအောင်တော့ လုပ်ရမည်။

"ကိုမိုး"

"ဘာလဲ"

"တစ်ခုမေးမလို့"

"အလုပ်တွေများရတဲ့အထဲမှာ နင်တို့ကလည်း စားနေပြန်ပြီ"

"ဦးသက်နိုင်ကပြောတယ်၊ ကိုမိုးကို ကောင်မလေးတစ်ယောက်နဲ့ အတူတူတွေ့လိုက်တယ်တဲ့"

"ဟာ မဟုတ်တာ၊ နင်တို့ကို ဦးသက်ကြပ်ပေးတာ၊ အလကား"

နိုး:မိုး:၀၇၆ပ

www.burmeseclassic.com

www.burmeseclassic.com

“ကိုမိုး မညာနဲ့နော်”

မို့မို့နှင့် ရည်မွန်က မိုးဝသုန်ရဲ့ အမူအရာကိုလည်း ပြုံးပြုံး၍ အကဲခတ်နေသည်။

မိုးဝသုန်လည်း နည်းနည်းတော့ ရင်ခုန်သွားရသည်။

သူ့ကို ဦးသက်-တကယ်မြင်တာလားဟုလည်း စဉ်းစားသည်။

ဒဏ္ဍာရီမှာ အဝတ်အစားအိတ် အလစ်သုတ်ခံရသဖြင့် ခေါလုံးတင် အဝတ်အစားတချို့ ယူဝတ်နေရတာမို့ ပြီးခဲ့တဲ့ တစ်ရက်က ယုဇနပလာဇာ ခေါ်သွားပြီး လိုအပ်တာသွားဝယ်ခဲ့တာ ပြန်အမှတ်ရသည်။

အဲဒီတုန်းကများ မတော်တဆ တွေ့သွားတာလား။

“မိန်းကလေးသူငယ်ချင်းတွေဘာတွေတော့ ရှိတာပေါ့ဟာ”

“အဲဒီနေ့က တွဲလာတာ ဘယ်သူလဲ”

“ဟုတ်တယ်၊ ရည်မွန်တို့ကို မလျှိုထားနဲ့နော်၊ ပြောပြော”





“ဟ နေရင်းထိုင်ရင်း စစ်ဆေးရေးဝင်နေပါလား၊ ကိုယ့်စားပွဲကိုယ်ပြန်စမ်းပါဟာ၊ နားတွေညည်းလာပြီ”

“ကိုမိုးနော်”

မို့မို့ကျော်က သူ့ကိုထုရိုက်ချင်ပုံ။

ဒီကောင်မလေးတွေက စိတ်မထင်လျှင် မထင်သလို သူ့ကျောပြင်ကို ပခုံးကို ထုရိုက်တတ်သည်မဟုတ်လား။

အစတုန်းကတော့ သူကလည်း တဟဲဟဲရယ်ကာ ကောင်မလေးတွေနှင့် လုံးထွေးနောက်ပြောင်ရင်း ကျေနပ်သာယာနေခဲ့တာပဲ။

အခုတော့ ယံချမ်းလို တည်တည်ကြည်ကြည်နေရင် ပိုကောင်းမလား တွေးလာရပြီ။

တော်ကြာ တည့်ကြည်တဲ့ ယံချမ်းက အမှတ်တွေ ပိုသာသွားမှာစိုးရသည်။

နဂိုကတည်းကလည်း ပြည့်စုံချမ်းသာပြီး မိန်းကလေးတွေ မက်မောလောက်တဲ့ အခြေအနေမျိုး ပိုင်ဆိုင်တဲ့သူလေ။

မိုးဝသုန်ရဲ့ အတွင်းစိတ်တစ်နေရာမှာ စိုးရိမ်မကင်းတာ၊

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်အခြေအနေကို အလိုမကျတာတွေ စတင်ခံစားလာရပြီမဟုတ်လား။

အရင်တုန်းကတော့ ဒါတွေကို သူ စေ့စေ့တွေးမကြည့်တတ်ခဲ့ပါ။

အခုတော့ မိန်းကလေးတစ်ယောက်က သူ့ကို အထင်မကြီးမှာ၊ မလေးစားမှာ၊ တန်ဖိုးမထားမှာ သူကြောက်နေခဲ့ပြီ။

ပြီးတော့ လေးစားအားကိုးစရာ ယောကျ်ားတစ်ယောက်ဟာလည်း သူ့နံဘေးမှာတင် ရှိနေသည်မဟုတ်လား။

"မသွားပါဘူး၊ ကိုမိုးပြောမပြရင် သွားကိုမသွားဘူး"

"နင်တို့အလုပ်တွေ ကိစ္စမပြတ်ရင် ဒေါ်အေးဆွေကြီးအော်မှာနော်"

မိုးမိုးတို့မှာက ဒေါ်အေးဆွေကြီး ဆူပူမှာထက် ပိုအရေးကြီးတဲ့ကိစ္စ ရှိနေပြီကိုး။

ခြိမ်းခြောက်တာလည်း မထွက်သွားဘဲ သူ့နားပေကပ်ထိုင်နေကြတာမို့ မိုးဝသုန် စိတ်တွေညစ်လာရ၏။

"ကဲ ကဲ ဒါကဘာပြောပြရမှာလဲ"





"ကိုမိုး တွဲနေတာ ဘယ်သူလဲ၊ ဘယ်ကလဲ"

"မတွဲပါဘူးဆိုဟာ၊ ပြဿနာပဲ"

"ဦးသက်က ကောင်မလေးပုံစံက အရမ်းသန့်တယ်၊ အချောစားလေးလို့ ပြောတယ်"

"ပေါက်ကရကွာ နေစမ်းပါဦး၊ ဦးသက်နိုင်လည်း ငါနဲ့တွေ့ပါဦးမယ်၊ အလကားသက်သက် လျှောက်ဖွနေတယ်"

"ဖွတာမဟုတ်ပါဘူးနော်၊ သူကသတင်းပေးတာ"

"ဝန်ခံလိုက်စမ်းပါ ကိုမိုးရာ၊ ညာမယ်မကြံနဲ့"

သူ့ကို ညှပ်ပူးညှပ်ပိတ် အပြိုင်အဆိုင် အစ်အောက်မေးခွန်းထုတ်နေကြတာကြည့်။

သို့သော် မိုးမိုးကျော်စကားတစ်ခွန်းမှာ သူငြိမ်သက်သွားရ၏။

"အဲဒီကောင်မလေးက ဆံပင်အရှည်ကြီးဆို၊ ကျောပေါ်မှာ ဆံပင်တွေက ခြုံထားသလိုပဲဆို၊ အရမ်းလည်း ချစ်စရာကောင်းတယ်တဲ့၊ လမ်းလျှောက်ပုံလေးကိုက နွဲ့နွဲ့လေးနဲ့ ကဗျာဆန်တယ်၊ လေပြေလေးရွေ့လျားသွားသလိုပဲတဲ့၊ မိန်းကလေးချင်းတောင် ငေးရ



www.burmeseclassic.com

www.burmeseclassic.com



အောင် လှတယ်လို့ပြောတာပဲ၊ အဲဒါမဟုတ်ဘဲ ပြောမလားလို့ကဲ''

စိတ်မရှည်သံလေးအဆုံးမှာ မိုးဝသုန် ဘာပြန်ပြောရမည်မသိဘဲ နှုတ်ဆွံ့နေမိသည်။

ဒီလောက်ဆိုလျှင်တော့ ဒဏ္ဍာရီကို ဦးသက် မြင်တွေ့ခဲ့တာ သေချာပါပြီ။

ဒဏ္ဍာရီဟာလည်း မြင်သူတကာ တအံ့တသြငေးမောရအောင်ပင် အလှထူးသူလေး မဟုတ်ပါလား။

''ကိုမိုး ဘာလို့တိတ်သွားတာလဲ''

''ငြင်းဦးမှာလားဟင်''

''မငြင်းပါဘူး၊ မိန်းကလေးဘော်ဒါဆိုတာ ရှိမှာပဲပေါ့၊ ဒါဘာဆန်းလို့လဲ''

''ဘော်ဒါရော ဟုတ်ရဲ့လား''

''ဟွန်း…မယုံပါဘူး''

''သူ့နာမည်က ဘယ်သူလဲ''

''ရည်မွန်တို့နဲ့ မိတ်ဆက်ပေး''

''ရုံးကို တစ်ခါလောက် ခေါ်ခဲ့ပါလား''

''အပြင်မှာ မုန့်လိုက်ကျွေးတာ ပိုကောင်းပါတယ်''

''ရည်းစားမဟုတ်တာရော သေချာရဲ့လား''

''အေးလေ…မဟုတ်ဘူးဆိုရင် မိတ်ဆက်ပေးရမှာပေါ့''

''မို့မို့ စွတ်ပြောမနေနဲ့၊ သူ့မျက်နှာလည်းကြည့်ဦး''

ကောင်မလေးနှစ်ယောက်က တစ်ယောက်တစ်ခွန်းအဆက်မပြတ် စကားထိုးစစ်ဆင်နေတာမို့ မိုးဝသုန်မျက်နှာမှာ မအီမလည်ပုံစံကြီးနှင့် အကျပ်ရိုက်နေတာတော့အမှန်ပင်။

''ငါ့မျက်နှာက ဘာဖြစ်လို့လဲ''

''ကိုမိုး မရိုးတာသေချာတယ်''

''ဘာမှလည်းမဟုတ်ဘဲနဲ့ နင်တို့ တစ်ရုံးလုံး လိုက်ဖွမနေနဲ့နော်''

''ကြေငြာပေးရမှာပေါ့''

''ဒါပေါ့၊ မြဲနေလို့တော့ ဘယ်ဖြစ်မလဲ၊ ငါတို့ ဂိုအမ်ကြီးစွံနေပြီဆိုတာ ကြွားရမှာပေါ့''

''မဟုတ်ပါဘူးဆိုမှဟာ တော်ပြီ နင်တို့နားမှာ ဆက်ထိုင်





www.burmeseclassic.com

www.burmeseclassic.com



နေလို့ကို မဖြစ်တော့ဘူး”

မိုးဝသုန်က ပြောပြောဆိုဆို အဲအေးဖန်ခွက်လက်ထဲကိုင်လျက် ဟိုဖက်က ဦးသက်နိုင်တို့ရုံးခန်းဘက်သို့ ကူးသွားလေသည်။

မို့မို့ရော်ကျော်နှင့် ရည်မွန်မှာ တစ်ယောက်ကိုတစ်ယောက် မျက်စပစ်ပြလျက် ပခုံးတွန့်မိကြသည်။

◆ ◆ ◆



ရက်အနည်းငယ်ကြာလာတော့လည်း ဒဏ္ဍာရီ ဒီအိမ်ကြီးမှာ နေသားကျလာခဲ့သည်။

ကိုယ်ချမ်းက သူမထင်သလောက်လည်း သဘောထားမဆိုးပါဘူးလေ။

ရောက်ပြီး တစ်ရက်နှစ်ရက်မှာပင် ဒေါ်လုံးအား စတိုခန်းတစ်ခုကို ရှင်းလင်းစေပြီး ဒဏ္ဍာရီနေဖို့ အခန်းပြင်ပေးခဲ့သည်။

လိုအပ်တဲ့ မီးသီးမီးချောင်းတွေလည်း တပ်ဆင်ပေး၏။

စတိုခန်းဆိုပေမဲ့ သိပ်ကျဉ်းကျဉ်းလေးမဟုတ်။

နေလောက်ရုံတော့ ချောင်ချိကျယ်ဝန်းပါသည်။

နေ့ခင်းနေ့လယ်ဆို ဒဏ္ဍာရီက ကိုယ့်အခန်းလေးကိုယ် တံခါးပိတ်ကာ ခဏတဖြုတ် လှဲလျောင်းချင်လဲလျောင်း၊ စာဖတ်ချင် စာဖတ်နှင့် အေးအေးလူလူဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့လည်း ဒေါ်ကြီးစော ရေးပို့လိုက်တဲ့စာကို ပြန်ဖွင့်ဖတ်နေမိ၏။

*သမီးရီလေး အဆင်မှပြေပါ့မလားလို့ ဒေါ်ကြီးစော နေ့တိုင်းစိတ်ပူနေမိတယ်။*

*သမီးက ရန်ကုန်ကိုလည်း တစ်ခါမှမရောက်ဖူးဘူး မဟုတ်လား။ ဒီအိမ်မှာတော့ ပြဿနာတွေ အကြီးအကျယ်တက်နေလေရဲ့။ နေစိုးလည်း ခုထက်ထိ ဆေးရုံက မဆင်းရသေးဘူး။*

*ပထမ တစ်ရက်နှစ်ရက်မှာ သတိကောင်းကောင်းပြန်မရလို့ ဒေါ်စောတောင် လန့်နေမိတယ်။*

*အခုတော့ သတိပြန်ရလာပါပြီ။ စိတ်မပူနဲ့တော့။*

*ဒါပေမဲ့ မမှုယာက သူ့မောင်ကိုစွ အမှုဖွင့်မယ်လို့ ပြောနေတယ်။*

*ရီလေး ဖေဖေကတော့ သူ့သမီးနဲ့ ပတ်သက်နေတဲ့အတွက်ကြောင့် အမှုမဖွင့်စေချင်ဘူး။*

*ဘာပဲဖြစ်ဖြစ် အခြေအနေတွေ ဆေးသွားရင် ဒေါ်စော နောက်တစ်ခေါက် စာရေးပါဦးမယ်၊ သမီးဖေဖေက သမီးအတွက်*





*စိုးရိမ်နေရှာတယ်၊ ရန်ကုန်ကို ထွက်သွားတယ်ဆိုတာတော့ သူ့စုံစမ်းလို့ သတင်းရလာပါတယ်။*

*ရီလေး ဒီစာရမရ အိမ်ကိုဖုန်းဆက်ပါဦး။*

*ဘယ်မှာရှိတယ်ဆိုတာ မပြောပြရင်တောင် ရီလေးအသံကို ဖုန်းထဲကကြားရရင် ရီလေးအဖေ စိတ်အေးသွားမှာပါ။*

*ဒေါ်စောကတော့ ရီလေးကိုပေးထားတဲ့ ကတိအတိုင်း နှုတ်လုံမယ်ဆိုတာ စိတ်ချနေပါ။*

*သမီး စိတ်ချမ်းသာပါစေ။*

*သမီးလေးရဲ့*

*ဒေါ်ကြီးစော*

"ခေါက် ခေါက်"

စာဖတ်လို့ပြီးစဉ်မှာပဲ တံခါးခေါက်သံသဲ့သဲ့က ပေါ်ထွက်လာသည်။

ဒဏ္ဍာရီက စာရွက်ကို ခေါင်းအုံးအောက်သို့ အမြန်ထိုးဝှက်ပြီးတော့ အိပ်ရာပေါ်မှ ဆင်းကာ တံခါးသွားဖွင့်လိုက်သည်။

တံခါးဝမှာ ရပ်နေသူကိုမြင်လျှင် ရင်ထဲမှာ အလိုလိုနွေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖိုသွားရ၏။

"သြော်…ကိုမိုးဝသုန်"

"ရီလေးအိပ်နေတယ်ထင်တယ်"

"မအိပ်ပါဘူး"

ဒဏ္ဍာရီက ဆံနွယ်ရှည်ရှည်လေးတွေကို ရှေ့ဖက်ပခုံးပေါ် ဆွဲယူလိုက်ကာ ရှက်စနိုးလေး ဖြေသည်။

စကားဝါရောင် အပွင့်နုပ်နုပ်ဂါဝန်ပွပွလေး ဝတ်ထားတဲ့ သူမရဲ့ပုံစံက ကလေးတစ်ယောက်လို ချစ်စဖွယ် ကောက်ချိုချင်စရာလေး ဖြစ်နေသည်။

မိုးဝသုန်သည် ရင်ထဲ မချင့်မရဲ ဖြစ်လာမှုကိုထိန်း၍

"ရီလေးအခန်းမှာ စာကြည့်စားပွဲမရှိသေးဘူးလို့ ဒေါ်လုံးကပြောတာနဲ့ ကိုယ့်အပေါ်ထပ်က ပိုနေတဲ့စားပွဲတစ်လုံး ယူလာပေးမလို့ပါ"

"အို ကိစ္စမရှိပါဘူး၊ စာကြည့်စားပွဲမရှိလည်း ရီလေးနေလို့ဖြစ်ပါတယ်၊ ကိုမိုးဝသုန် အလကားပင်ပန်းနေပြီ"

"ဒါလေးသယ်တာ မပင်ပန်းပါဘူးဗျာ"

နိုးမိုး၀၁ေပ



မိုးဝသုန်က သူမဘာလို့အပ်နေမလဲ အမြဲတမ်း သတိထားကြည့်ရှု၍ ဂရုစိုက် ဖြည့်ဆည်းပေးတတ်သည်။

အဝတ်အစားကအစ သူမစိတ်ကြိုက် လိုက်လံဝယ်ခြမ်းပေးသည်မဟုတ်လား။

"ရီလေး အားနာလိုက်တာနော်"

"အားမနာပါနဲ့၊ ဒါတွေပြောစရာလားကွာ"

"ဒါဆို ရီလေးပါ၊ ဝိုင်းကူသယ်မယ်"

အခန်းထဲကထွက်ကာ ကျွန်းစားပွဲအရွယ်တော်လေးတစ်လုံးကို အတူတူဝိုင်းမ၍ အခန်းထဲ သယ်ပို့ကြသည်။

သူက စာကြည့်မီးအုပ်ဆောင်း အသစ်လေးတစ်ခုပါ ယူလာပေးသည်။

"ကိုမိုးဝသုန် ဝယ်လာတာလားဟင်"

"ဟုတ်တယ်၊ ရီလေးအတွက် လက်ဆောင်ပါ"

ဒဏ္ဍာရီက နှုတ်ဆိတ်သွားသည်။

သူမမှာ ငွေအပိုအလျှံလည်း များများပါမလာခဲ့။ ပိုက်ဆံအိတ်ထဲပါလာတဲ့ အနည်းအကျဉ်းနဲ့ ဘာမှလည်းလုပ်မရ။

နိုးမိုး၀၁ေပ

www.burmeseclassic.com

www.burmeseclassic.com



ဘဏ်စာအုပ်လည်း ဟိုမှာကျန်ခဲ့တာမို့ ငွေလွှဲလို့လည်း ရမှာမဟုတ်။

ဒေါ်စောဆီ ဖုန်းဆက်ပြီး ဘဏ်စာအုပ်ပို့ခိုင်းရင်ရော။

မေမေ ဒီလိပ်စာသိသွားမလား။

"ရီလေး"

"ရှင်"

"ဘာတွေတွေးနေတာလဲ"

ရုတ်တရက် တစ်ခုခုကို စဉ်းစားပြီး ငြိမ်သက်သွားပုံရ၍ မိုးဝသုန်က မေးလိုက်မိတာဖြစ်သည်။

"ဘာမှမဟုတ်ပါဘူး၊ ကိုမိုးဝသုန်ကို အကြွေးဆပ်ရမှာတွေ များနေပြီလို့ စဉ်းစားနေတာပါ"

"ရီလေးက သူစိမ်းဆန်ဆန် သိပ်ပြောတာပဲကွာ"

မိုးဝသုန် မျက်နှာပျက်ပျက်နှင့် သုန်မှုန်သွားလျှင် ဒဏ္ဍာရီမှာမနေတတ်ဘဲ အပြုံးလေးနှင့် လိုက်ချော့မိကာ

"အဟင်း စိတ်မဆိုးပါနဲ့၊ ကူညီလက်စနဲ့ ရီလေးကို အလုပ်တစ်ခုခုလည်း ရှာပေးဦးနော်၊ သိလား"





သူ့ကာ နှုတ်ခမ်းကိုက်၍ ခပ်ကြိမ်းကြိမ်းကြည့်သည်။ သူ့ရဲ့အကြည့်တစ်ချက်က ရီလေးနှလုံးသားကို ဝှန်းဒိုင်းကြဲအောင် လှုပ်ရှားတိမ်းမူးသွားစေသည်။

ရှင့်ကို သံယောဇဉ်ဖြစ်မိနေပြီ ဦးမိုးဝသုန်ရဲ့၊ သိရဲ့လား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"မင်း သူ့အပေါ် အထင်လွဲနေတာပါ ယံချမ်းရာ၊ သူ့ပုံက မလည်ရှုပ်ပုံမထွက်ပါဘူး"

"ငါတော့ သံသယဖြစ်တာအမှန်ပဲ မိုးဝသုန်၊ သူ့ကို ကုမ္ပဏီမှာ အလုပ်ခန့်ပေးရအောင် သူမှာ ဘာမှအထောက်အထားမှ မရှိတာ၊ တကယ်ဆိုရင် မန္တလေးကို ဖြန့်ဆက်သွယ်ပြီး လှမ်းတောင်းပေါ့ကွ"

မိုးဝသုန်က မေးစေ့ကိုပွတ်ရင်း ငြိမ်သက်စဉ်းစားနေသည်။

သူမ အမှုအရာတွေဟာ ယံချမ်းထင်နေသလို တကယ်ပဲ မရိုးသားတာလား။

လှိုင်ဖွက်ချက်တစ်ခုခုနှင့် ဒီမှာလာပြီး ခြေရာဖျောက်နေတာလား။

ဒဏ္ဍာရီအပေါ် မိုးဝသုန် ထိုသို့မထင်ရက်နိုင်ပါ။ သူမ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ရင်းလေးက ဖြူစင်ငြိမ်းချမ်းပြီး သိမ်မွေ့တယ်ဆိုတာ သူကတော့ တရင်းတနှီး ပြောဆိုခင်မင်နေ၍ ယုံကြည်နေပါပြီ။

"နေစမ်းပါဦး၊ မင်းက ဘာကိုသံသယဖြစ်တာလဲ"

"သူက ဒေါ်စောတူမ မဖြစ်နိုင်ဘူး"

"လုပ်ပြန်ပြီ၊ မင်းဘာကြောင့် ဒီလိုပြောနိုင်တာလဲ"

"သူ့ရဲ့အသွေးအမွေး၊ သူပြောဆိုနေထိုင်တဲ့ပုံတွေက အဆင့်အတန်းမြင့်နေတယ်"

"ဒါကတော့ကွာ အိမ်ဖော်အဒေါ်ကြီးတစ်ယောက်ရဲ့ တူမ ဆိုပေမဲ့ သူက ပညာတတ်တယ်လေကွာ၊ တက္ကသိုလ်ကျောင်းသူ ဖြစ်ခဲ့တယ်လေ"

ယံချမ်းက ခေါင်းယမ်းသည်။

"ပညာတတ်ရုံတင်မကဘူးကွ၊ သူက ပိုက်ဆံချမ်းသာတဲ့ပုံလည်းပေါ်တယ်"

"မဖြစ်နိုင်တာကွာ၊ ရှင်းရှင်းပြောရရင် သူ့မှာ အဝတ်အစားဝယ်ဖို့တောင် ပိုက်ဆံပါခဲ့ပုံမရဘူးကွ၊ အခြေအနေလေးဘာလေး ငှားနေနိုင်ရင်တောင် ဒီအိမ်ကို အောက်ကျခံပြီး တက်လာမှာကို





မဟုတ်ဘူး၊ ရိုလေးမှာ မာနရှိတယ်၊ သူမတတ်သာလွန်းလို့သာ အကူအညီတောင်းတာမျိုးပါ"

"ငါကတော့ မင်းလို ရိုးရိုးမတွေးဘူး၊ သူ့မှာ အကြောင်း တစ်ခုခုတော့ရှိလိမ့်မယ်"

"ဘာအကြောင်းလဲ"

"ဒါတော့ ငါဘယ်သိမလဲ"

ယံချမ်းက စိတ်မရှည်စွာ ဘုတောပစ်လိုက်သည်။

ဒဏ္ဍာရီအကြောင်း စကားစလိုက်တာနှင့် မိုးဝသုန်က တစ်ဖက်သတ်ကြီး ကာကွယ်နေသည်။

ဟိုကောင်မလေးပြောသမျှ သူက ယုံနေသည်။

"မသိပေမဲ့ မင်းတစ်ခုခု အကဲခတ်မိတာရှိမှာပေါ့"

ပိုင်နိုင်သေချာနေသော ယံချမ်းပုံစံကြောင့် မိုးဝသုန်က လည်း သေချာသိရအောင် ထပ်မံမေးမိ၏။

"မနေ့က ငါတို့ညစာစားနေတုန်း ဖုန်းလာတယ်လေ၊ ငါက သူ့ကို တမင်နားထောင်နိုင်းလိုက်တာ၊ ပြီးတော့ မက်ဆေ့ချ် တစ်စုံလည်း ပို့နိုင်းကြည့်တယ်၊ သူက ငါနဲ့စကားပြောရင်းက

www.burmeseclassic.com

ဘယ်လက်ကလေးနဲ့ အသာကလေး ကျွမ်းကျွမ်းကျင်ကျင် နိပ်သွားတယ်ကွ"

"အဲဒါနဲ့ပဲ သူ့ငွေးသမီးဖြစ်ရောလား"

"မင်းစဉ်းစားကြည့်လေ၊ သူ့လက်ထဲမှာ ဒီလောက်ဖန်ရှင်မြင့်တဲ့ ဟင်းနံ့ဆက်က အကျွမ်းတဝင်ဖြစ်နေတယ်၊ ကြည့်ရင်သိသာတယ်ကွ၊ သူပြောသလို သူ့ဘဝက ခပ်နိမ့်နိမ့်ထဲက ဟုတ်ကို မဟုတ်ဘူး"

"ဒီခေတ်မှာကွာ ဖုန်းတို့၊ ကွန်ပျူတာတို့က လူတန်းစားမရွေး ထိတွေ့နေတဲ့အရာတွေပါ"

မိုးဝသုန်က ဆင်ခြေတက်လိုက်သည်။

ယံချမ်းကတော့ လက်မခံပါ။

"သူက ဒေါ်စောနဲ့ကပ်နေတာဆို၊ ဒေါ်စောဆိုတာက သူများအိမ်က အလုပ်သမား၊ သူကျောင်းတက်ဖို့တောင် အနိုင်နိုင်ထောက်ပံ့ရတာဆိုရင် ဟင်းနံ့ဖုန်းက ဘယ်လိုကြောင့် ဝယ်ကိုင်နိုင်တာလဲ"

"ဝယ်တာမဟုတ်ပေမဲ့ သုံးဖူးစွဲဖူးလို့ဖြစ်မှာပေါ့"





"ငါတော့မထင်ဘူး"

"ဒါဖြင့် မင်းက ဒဏ္ဍာရီကို ဘယ်လိုထင်လို့လဲ"

"သူညာနေတာ ဟန်ဆောင်နေတာလို့ မြင်တယ်"

"ဘာကြောင့် ညာရမှာလဲ၊ ဘာအတွက်လဲ"

"အဲဒါကို စုံစမ်းကြည့်ရမယ်"

"မင်း အဲလိုတွေသွားမေးရင် ကောင်းပါ့မလား ယံချမ်းရာ၊ နဂိုကမှ သူ့ခမျာ အားငယ်ပြီး အနေရခက်နေရှာတာ"

မိုးဝသုန်သည် ယံချမ်းကိုပင် သိပ်မကြည်ချင်တော့ပါ။

ဒဏ္ဍာရီက သူ့အိမ်ကနေ ဘာတွေယူသွားမှာမို့လို့လဲ။ ညာနေတယ်ဆိုရင်တောင် သူမဆီမှာ အခက်အခဲတစ်ခုခု ရှိလို့နေမှာပါ။

ယံချမ်းတို့ မိသားစုကို မကောင်းကြံမှာတော့ မဖြစ်နိုင်။

ဒဏ္ဍာရီလေးအပေါ် တစ်ဖက်သတ်စွဲချက်တင် အပြစ်မြင်နေတာ မကောင်းထင်နေတာတွေကို သူကြားကနေ မခံချင်သလို ဖြစ်မိသည်။

"အားငယ်နေရင် မင်းအားပေးလိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမရှိနဲ့ကွာ"

မိုးဝသုန်မျက်နှာ မှုန်တင်းတင်းဖြစ်သွားရသည်။

"အခု သူ ဒီမှာခဏနေတာ မင်းအတွက် ဘာထိခိုက်နေလို့လဲ ယံချမ်း၊ သူ့အတွက် ကုန်ကျတာတွေရှိရင် ငါအကုန်အကျခံနိုင်တယ်"

"ကျွတ် မင်းသိပ်နားဝေးပါလား မိုးဝသုန်ရာ"

မိုးဝသုန်ကတော့ ဒီကောင်ယံချမ်း သူ့ကို အလိုလိုကြည့်မရ မျက်မုန်းကျိုးနေတာဟုပဲ ထင်သည်။

ရီလေးက ဘာကိစ္စရှိရှိ အိမ်ရှင်ဖြစ်တဲ့ ယံချမ်းကို ဖွင့်ဟမပြောဘဲ သူ့ကိုသာ အားကိုးအားထား တိုင်ပင်တာမို့ ယံချမ်း မနာလိုဖြစ် ဂျေဝင်နေတာ ဖြစ်နိုင်သည်။

ရီလေးကို အလကားနေရင်း အပြစ်ရှာထောက်ပြနေတာလေ။

တကယ်တမ်း သူလည်း စိတ်မဝင်စားတာမဟုတ်။

ညည့်ခန်းကို ရီလေးထွက်လာပြီဆိုတာနှင့် ယံချမ်းမျက်လုံးတွေက ရီလေးထံ လိုက်ကြည့်နေတာ မိုးဝသုန်မြင်သည်။





အခုနောက်ပိုင်း ပိုသိလာသည်။

ယောကျာ်းလေးချင်းလည်းဖြစ်၊ အတူတူနေခဲ့တာလည်းကြာပြီဖြစ်တဲ့အတွက် ယံချမ်း အတွင်းစိတ်ကို မိုးဝသုန် နားလည်ရိပ်မိသည်။

ဟိတ်ဟန်တစ်ခွဲသားနဲ့ နေထိုင်ပေမဲ့ ရေမျောကမ်းတင်ရောက်လာတဲ့ ကောင်မလေးမို့ အရေးမစိုက်ပါဘူးလို့ ဟန်ဆောင်တင်းထားပေမဲ့ ဒဏ္ဍာရီရဲ့ အလှအပမှာ သူလည်း အမှတ်မထင်စီးမျောလိုက်ပါသွားမိတာ မိုးဝသုန် မျက်မြင်ပဲလေ။

သွားအပြစ်ပြောရင်တော့ ဒီကောင်တင်းသွားဦးမှာ။

သို့ပေမဲ့ အကဲခတ်မိတဲ့ မိုးဝသုန်ရင်မှာ မသက်သာ။

ဒီအတိုင်းလေး ခပ်စိမ်းစိမ်းသာနေနိုင်ပါစေ ဆုတောင်းရ၏။ သူ့ဖက်ကသာ ကင်းကင်းစိမ်းစိမ်း မနေဘဲ နွေးထွေးပြေလည်လာရင် ဟိုကောင်မလေး ဒဏ္ဍာရီကရော ကျေနပ်သဘောမကျဘဲနေပါ့မလား။

အိမ်ရှင်သူဌေးသားလေးကသာ အရေးပေးနေရာထားရင် ဝမ်းမြောက်ဝမ်းသာ ကြည်နူးအားတက်သွားမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှန်းညာမှန်းမသိဘဲ မင်းသွားငြိရင် ပြဿနာရှိနိုင်တယ် မိုးဝသုန်၊ အဲဒါ မင်းကိုသတိပေးမလို့ပဲ"

"ငါ ဘာမှမငြိဘူး၊ ရိုးရိုးသားသားခင်နေတာ"

"ဟာ…ဟ"

ယံချမ်းက လှောင်ရယ်လေးတစ်ချက် ရယ်သည်။

"ရီရီ ငါ့ကိုမလှည့်စားဘူးလို့ ငါယုံတယ် ယံချမ်း"

"တကယ်လို့ ငါပြောသလိုဖြစ်နေရင်ရော"

"မင်းပြောသလိုဖြစ်နေရင်လည်း အဲဒီအကြောင်းရင်းကို သိအောင်လုပ်ရဦးမှာပေါ့"

"မင်းက လွယ်လွယ်လေးတွေးနေတာပဲ မိုးဝသုန်ရာ"

"မင်းဘာသာမင်း ခက်ခက်ခဲခဲ တွေးလေကွာ၊ ငါ သံယောဇဉ်ဖြစ်သွားလည်း အရေးမကြီးဘူးဟ့ကောင်၊ ငါတို့က ခံနိုင်ရည်ရှိပြီးသား၊ မင်းသာ သူ့အပေါ် လျှော့မတွက်ထားနဲ့"

"ငါက ခေါင်းထဲမရှိဘူး"

"ခေါင်းထဲမရှိပေမဲ့ ရင်ဘတ်ထဲဝင်လာမှာစိုးလို့"

"သွားစမ်းပါ၊ အဓိပ္ပာယ်မရှိတာ"

ဒိုး၊မိုး၊၁၇၆ပ



ယံချမ်းက သူ့ကို ဘုရှိုးရှိုးသည်။

"ဒဏ္ဍာရီက အရမ်းလှတယ်၊ ပြီးတော့ ဆွဲဆောင်မှုလည်း ရှိတယ်"

"အဲဒီတော့ ဘာဖြစ်လဲ"

"မင်း မတော်တဆ စိတ်ပြောင်းသွားရင်"

"မိုးဝသုန် မင်းနည်းနည်းတော့ လွန်လာပြီ"

"ဟား ဟား ငါက ကြိုတင်သတိပေးထားတာပါ"

"မလိုဘူးဟ့ကောင်၊ လိုကိုမလိုဘူး"

"ဒါဆိုလည်း ပြီးတာပဲပေါ့ကွာ"

"ဒီမှာ မိုးဝသုန်၊ ကိုယ့်မှာ ကိန်းဂဏန်းအခြေအနေ တစ်ခု ရှိရဲ့သားနဲ့ သုညအမှတ်ရောက်နေတဲ့ မိန်းမတစ်ယောက်နဲ့ ငါ ဘယ်တော့မှ သွားပေါင်းမှာမဟုတ်ဘူး၊ အဲဒါကို မင်းမြဲမြဲမှတ်ထား စမ်းပါ"

ယံချမ်းစကားက ရှင်းသည်။

သူသာဆိုလျှင် ဒဏ္ဍာရီလို မိန်းကလေးကို ထည့်မစဉ်းစား ဘူးဟု ဆိုလိုတာ။

ဒိုး၊မိုး၊၁၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



မိုးဝသုန်လို လူစားမိုးလို့သာ ဒီလိုကောင်မလေးမျိုးနှင့် အရောတဝင်နေတာဟု စကားလုံးနှင့် ပစ်ပေါက်ဟိုက်ခိုက်လိုက်တာ ဖြစ်သည်။

မိုးဝသုန် နှုတ်ဆိတ်သွား၏။ ဘာမှထပ်မပြော။

သူ့စိတ်ရင်းကို သိထားတယ်ဆိုပေမယ့် ဒီလိုနှိမ့်ချခွဲခြားတတ်တဲ့ အတွင်းသဘောကိုတော့ ဒီနေ့မှ မိုးဝသုန် ကြားဖူးတာ။

မင်းဟာ ဘာကောင်မှမဟုတ်ဘူး။

ဒါကြောင့် ဘာမဟုတ်တဲ့ တွေ့ရာမြင်ရာ နီးစပ်ရာ မိန်းကလေးတစ်ယောက်ကို ဖျပ်ဖျပ်လူး စိတ်ဝင်စားနေတာ။

ငါကတော့ မင်းလိုမဟုတ်ဘူး။

သူညသမားမဟုတ်ဘူး။

ဒါကြောင့် သူညသမားတွေကို စိတ်လည်းမဝင်စားဘူး။ လှည့်လည်းမကြည့်ဘူးဟု ယံချမ်းက ခပ်ရင့်ရင့်ကြေညာတာ။

အင်းလေ စောင့်ကြည့်ရသေးတာပေါ့ကွာ။

◆ ◆ ◆



ဝေယံချမ်းသာသည် ရှပ်အင်္ကျီအသားပျော့ပျော့ ဖြူခွတ်ခွတ်ကို လက်ရှည်ချုဝတ်ထားတာမို့ ဖြူဝင်းသော သူ့အသားအရေနှင့် အဖြူရောင်က လိုက်ဖက်ကြည့်ကောင်းနေပါသည်။ စတိုင်လ်ပင်ကတော့ မီးခိုးရောင်ဖျော့ဖျော့ဖြစ်သည်။

ခါးပတ်အနက်နှင့် ဘွတ်ရှူးနက်ပြောင်ပြောင်ကို စီးထားသည်။ ညောင်ခန်းကိုထွက်လာပြီးမှ သူ့မျက်လုံးက ထမင်းစားခန်းဖက်က လှုပ်ရှားနေတတ်သော ဆံပင်ရှည်ရှည်ပုံရိပ်လေးတစ်ခုကို မသိမသာ ဝေ့ဝဲရှာဖွေမိသည်။

သူကိုယ်သူ သတိမထားမိဘဲ အပြင်ထွက်ခါနီးတိုင်း ထိုသို့တစ်ချက်တလေ လှမ်းရှာဖွေမိတတ်တာက သူ့ဆီမှာ အကျင့်တစ်ခုလို ဖြစ်နေပါပြီ။

မတွေ့ရလျှင် ဘာကိုမှန်းမသိ ရင်ထဲတစ်မျိုး ခုလုခုလုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူမ ဘယ်နားရောက်နေသလဲ သွားရှာကြည့်ချင်စိတ်ကို ယံချမ်းက သူ့ဟာသူ ပယ်ချလိုက်ပါသည်။

ရေတစ်ခွက်လောက် ဖြန့်ဝင်သောက်ချင်ယောင်ဆောင်ပြီး တော့လည်း မကြည့်ချင်။

သူ့ကိုယ်သူပဲ ခွင့်မပြုတာပေါ့။

ဒီအာရုံတွေ ကပ်ငြိနေတာကို ယံချမ်းမကြိုက်။

မိုးဝသုန်က အစကတည်းက မျက်နှာပွင့်တဲ့သူ။ ကောင်မလေးတွေကို ရောတတ်သူမို့ သူမကို ရောတာကထားတော့။

ယံချမ်းက ဒီလိုမှမဖြစ်နိုင်တာ။

စိတ်ကိုတင်းကာ ကျောခိုင်းလိုက်သည်။

ကားသော့ကိုကိုင်လျက် အိမ်အပြင်သို့ လှမ်းထွက်လာသည်။ အိမ်ကခွာခါနီးတိုင်း သံယောဇဉ်လေးတစ်ခုက နောက်ဆံတင်းနေတယ်ကွဆိုသော မိုးဝသုန်ရဲ့ နောက်သလိုပြောင်သလို စကားဉာဏ်ခွန်းရဲ့ အဓိပ္ပာယ်ကို သူ စဉ်းစားနေမိသည်။

ဘာပဲဖြစ်ဖြစ် မိုးဝသုန် စိတ်ဝင်စားနေတဲ့ အရာတစ်ခု





အပေါ် သူစိတ်မဝင်စားလျှင် ဥပေက္ခာပဲပြုချင်သည်။

ဒါပေမဲ့ ဒဏ္ဍာရီကိုမြင်တာနှင့် မျက်လုံးလွှဲဖို့ မေ့မေ့သွားသည်။

သို့သော် ဝန်ခံရမှာကိုတော့ ယံချမ်း အင်မတန် စိတ်တိုခံပြင်းသည်။

သူ့ကို အကဲခတ်စောင့်ကြည့်နေသော မိုးဝသုန်ကြောင့်လည်း ပုံပြီးဒေါသထွက်ရသည်။ ယံချမ်းသည် မျက်နှာတည်တည်ဖြင့် ခေါင်းထဲအတွေးမျှင်များ မပြတ်ဘဲ ကားတံခါးကို ဖွင့်ဝင်ထိုင်လိုက်သည်။

ပင့်သက်တစ်ချက်နှင့် ကားစက်ကို နှိုးလိုက်စဉ်

"ပီး…ပေါ…ပေါ"

"အား"

နားနားကပ်၍ ပေါ်ထွက်လာသောအသံကြောင့် သူ အလန့်တကြား ယောင်အော်လိုက်မိသည်။

"ခစ်…ခစ်"

နောက်ဖက်ကနေ ရယ်သံလေးတစ်ခု ကြားရပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့"

သူမမျက်လုံးလေး ဝိုင်းသွားသလို နောက်ဖက်သို့ ဖျတ်ခနဲ လှည့်ကြည့်မိသော ယံချမ်းမှာလည်း ကားထဲဝင်ပုန်းနေသည့် ဒဏ္ဍာရီကို ရုတ်တရက်တွေ့လိုက်ရတာမို့ အံ့အားသင့် ငြိမ်သက်သွားရသည်။

"ဆောရီးနော် အစ်ကို၊ ဟို ဟို ရီလေး"

"မင်း ဒါဘာလုပ်တာလဲ"

မျက်မှောင်ကြီးကုပ်၍ မေးလိုက်ပုံကြောင့် ဒဏ္ဍာရီ လန့်သွားမိတာ ချက်ချင်းပြန်မဖြေနိုင်ဘဲ နှုတ်ဆွံ့နေမိသည်။

ကိုယံချမ်း ဒီဗင်ကားပေါ် တက်မောင်းမယ်လို့မှ မထင်တာ။

ဒါ နေ့တိုင်း ကိုမိုးဝသုန်ပဲ မောင်းနေကျကားဥစ္စာ။

သူ့ပရာဒိုကိုတော့ ခြံနောက်ဖက်နားက ဂိုဒေါင်ထဲ သွင်းထားပြီး ကိုမိုးဝသုန်ကားကို လာမောင်းတာကြည့်ဦး။

ကလေးကစားစရာ နဲ့တစ်ခုကို ကိုင်လျက်သားနှင့် ဒဏ္ဍာရီက သူ့ကို မျက်လုံးအဝိုင်းသားလေး ကြောင်ကြည့်နေသည်။

ဝိုး-မိုး ၁၁၆၅



ဒီနဲ့ကို နားနားကပ်ပြီး သူ့နားမှာ ခလုတ်နှိပ်မှုတ်လိုက်တာကိုး။

ရုတ်တရက်ဆိုတော့ သူကလည်း ဖြုန်းခနဲ လန့်သွားမိတာပေါ့။

ယံချမ်းသည် သူ့အဖြစ်သူ စိတ်လည်းတို၊ ရယ်လည်းရယ်ချင်နှင့် မအီမလည်ဖြစ်သွားရ၏။

အကျီအကွက်ပန်းရောင် ခါးရှည်လေးနှင့် ဂျင်းဘောင်းဘီ အကျပ်လေးဝတ်ထားသော သူမရဲ့ ပြင်ပြင်ဆင်ဆင် ချစ်စရာဟန်ပန် လေးကိုလည်း အငေးသားကြည့်မိသည်။

တစ်နေရာရာသွားဖို့ ရည်ရွယ်ချက်နှင့် ကားပေါ် ကြိုတင် ပုန်းအောင်းနေတယ်ဆိုတာလည်း ယံချမ်း ရိပ်မိသွားသည်။

"ပြောလေ ဘာကြည့်နေတာလဲ"

"ရီ ရီက ကိုမိုးဝသုန်ပဲထင်မိလို့ပါ"

သူမက ထစ်ထစ်ငေါ့ငေါ့ အသံတိုးလေးနှင့် ဖြေရှင်းစကားဆိုသည်။

လာပြန်ပြီ ဒီမိုးဝသုန်။

ဝိုး-မိုး ၁၁၆၅

www.burmeseclassic.com

www.burmeseclassic.com



ယံချမ်း နားကြားပြင်းကတ်လာပြီ။

"အခုနပဲ ကိုမိုးဝသုန် ဒီကားနဲ့ပြန်လာတာဆိုတော့"

"ဩော် မင်းက မိုးဝသုန်ကို နှုတ်ဆက်ပြီး လန်းအောင်ခြောက်တာပေါ့လေ"

"ရီ စမိတာပါ၊ တောင်းပန်ပါတယ်"

ကိုယံချမ်းနှင့်မှ တည့်တည့်လာတိုးတာကတော့ ရီလေးကံမကောင်းလို့ပါပဲ။

အခုမှတော့ သူကျေနပ်အောင် တောင်းပန်စကား ဆိုရုံရှိတာပေါ့။

သူ့ကိုဆိုရင်ဖြင့် ရီ ဒီလိုနောက်ပြောင်ဝံ့ဖို့ ဖယ်ထားဦး သေချာစေ့စေ့တောင် မကြည့်ရဲတဲ့ဥစ္စာ။

စူးစူးရဲရဲ စိုက်ငေးကြည့်နေသော သူ့မျက်လုံးတွေကြောင့် ဒဏ္ဍာရီ အယောင်ယောင်အမှားမှားနှင့် ဘာလုပ်ရမှန်းမသိ။

ရုပ်ချောပေမဲ့ မျက်နှာက မှုန်တည်တည်နှင့် ခက်ထန်နေတတ်တော့ အလိုလိုကြောက်မိတာပေါ့။

ကိုမိုးဝသုန်ဆိုလျှင် ကြည့်လိုက်တာနှင့် နှုတ်ခမ်းလေးက





ပြုံးရိပ်သန်းနေတာမို့ ခင်မင်ချင်စရာကောင်းနေသည် မဟုတ်လား။

သူနှင့်တော့ တခြားစီပါပဲ။

"မင်းက မိုးဝသုန်တက်မောင်းမယ့်ကားပဲဆိုပြီး ကြိုတင်တက်ပုန်းနေတာပေါ့"

"ဟုတ်"

"သူနဲ့ အပြင်သွားမလို့လား"

"ဟုတ်"

"ဘယ်ကိုလဲ"

ဒဏ္ဍာရီက ချက်ချင်းမဖြေ။

သူ ရီလေးကို ဆူမှာအော်မှာလည်း စိုးလို့ပါ။

"မိုးဝသုန်ကို စောင့်မနေနဲ့တော့၊ ငါ ဒီကောင့်ကို လိုက်ထရပ်ခိုင်းနဲ့ စက်မှုဇုန်ကို လွှတ်လိုက်ပြီ"

"ဩော်"

"မင်းဘယ်သွားစရာရှိလို့လဲ"

ဒဏ္ဍာရီပုံစံလေးက အားတုံ့အားနာ ဇဝေဇဝါ။ အမှန်အတိုင်းပြောလိုက်ရင်ပဲ ကောင်းမလား။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ရှိတော့မရှိပါဘူး၊ ကိုမိုးဝသုန်က ရွှေပုစွန်ခေါ်သွားမယ်ဆိုလို့"

"ရွှေပုစွန်ကို"

"ဟုတ်ကဲ့"

"နောက်ရော"

ဒဏ္ဍာရီက အောက်နှုတ်ခမ်းလေးကို တစ်ချက်ဖိကိုက်ပြီးမှ မရဲတရဲဟန်လေးနှင့်

"အထည်ချုပ်စက်ရုံတစ်ခုမှာ အလုပ်ဝင်ဖို့ ပြောပေးမယ်တဲ့၊ သူ့သူငယ်ချင်းကနေတစ်ဆင့်"

"ဒီပုံနဲ့ အထည်ချုပ်ဦးမယ်"

"ရှင်"

"မင်းကိုမြင်တာနဲ့ တန်းခန့်ချင်စိတ်ပေါက်သွားမှာပဲ"

သူ့ရဲ့ပြောမှန်း အခုမှသိတာမို့ ဒဏ္ဍာရီ မျက်နှာလေး ပျက်သွားရသည်။

"မင်းအလုပ်ရဖို့ မိုးဝသုန်က တာဝန်ယူတယ်ပေါ့၊ ဟုတ်လား"





"ရီလေးက အကူအညီတောင်းလို့ပါ"

"တောင်းလေ ကောင်းတာပေါ့၊ ဒီကောင်က ဆရာကြီးပဲ"

ကိုယ်ချမ်းပြောပုံက တစ်မျိုးပင်။ မျက်နှာကိုလည်း ရှုံ့မဲ့လိုက်သေးသည်။

"အဲဒီလိုသဘောမျိုးတော့ မဟုတ်ပါဘူး ကိုယ်ချမ်း၊ သူက ရီလေးကို တကယ်ကူညီချင်တဲ့ စေတနာနဲ့ပါ"

"အေးလေ မင်းယုံရင်ပြီးတာပဲ"

ကိုယ်ချမ်း ဘာကိုဆိုလိုချင်သလဲ သူမနားမလည်။ သူမကို ကူညီတာကိုပဲ မကြိုက်တာလား။ ကိုမိုးဝသုန်ကိုပဲ အပြစ်မြင်တာလား။

သူ့သဘောထားကို ရီလေး မခန့်မှန်းတတ်ပေ။

"ကဲ အခု ဒါဆို မင်းဘာဆက်လုပ်မလဲ"

"စိတ်အနှောင့်အယှက်ပေးမိတာ ခွင့်လွှတ်ပါ၊ ရီလေး အခုပဲဆင်းပါပြီ"

ပြောပြောဆိုဆို တံခါးလက်ကိုင်ကိုပါ ဆွဲဖွင့်လိုက်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com

သော သူမကို ယံချမ်းက အလျှင်စလို

"ခဏနေဦး"

ဒဏ္ဍာရီက ကားပေါ်ကဆင်းဟန်ပြင်ပြီးမှ သူဘာများ ထပ်ပြောမလဲဟု ဒီဖက်ကိုပြန်ကြည့်သည်။

"မဆင်းနဲ့ဦး ဒဏ္ဍာရီ"

သူ့စကားကြောင့် ရီလေး အံ့အားသင့်သွားမိသည်။

ယံချမ်းကလည်း ရုတ်တရက်ဆုံးဖြတ်လိုက်တာ။ သူမက ဝတ်စားပြင်ဆင်ပြီး ရွှေပုစွန်မှာ အအေးသွားသောက်ဖို့ ဒီကားပေါ် ရောက်နေပြီးမှတော့ ပြန်ဆင်းခိုင်းရမှာ အားနာစရာ။

ပြီးတော့ မိုးဝသုန်ကိုလည်း အစီအစဉ်ပြောင်းပြီး သူ့ပဲ စက်မှုဇုံ ချက်ချင်းလွှတ်ဂိုက်တာမဟုတ်လား။

ဒီဖက်က အစီအစဉ်တွေ အလိုလိုပျက်သွားရတာ သူ့တာဝန်မကင်းဘူးပေါ့။

"ရှေ့ခန်းပြောင်းထိုင်လိုက်၊ ငါလည်း ဗဟိုစည်က ကုမ္ပဏီတစ်ခုကို သွားမှာဆိုတော့ ရွှေပုစွန်ဖက် လမ်းကြုံပါတယ်၊ မင်းလိုက်ခဲ့ပေါ့"

ဝိုးမိုး : ၀၁၆၀



"နေပါစေ ကိုယံချမ်း"

"စကားမရှည်နဲ့၊ ငါပြောသလိုလုပ်"

သူက ခပ်ပြတ်ပြတ်ပင် အမိန့်ပေးသံသည်။

သူ့ကိုယ်သူ ကုမ္ပဏီပိုင်ရှင် အထက်လူကြီးဆိုတဲ့လေသံ ကနေ တပြားသားမှမလျှော့။

ဒဏ္ဍာရီလည်း မငြင်းဆန်ရဲ။ သူ့နံဘေးကားရှေ့ခန်းသို့ ပြောင်းထိုင်လိုက်ရ၏။

သူက အပေါက်ဆိုးပေမဲ့ တစ်ခါတစ်ရံတော့လည်း သဘောကောင်းချင်သေးတာကိုး။

ဒဏ္ဍာရီရင်ထဲမှာ မယုံသလို ယုံသလိုကြီးပင် ဖြစ်နေရသည်။ ကိုယံချမ်း မောင်းတဲ့ကားပေါ် ခုလို အတူတူထိုင်စီးခွင့် ရမယ်လို့ အိပ်မက်ပင် မမက်ရဲတဲ့ဥစ္စာလေ။

ကူရှင်ကိုပင် သိပ်မမှီရဲဘဲ ငြိမ်ငြိမ်တောင့်တောင့်လေး ထိုင်နေမိကာ ရင်ထဲမှာလည်း တိတ်တဆိတ် လှုပ်ရှားနေရ၏။

သူ့ဖက်ကို မသိမသာလေး ဖျတ်ခနဲ မော့ကြည့်မိလျှင် သူက ရှေ့တူရူကိုသာ ကြည့်လျက် ခပ်တည်တည် ကားမောင်း

ဝိုးမိုး : ၀၁၁၀

www.burmeseclassic.com

www.burmeseclassic.com

နေသည်။

သူမကို ချစ်စနိုးကြည့်တတ်တဲ့ ကိုမိုးဝသုန်ရဲ့ အကြည့်နွေးနွေးကိုလည်း ရီလေး သတိရမိသည်။

အခုနေသာ ကိုမိုးဝသုန်မြင်ရင် တအားအံ့သြနေမှာ။ ကိုယံချမ်းရဲ့ အပြောင်းအလဲတစ်ခုကို သူလည်းယုံနိုင်မှာမဟုတ်ပါ။

ယံ့ချမ်းလည်း ကိုယ့်ဆုံးဖြတ်ချက်၊ ကိုယ့်အပြုအမူကို အဓိပ္ပာယ်ရှိရဲ့လား ပြန်သုံးသပ်နေမိသည်။

ဒဏ္ဍာရီအပေါ် သနားအားနာမိတာ လိုက်လျောနားလည်ပေးမိတာ အခုလိုလိုက်ပို့မိတာ သူမှားသွားပြီလား။

သို့သော် ကိုယ့်သောနားမှာ သူမအတူလိုက်ပါလာတာကို ကျေနပ်ပျော်ရွှင်မိတာ့ သူ့ဘာသာ သတိပြုမိသည်။

"မိုးဝသုန်က မင်းကို တော်တော်ဂရုစိုက်တယ်နော်"

"ရှင်"

"မင်းအပေါ် သူရိုးမှရိုးရဲ့လား"

"အို…ကိုယံချမ်းကလည်း"

"စဉ်းစားစရာပဲလေ"





"ကိုယံချမ်း အထင်လွဲနေပြီ"

သူက နှုတ်ခမ်းလေးစေ့ကာ ခေါင်းဆတ်လိုက်၏။

"ငါကတော့ မင်းအကြောင်း ဘာမှမသိဘဲ မင်းအပေါ် သံယောဇဉ်သွားမတွယ်နဲ့လို့ သူ့ကိုသတိပေးရတာပဲ"

"ကိုယံချမ်း ရီလေးအပေါ် မယုံနိုင်ဘူးဆိုတာ သိပါတယ်၊ ရီလေးကြောင့် ဘာပြဿနာမှ မဖြစ်စေရပါဘူး"

သူမ စိတ်မကောင်းစွာ ပြောမိသည်။

ယံ့ချမ်းက ခေါင်းလေးငုံ့ချလိုက်သော သူမသဏ္ဍာန်ကို ငုံ့ကြည့်မိသည်။

ဆံနွယ်စင်းစင်းပျော့ပျော့လေးတွေ ကွယ်သွားတဲ့ မျက်နှာလေးဟာ တကယ့်ကို ကဗျာတစ်ပုဒ်ပါပဲ။

မီးနီနေတဲ့ အချိန်လေးက သိပ်မြန်သလိုပဲ ထင်မိသည်။

ယံချမ်း နှုတ်က ဘာတွေပြောနေမိတာလဲ။

ဒဏ္ဍာရီနဲ့ မိုးဝသုန်နဲ့ ငြိတွယ်ပတ်သက်သွားမှာကိုပဲ သူစိုးရိမ်နေမိတာလား။

တကယ်ဆိုရင် သူမက ကိုယ့်အိမ်ကိုရောက်လာခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com

မိုးဝသုန်ဆီကို လာခဲ့တာမဟုတ်။

ဟာကွာ ဒီကောင်မလေးအကြောင်းတွေ ငါ့ခေါင်းထဲက အမြန်ထုတ်ပစ်မှပဲ။

နှစ်ဦးသား အတွေးကိုယ်စီနှင့် နှုတ်ဆိတ်သွားကြ၏။

မကြာမီမှာပင် ယံချမ်းမောင်းတဲ့ကားလေးက ရွှေပုဇွန် အအေးဆိုင်ရှေ့သို့ ရောက်လာသည်။

ဒဏ္ဍာရီက မှန်ပြတင်းကနေ အပြင်ဖက်သို့သာ ငေးမော နေ၏။

ယံချမ်းက ကားကိုပါကင်ထိုးပြီးလျှင် တံခါးဖွင့်ဆင်းလိုက် သည်။ ပြီးလျှင် သူမဖက်က ကားတံခါးကိုပါ ဆွဲဖွင့်ပေးလိုက်မိ ၏။

ဒီလို ဘာကြောင့် ဂရုတစိုက် ဖေးမမိသလဲ သူ့ကိုယ်သူ ပင် နားမလည်။

ကိုယ်က သူများတံခါးဖွင့်ပေးတာကိုပဲ ဆင်းလာနေကျ။

ဒီတစ်ကြိမ်မှ ကိုယ်တိုင် အရေးတယူပြုမိဘာပါ။

ဒဏ္ဍာရီသည် စိတ်ဆိုးသလို ဝမ်းနည်းသလို ခံစားချက်





နှင့် ငြိမ်နေမိရာက သူ့အပြုအမူကြောင့် အံ့အားသင့်ကြည့်နေသွားမိ သည်။

ကိုယံချမ်းဟာ နားလည်ရခက်တဲ့သူပါပဲ။

ပြီးလျှင် ရှေ့ကလျှောက်သွားမှာပဲဟု ထင်ပေမဲ့ သူမကို အတူတူစောင့်ခေါ်သည်။

ခပ်ခွာခွာဆိုပေမယ့် အတူယှဉ်တွဲလျှောက်လာခဲ့မိကြသည်။

“ဟာ…ဆရာ”

ရုတ်တရက် နှုတ်ဆက်သံကြောင့် ယံချမ်း မျက်ခုံးပင့်သွား ရ၏။

သူ့ရှေ့မှာရပ်နေသူက ပြုံးစိစိနှင့်…

“ဦးသက် ခင်ဗျားနေမကောင်းဘူးဆိုပြီး ခွင့်ယူပြီးတော့ အခု ဒီကိုရောက်နေပါလား”

ယံချမ်းက ထုံးစံအတိုင်း ခပ်တင်းတင်း မေးခွန်းထုတ်လိုက် ပါသည်။

ဦးသက်က သူ့နံဘေးက ဒဏ္ဍာရီကိုပါ ရယ်ကျဲကျဲနှင့် ကြည့်ရင်းက


www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဆရာရယ်၊ ကျွန်တော့်မိန်းမကို လိုက်ပို့ပေးတာပါ၊ ကျွန်တော်က တ်ကယ်ရင်ကြပ်နေလို့ ဆေးခန်းပြနေတာပါဗျာ၊ မညာပါဘူး"

ဦးသက်နိုင်သည် သူ့ဘော့စ်ကို နှုတ်ကဖြေရင်းရင်း မျက်လုံးကလည်း သူမြင်ဖူးထားပြီးသား ကောင်မလေးမှ ဟုတ်ရဲ့လားဟု သေချာကြည့်ရှု အဖြေရှာနေသည်။

ဒါ မိုးဝသုန်တွဲတဲ့ ကောင်မလေးပါပဲ။

အခုဘော့စ်နဲ့လည်း တွဲလာတယ်ဆိုတော့ နားမလည်ချင်စရာပဲ မဟုတ်လား။

ဘယ်လိုပါလိမ့်ဟု စဉ်းစားရင်း ဇဝေဇဝါ ကျန်ခဲ့သည်။

ဝေယံချမ်းသာနှင့် ဒဏ္ဍာရီကတော့ မှန်တံခါးလေး တွန်းဖွင့်ကာ အထဲဖက်သို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

◆ ◆ ◆

ဝိုး မိုး ၁၁၄၆

ယံချမ်းက လယ်သာဆက်တီအရှည်မှာ လဲလျောင်းရင်းက တီဗွီကို ကြည့်နေသည်။

ဘောလုံးပွဲက စခါနီးပြီ။

ဒီညက ချယ်ဆီးပွဲ။

မိုးဝသုန်က အာလူးကြော်ကို တကျွတ်ကျွတ်ဝါးနေမိကာ ဒီည အိပ်မငိုက်အောင် လက်ဖက်ရည်ကျကျသောက်ရင် ကောင်းမလား စဉ်းစားနေသည်။

တီးမစ်ထုပ်တွေ အဆင်သင့်ရှိတာပဲ။ သွားဖျော်လိုက်ရင်ရတာပဲလေ။

"ဝါး"

"ပွဲတောင်မစသေးဘူး၊ မင်းက တဝါးဝါးသန်းနေပြီ၊ ငါပါ အိပ်ငိုက်လာဦးမယ်၊ အိပ်ငိုက်တယ်ဆိုတာ ကူးစက်တတ်တဲ့

ဝိုး မိုး ၁၁၄၆

www.burmeseclassic.com

www.burmeseclassic.com



ရောဂါကွ၊ ဝါး ဟား ဟား"

ယံချမ်းက သူပါ ပါးစပ်အကျယ်ကြီးဟ၍ သမ်းပြလိုက်သည်။

ခုတလော ပွဲတွေက ညဖက်အိပ်ကောင်းတဲ့အချိန် တစ်နာရီ နှစ်နာရီ ထကြည့်ရတဲ့ပွဲတွေမို့ အိပ်ရေးပျက်တာတွေ များနေပြီ။

မိုးဝသုန်က တရေးအိပ်ပြီး ထလာတာမို့ လူက မလန်းဆန်း။ ပြန့်ပဲအိပ်ချင်နေသည်။ ဘောလုံးပွဲကို မလွှတ်ချင်လို့သာ မျက်စိကိုပွတ်ပြီး ရအောင်ထိုင်နေတာ။

"ဒီညတော့မလွယ်ဘူး၊ လက်ဖက်ရည်ပြင်းပြင်းလေး သွားဖျော်မှရမယ်၊ မင်းရောသောက်မလား ယံချမ်း"

"အေး…လုပ်ကွာ ကောင်းသားပဲ"

မိုးဝသုန်က ထိုင်နေရာမှ ထရပ်လိုက်သည်။ ပြီးလျှင် အညောင်းပြေအောင် ခါးတစ်ချက်ဆန့်လိုက်၏။

ဧည့်ခန်းနှင့် ထမင်းစားခန်းကို ဖြတ်ပြီးလျှင် မီးဖိုချောင် ဖက်သွားတဲ့ လမ်းကလေးရဲ့နံဘေးမှာ ဒဏ္ဍာရီရဲ့ အခန်းရှိသည်။



အစကတော့ စတိုခန်းပေါ့။

အခုတော့ တံခါးတစ်ထပ် လိုက်ကာအပြာလေးတစ်ထပ်နှင့် နေချင်စဖွယ် အခန်းကလေးတစ်ခု ဖြစ်နေခဲ့ပြီ။

မိုးဝသုန်သည် ဘာကြောင့်မှန်းမသိ သူမအခန်းလေးရှေ့က ဖြတ်လျှောက်ရတဲ့အခါတိုင်း ရင်ထဲနွေးထွေးစွာ ခုန်လှုပ်ရသည်။

ခုလည်း အိပ်ချင်ပင်ပြေကာ ရင်ထဲ ဖိုနွေးလာသည်။

ညနေသူပြန်လာတုန်းက ဆွယ်တာအင်္ကျီလက်ရှည် ခဲသားရောင်လေးဝတ်ထားတဲ့ သူမသဏ္ဍာန်ကို ပြန်မြင်ယောင်သည်။

ယံချမ်းနှင့် ဘီလိယက်ကစားနေ၍ သူမနှင့်ပင် စကားမပြောဖြစ်ခဲ့။

အခု ညသန်းခေါင်ကျော်မှ သတိရပြီး စကားပြောချင်မိတော့ ဘာတတ်နိုင်မလဲ။

မိုးဝသုန်သည် ခြေလှမ်းနှေးနှေးနှင့် ခေါင်းထဲ အတွေးစုံနေသည်။

ယံချမ်းက မိုးဝသုန် သူမနှင့် အရောတဝင် တရင်းတနှီးနေတာကို မကြိုက်နှစ်သက်ပုံ ပြောဆိုတတ်တာမို့ သူလည်း ဘာယ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ် နည်းနည်းတော့ ဆင်ခြင်ရသည်။

ယံချမ်း မျက်စိနောက်အောင် လုပ်၍မဖြစ်။

ဒီကောင်က ကိုယ့်ရဲ့ဘော့စ်နေရာရှိတဲ့သူ မဟုတ်လား။ သူ့စကားကို ခေါင်းထဲထည့်ရသည်။

ဒီတစ်ရက်နှစ်ရက်အတွင်းမှာ ဒဏ္ဍာရီနှင့် အေးအေးဆေး ဆေး စကားပြောခွင့်မကြုံ။

အဲဒီလို ဆင်ဆင်ခြင်ခြင် သတိဖွဲ့ပြီးနေရတဲ့အခါမှ ရင်ထဲမှာ စွဲစွဲလမ်းလမ်း သတိရမိတာကို မိုးဝသုန် သိသွားရသည်။

"အင်း…အင်း…ဟီး…ဟီး"

မိုးဝသုန် ခြေလှမ်းတုန့်သွားရ၏။

ဒဏ္ဍာရီရဲ့ အခန်းထဲမှာ ညည်းညူသံလေးကို သူနားစွင့် လိုက်သည်။

"အင်း အင်း"

တိတ်ဆိတ်ငြိမ်သက်နေသော သန်းခေါင်ယံညမှာမို့ အသံ လေးကို အလွယ်တကူကြားမိတာ။

မိုးဝသုန် မျက်မှောင်ကုပ်သွားရ၏။



ရီလေး ဘာကြောင့် ညည်းတွားနေတာလဲ။

သူမ နေမကောင်းဘူးလား။

ဖြစ်နိုင်သည်။ ညနေက လှမ်းတွေ့ကတည်းက အနွေး အင်္ကျီဆွယ်တာလေး ဝတ်ထားတာပဲ။

မိုးဝသုန် တခဏရပ်ကာ မျက်မှောင်ကုပ်ရင်း ဘယ်လိုလုပ် ရမလဲ စဉ်းစားနေသည်။

ပြီးလျှင် လူကသာ မီးဖိုခန်းဆီ ဆက်လျှောက်လာခဲ့ပြီး တီးမစ်ထုပ်ကို ဆွဲယူမိလျက် စိတ်တွေကတော့ သူမရဲ့ အခန်း ကလေးဆီသာ ရောက်နေမိသည်။

တီးမစ်နှစ်ခွက်ကိုဖျော်ဖို့ ဗန်းထဲ အသင့်ထည့်သည်။

ရေနွေးဓာတ်ဘူးကိုလည်း အိမ်ရှေ့ဖက်ဆီ ယူဆောင်လာ၏။

ဒဏ္ဍာရီအခန်းဆီ နားစွင့်တော့ ညည်းညူသံလေး ကြားနေ ရဆဲ။

သူမ အဖျားကြီးနေလို့များလား။

မိုးဝသုန် စိတ်ပူသွားမိ၏။

ညှိခန်းရောက်လျှင် စားပွဲပေါ်ဗန်းချပြီးတာနှင့်

www.burmeseclassic.com

www.burmeseclassic.com



"ယံချမ်း"

"ဟင်"

"ဒဏ္ဍာရီ ဖျားနေလားမသိဘူး"

"ဘာလို့လဲ"

"သူ့အခန်းထဲက ညည်းသံကြားတယ်"

"ဟုတ်လို့လားကွာ၊ မင်းကလည်း"

ယံချမ်းက ရှုံ့မဲ့သွား၏။

"ဟုတ်ပါတယ်ဆို၊ မယုံရင် မင်းလာပြီးနားထောင်ကြည့်"

"ဟုတ်ရင်လည်း ဒေါ်လုံးတင်ကို နှိုးခေါ်ပေးလိုက်လေ"

"ဒေါ်လုံးတင်မှ မရှိတာ"

"ဟာ ဟုတ်သားပဲ"

ယံချမ်းက အလန့်တကြား ရေရွတ်၏။ ဒေါ်လုံးတင်က သူ့ရဲ့အစ်မဖြစ်သူ ဆေးရုံတက်နေရတာမို့ ညစောင့်အိပ်ဖို့ ခွင့်တောင်းပြီး ထွက်သွားခဲ့တာ ခုမှသတိရသည်။

"အဲဒါ ငါတို့ဘယ်လိုလုပ်မလဲ"

ဝိုး:ဝိုး:၀၁၄၂



"ဘယ်လိုလုပ်ရမှာလဲကွ၊ အရေးထဲ"

"သူ အရမ်းဖျားနေရင် ဒီတိုင်းထားဖို့တော့ မဖြစ်ဘူးထင်တယ် ယံချမ်း"

"ပြဿနာပဲ၊ ဒီဟာမလေးက အရေးဆိုဖြစ်လာပြီ၊ အရှုပ်ထုပ်ကွာ၊ ရေလည်စားတယ်"

"စားတော်ယ်လုပ်မနေနဲ့၊ မင်းအိမ်မှာနေနေတာဖော်၊ မင်းတပ်နန်ရှိတယ်"

"ကျွတ် လာပြန်ပြီ၊ ဘာတာဝန်လဲ"

"သူ့ သတိတွေဘာတွေ လစ်နေရင်ရော"

"ဟော...အဲလောက်ထိ ဖြစ်နိုင်လို့လားကွ"

မိုးဝသုန်စကားကြောင့် ယံချမ်းက ခုမှ မျက်လုံးပြူးသွားပါသည်။

"ညည်းပုံကတော့ တော်တော်ဖြစ်နေတဲ့ပုံပဲကွ၊ သူ့မှာ ဘာရောဂါအခံရှိလည်းဆိုတာလည်း ငါတို့မသိဘူးလေ"

"ဒါဆို မင်းနည်းနည်းသွားမေးကြည့်ပါလား"

"ငါက တံခါးသွားခေါက်ရမယ်"

ဝိုး:ဝိုး:၀၁၄၂

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ"

မိုးဝသုန်က ပခုံးတစ်ချက်ကျုံ့ပြလိုက်သည်။ ညဥ့်နက်သန်းခေါင်မှာ သူတံခါးသွားခေါက်ဖို့ သင့်တော်ပါ့မလား။

အိုကွာ ဒီအချိန်မှာ သင့်တော်တာ မသင့်တော်တာ စဉ်းစားနေလို့ရမှာမဟုတ်။

တော်ကြာ သူမဆေဒနာခံစားနေရတာ ရှိုးရှိုးသာမန်မဟုတ်ဘဲ အူအတက်ပေါက်တာတွေ ဘာတွေဆို ဘယ်လိုလုပ်မလဲ။

တစ်ဖက်ကလည်း မိုးဝသုန် စိုးရိမ်မိသည်။

သူမရဲ့ ညည်းသံလေးကို ဘယ်လိုမှ လစ်လျူရှုမထားနိုင်။

"ဒါဆို မင်းက ဘာလုပ်မှာလဲ ယံချမ်း၊ မင်းက ဒီမှာပဲ ဆက်ထိုင်နေမှာလား"

"ငါက ဘာလုပ်ရမှာလဲ"

"မင်းပါလိုက်ခဲ့"

"ဟာကွာ"

တကယ်တော့ မိုးဝသုန်စကားကြောင့် ယံချမ်းလည်း စိတ်





ဖြောင့်ဖြောင့်နှင့် ဆောလုံးပွဲထိုင်ကြည့်နိုင်မှာ မဟုတ်တော့ပါဘူး။

ကိုယ့်အိမ်မှာ နေထိုင်တဲ့ကောင်မလေးမို့ သူမ တစ်ခုခုဆိုလျှင် သူလည်း တာဝန်ကင်းကင်းနှင့် ကြည့်နေနိုင်မှာမဟုတ်တာ။

"အခြေအနေသွားကြည့်ကြမယ်၊ လာ"

မိုးဝသုန်က မှီလျော့လျော့ထိုင်နေတဲ့ ယံချမ်းကို ဆွဲထူလိုက်ပါသည်။

သူတို့ အတင်းဆွဲခေါ်နေတာကြောင့် ယံချမ်းလည်း မနေသာတော့ဘဲ တွန့်ဆုတ်ဆုတ်ပါလာရသည်။

"အဲဒီဟာမလေးက တော်တော်ဒုက္ခပေးတာပဲကွာ၊ နေမကောင်းရင်လည်း စောစောကတည်းက ပြောပြီး ဆေးခန်းသွားစရာရှိ သွားရမှာပေါ့၊ ဒီအချိန်ကြီးကျမှ အေးအေးမနေရဘူး"

"သူလည်း မသိလို့နေမှာပေါ့ကွ၊ မင်းက သူများကို အပြစ်ပဲပြောဖို့တတ်တယ်"

မိုးဝသုန်က မကျေမနပ် တုံ့ပြန်လိုက်၏။

ဒဏ္ဍာရီ အခန်းရှေ့ရောက်လျှင် နှစ်ဦးသား ခြေစုံရပ်ပြီး နားစွင့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အီး…ဟီး…ဟီး…ဟီး"

"ကြားတယ်မို့လား ယံချမ်း"

"အေး ကြားပါတယ်၊ ချမ်းလို့လားမှမသိတာ"

"မသိဘူး၊ ပေါ့တီးပေါ့ဆနဲ့ကွာ၊ ရီလေးက အားလည်းနော် တော့ နေမကောင်းတာကို ကြိတ်ခံနေတာဖြစ်မယ်"

"ကဲ မင်းတံခါးခေါက်လေ"

မိုးဝသုန်က တံခါးခေါက်ဖို့ လက်ရွယ်သည်။

ဟာ။

တံခါးက စေ့ရုံစေ့ထားပြီး ချက်ချမထား။ သူမ မေ့လျော့ သွားတာလား။

"တံခါးမပိတ်ထားဘူးမို့လား၊ ကောင်မလေးက မင်းကို တော့ တော်တော်ယုံတာပဲ"

"အရေးထဲ မရိစမ်းပါနဲ့ကွာ၊ သူမေ့သွားတာဖြစ်မှာပါ"

နှစ်ယောက်သား တီးတိုးငြင်းခုန်ရင်းက တံခါးကို အသာ တွန်းဟကြည့်မိကြသည်။

ဒဏ္ဍာရီက သူမရဲ့ခုတင်လေးပေါ်မှာ စောင်ခြုံကွေးလျက်



သားလေး တဟင်းဟင်းနှင့် ညည်းညူနေတာမြင်ရသည်။

ပါးစပ်မှ တအင်းအင်းနှင့် ညည်းနေသလို လူကလည်း ကိုယ်လေးတွန့်ကာ ခိုက်ခိုက်တုန်အောင် ချမ်းနေရှာပုံပင်။

မတတ်သာတဲ့ အခြေအနေမို့ မိုးဝသုန်နှင့် ယံချမ်းက သူမအနီးသို့ ချဉ်းကပ်လာခဲ့ကြသည်။

"ရီရီ"

မိုးဝသုန်က ခေါ်သည်။ သူမက မထူး။

"အား…ချမ်းတယ်၊ ချမ်းတယ်၊ အရမ်းချမ်းတယ်"

အဖျားရှိန်နှင့် မျက်နှာပြင်လေးမှာလည်း နီရဲနေသည်။ နံရံကပ်မီးပုံးလေးရဲ့ အလင်းရောင်မှာ သူတို့နှစ်ဦးသား ဒဏ္ဍာရီကို စိုးရိမ်စွာ ငုံ့မိုးကြည့်နေမိကြသည်။

"ရီလေး…ရီလေး"

"အင်း"

မိုးဝသုန်က သူမနဖူးကို ခပ်ဖွဖွလေး စမ်းကြည့်မိ၏။ နဖူးပြင်လေးက ပူခြစ်တောက်နေသည်။

"ငှက်ဖျားလားကွ၊ ချမ်းတုန်တက်နေတယ်ဆိုတော့"


စိုး:မိုး:ဝ၁ဇပ

www.burmeseclassic.com

www.burmeseclassic.com

"မသိဘူး၊ ဟုတ်မှာပေါ့"

"ဘယ်လိုလုပ်မလဲ၊ ကိုမော်ကြီးဆီ ဖုန်းဆက်မလား"

"ဒီအချိန်ကြီး"

သူငယ်ချင်းဆရာဝန်ဆိုပေမဲ့ သူ အနားယူအိပ်စက်နေချိန်မှာ နှိုးလို့တော့ ကောင်းပါ့မလား။

"အေးကွ ကိုမော်အိပ်နေမှာပေါ့နော်၊ အားနာစရာ"

"ဒါဆိုရင်"

ယံချမ်းသည် ဒဏ္ဍာရီနှင့် သိပ်မရင်းနှီးတာမို့ နဖူးပဲစမ်းရမလို လက်ကလေးပဲ ကိုင်ကြည့်ရမလို မရဲတရဲဟန်ဖြစ်နေသည်။

မိုးဝသုန်က သူမနံဘေး ထိုင်ချလိုက်၏။

အဖျားကြီး ချမ်းတုန်နေတဲ့သူကို ဒီအတိုင်းကြည့်နေလို့မှ မဖြစ်တာ။

သို့သော် မိန်းမပျိုလေးတစ်ယောက်မို့ နှစ်ဦးသားမှာ မထိရဲမကိုင်ရဲနှင့် ဘာလုပ်ရမှန်းမသိ ယောင်ချာချာဖြစ်နေကြ၏။

"အင်း…အား…အူး…အူး ချမ်းတယ်၊ ချမ်းတယ်၊ စောင်ခြုံပေးပါ၊ ရီလေးကို စောင်ခြုံပေးပါ"





"ယံချမ်း စောင်တဲ့၊ စောင်သွားယူ"

"အေး…အေး"

ယံချမ်းက စောင်ယူဖို့ လှည့်ထွက်သွား၏။

သူမကို ဝမ်းကပ်ပါ ထပ်ခြုံပေးမှ ရမည်ထင်သည်။

"ဖေဖေ ဖေဖေ သူ့ကို ရီလေးဘာမှမလုပ်ပါဘူး၊ အန်တီမှုယာ ညာပြောနေတာပါ"

သူမနှုတ်မှ တီးတိုးယောင်ရမ်းသံလေးကြောင့် မိုးဝသုန် အံ့သြငြိမ်သက်သွားရသည်။

ဖေဖေတဲ့။ အန်တီမှုယာတဲ့။

"ဖေဖေ ရီလေးချမ်းတယ်၊ ဖက် ဖက်ထားပေးပါ"

"ရီလေး ရီလေး ကိုယ်တို့ရှိတယ်"

"အို ခဏလောက်ဖက်ထားပေးပါဆိုမှ"

ဒဏ္ဍာရီက ပခုံးကလေးဆုပ်ကိုင်ကာ ကိုင်လှုပ်နှိုးနေတဲ့ မိုးဝသုန်စကားကို ကြားပုံမရပါ။

မျက်စိကိုလည်း လုံးဝမဖွင့်။ တင်းတင်းပိတ်လျက် ဖက်ထားဖို့ပဲ တဆာဆာတောင်းဆိုနေသည်မှာ မိုးဝသုန်အာရုံတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ဝေဝါးစေသည်။

သူမ အချမ်းပြေပါစေတော့ဟု မိုးဝသုန်က ကြင်နာ သူ့ကိုယ်ငွေ့ရအောင် ဖိကပ်ထားလိုက်သည်။

သူမအချမ်းသက်သာဖို့ လောလောဆယ် သူတတ်နိုင်တာ ကတော့ သူမပြောသလို ပွေ့ဖက်ထားလိုက်ဖို့ပဲမဟုတ်လား။

ချမ်းနေတဲ့သူလေးကို အမြန်ဆုံး နွေးထွေးမှုပေးချင်တာ သူ့စေတနာ။ ကျန်တာ ဘာမှမတွေးနိုင်။

ပစ္စုပ္ပန်ရဲ့ လိုအပ်ချက်အတိုင်း လူက အလိုလိုလိုက်နာ တာ။

စောင်ပေါ်ကနေ တင်းတင်းကြပ်ကြပ်ကြီးပင် ထွေးပိုက် ထားလိုက်သည်။

ဒဏ္ဍာရီ့အခြေအနေမှာ သိသာစွာငြိမ်ကျသွား၏။

တအင်းအင်း ညည်းညူသံလေးပါ ပျောက်သွားသည်။

မိုးဝသုန် ရင်ခွင်ထဲရောက်သွားသောအခါ ချမ်းပြီးတုန်ယင် လှုပ်ရှားနေတဲ့ ခန္ဓာကိုယ်လေးက ပျော့ပျောင်း၍ တစစနှင့် ငြိမ်သက် သွားသည်။

နိုး : မိုး : ၁၁၄၀



မိုးဝသုန်လည်း မလှုပ်မယှက်ကြီး ငြိမ်ငြိမ်ဖက်ထားလျက် ရင်ခွင်ထဲကမျက်နှာနုနုလေးကို ငေးစိုက်ကြည့်နေမိသည်။

မျက်ဝန်းများ မှေးမှိတ်ထားသော နီအမ်းအမ်း မျက်နှာလေး မှာ သနားစရာ။ ကြင်နာချင်စရာလေး ဖြစ်နေသည်။

ဒဏ္ဍာရီလေးရယ်။

မင်း ကိုယ့်ရင်ခွင်ထဲမှာ အိပ်ပျော်နေတယ်ဆိုတာ မယုံချင် သလိုပဲ။

တအောင့်မျှအကြာမှာ ဥမ်းကပ်စောင်ကြီးပိုက်လျက်သား အခန်းထဲပြန်ဝင်လာသော ဝေယံချမ်းသာက မျက်လုံးပြူးမျက်ဆံပြူး နှင့်…

“ဟော့ကောင် မိုးဝသုန်၊ ဒါကဘယ်လိုဖြစ်တာလဲ”

“ရှူး တိုးတိုး၊ သူချမ်းနေလို့”

“အောင်မာ”

မိုးဝသုန်က ပိုင်စိုးပိုင်နင်းနှင့် ကျကျနနပင် ပွေ့ဖက်ထား သည်မဟုတ်လား။

ထိုမြင်ကွင်းက ယံချမ်းကို လှုပ်လှုပ်ရှားရှားဖြစ်စေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖယ် ဖယ် ဟော့ကောင်၊ သူနိုးသွားရင် တစ်မျိုးထင်နေလိမ့်မယ်"

"သူက ဖက်ထားနိုင်းတာကွ"

"ဒီမှာ ဝှမ်းကပ်ခြုံပေးလိုက်၊ ရော့"

"မင်းအသာလေးခြုံပေး"

လာလာချည်သေး။

သူတို့နှစ်ယောက်ကိုပဲ ယံချမ်းက စောင့်ခြုံသိပ်ပေးရဦးမယ်။

ယံချမ်းမျက်နှာကြီး ရှုံ့မဲ့သွားပါသည်။

"မင်းအရင် ခုတင်ပေါ်ကဆင်း"

"ဟ ငါဆင်းရင် သူနိုးသွားမှာပေါ့၊ အခုမှ ငြိမ်ပြီးအိပ်ပျော်တာကွ"

သူတို့နှစ်ယောက် တီးတိုးတီးတိုး အပြန်အလှန် စကားနိုင်လုရင်း ငြင်းခုန်နေရသည်။

ယံချမ်းပုံစံက လုံးဝမကြည်သာ။

မျက်နှာကြီးက ရှုတည်တည် ခပ်တင်းတင်း ဖြစ်နေသည်။





ဒဏ္ဍာရီ အဖျားကြီးနေတာကို မိုးဝသုန်က အခွင့်အရေးယူသလို ဖြစ်မနေဘူးလား။

"ယံချမ်း မင်းရှင်းရှင်းမြင်စမ်း"

"ဘာရှင်းရှင်းမြင်ရမှာလဲ"

ယံချမ်းက သူ့ကိုကိုင်လှုပ်၍ မသိမသာဆွဲဖယ်နေသည်။

ကျွတ် အခုမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတဲ့ ရိလေးတော့ ပြန်နိုးသွားတော့မှာပဲ။

"ခဏလေး ဒီတိုင်းနေစမ်းပါကွာ၊ ခဏလေး သူသက်သာအောင် အချမ်းပြေအောင်ပါ"

မောင်မင်းကြီးသား ယံချမ်းကို မိုးဝသုန် တောင်းတောင်းပန်ပန်ပြောရ၏။

"မင်းစိတ်မချရင် မင်းပါစောင့်ပေး၊ ဟုတ်ပြီလား"

သူကြတော့ ငုတ်တုတ်ထိုင်စောင့်ရမည့်သဘော။

"မစောင့်ဘူးကွာ"

"ယံချမ်း"

မိုးဝသုန်က တားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ယံချမ်းထွက်သွားလို့ မဖြစ်။ ဒီကောင့်ကို အတူတူစောင့်ကြည့်နိုင်းမှ ဖြစ်မှာပေါ့။

ယံချမ်းက မကျေမနပ်နှင့် ခုတင်နံဘေးက ခုံမှာထိုင်ချသည်။ ပြီးတော့ အံကြိတ်ပြီး သူ့ဆံပင်စကို တစ်ချက်ဆောင့်ဆွဲ၏။

“မင်းနော် မင်း”

ယံချမ်း အမူအရာကြောင့် မိုးဝသုန် ရယ်လည်းရယ်ချင်မိသည်။

ဒါပေမဲ့ သူ့ရင်ခွင်ထဲ အိပ်မောကျသွားတဲ့ ရီလေးကို မနိုးစေချင်တဲ့အတွက် ဖက်ထားတဲ့လက်တွေကိုလည်း မလှုပ်ရှားရဲပေ။

ဒီတိုင်းပဲ မလှုပ်မယှက် ဆက်နေမိသည်။

ယံချမ်းက တီးတိုးရေရွတ်နေသည်။

မိုးဝသုန်က မျက်လုံးမှိတ်ပြီး မကြားယောင်ဆောင်ထားလိုက်၏။

နဂိုကပင် အိပ်ချင်နေတဲ့သူမို့ မျက်လုံးမှိတ်လိုက်တာနှင့် သူတကယ်အိပ်ပျော်သွားပါသည်။





ယံချမ်းကလည်း ထိုင်ရင်းက ငိုက်မြည်းလာပြီးလျှင် မွေ့ရာပေါ် မှောက်ချ၍ မှေးခနဲအိပ်လိုက်မိသည်။

ဆိတ်ငြိမ်နေသော အခန်းလေးထဲမှာ သူတို့သုံးဦး၏ အသက်ရှူသံတို့သည် စည်းချက်ကျကျလေး ထွက်ပေါ်နေပါတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

သူတို့အိပ်ပျော်သွားလိုက်ကြသည်မှာ မိုးစင်စင်ပင်လင်းသွားတော့၏။

ထိုအချိန်၌ ပထမဆုံး လူးလွန့်လာမိသူမှာ ဒဏ္ဍာရီဖြစ်သည်။

"အင်း"

သူမဦးခေါင်းတွေ အုံခဲပြီး အာခေါင်တွေလည်း ခြောက်သွေ့နေသည်။

သို့သော် လူတစ်ကိုယ်လုံးမှာ နွေးထွေးလျက် တစ်စုံတစ်ယောက်ရင်ခွင်ထဲမှာ ရှိသလိုလို။

ကျိန်းစပ်ကာ စေးကပ်နေသော မျက်လုံးအစုံကို ကြိုးစား၍ ဖွင့်ကြည့်လိုက်သည်။

ဟင်။



www.burmeseclassic.com

www.burmeseclassic.com



သူမမျက်နှာနားမှာ နီးနီးကပ်ကပ် မြင်တွေ့လိုက်ရတာက မိုးဝသုန်ရဲ့မျက်နှာ။

ဘုရားရေ။

အလန့်တကြားနှင့် ကျုံးရုန်းထထိုင်တော့ ချက်ချင်းထလို့ မရသေး။

သူက ရီလေးကို ကျကျနန ဖက်ထားလျက်သားကိုး။

အို ဒါကဘယ်လိုဖြစ်ရတာလဲ။

ကိုမိုးဝသုန်က ဒီအိပ်ရာပေါ် ဘယ်လိုဖြစ်ပြီး ရောက်လာရတာလဲ။

သူကိုယ်တိုင်လည်း ရီလေးနံဘေးမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်သား။

ဂွမ်းကပ်ကို ခွာ၍ ငုတ်တုတ်ထထိုင်မိလျှင်

ဟောတော့။

ဒဏ္ဍာရီ ထပ်မံမျက်လုံးပြူးသွားရပြန်ကာ ရင်ဘတ်က လေးပင် အထိတ်တလန့် ဖိလိုက်မိသည်။

ကိုယံချမ်း။





သူလည်း မွေ့ရာပေါ် မျက်နှာအပ်၍ ဖြစ်သလို ခွေခေါက် အိပ်ပျော်နေပါရောလား။

ဒဏ္ဍာရီသည် အဖြစ်အပျက်ကို နားမလည်နိုင်အောင် ရုတ်တရက် ထူပူရှက်လန့်သွားရ၏။

"ကိုမိုးဝသုန်၊ ကိုယံချမ်း ရှင် ရှင်တို့ ဒါက ဘာသဘော လဲဟင်၊ ဘာလို့ ကျွန်မအခန်းထဲရောက်နေရတာလဲ"

ဒဏ္ဍာရီက အလန့်တကြား ဆူဆူပူပူ လှုပ်နှိုးလိုက်တာမို့ မိုးဝသုန် အရင်နိုးသွားသည်။

ကြည့်လိုက်တော့ ရီလေးက စောင်ပုံကြားမှာ ငုတ်တုတ်ထ ထိုင်လျက်။

"ဟွန် ဘာဖြစ်တာလဲကွ၊ ဘာဖြစ်တာလဲ"

ယံချမ်းလည်း ကယောင်ကတန်းနှင့် နိုးထလာပါသည်။

"ရှင်တို့နှစ်ယောက် ဒီမှာ"

ဒဏ္ဍာရီက ဘာဆက်ပြောရမှန်းမသိ။

မိုးဝသုန်သည် အားနာနာနှင့်လက်ကာပြကာ

"မဟုတ်ဘူး ရီလေး၊ တစ်မျိုးမထင်ပါနဲ့၊ ကိုယ်တို့က



www.burmeseclassic.com

www.burmeseclassic.com



ရီလေးအဖျားကြီးပြီး ကယောင်ကတန်းဖြစ်နေလို့ စိတ်ပူပြီး လာစောင့်ပေးတာပါ''

ကမန်းကတန်း ဖြေရှင်းသော ကိုမိုးဝသုန်ရဲ့ ပုံစံကြောင့် ရီလေးက လက်ရှိအခြေအနေကို သိရှိနားလည်မျက်နှာပူသွားရရင်း

''အို…ဟုတ်လား၊ ရီလေး အဲဒီလောက်ဖြစ်သွားလား၊ အားနာလိုက်တာ ကိုမိုးဝသုန်ရယ်''

အခုမှ မျက်နှာလေးမထားတတ်သလို ဖြစ်သွားရင်း ရီလေးက တောင်းပန်သည်။

ကိုယံချမ်းထံလည်း မရဲတရဲလေးကြည့်မိ၏။

ရုတ်တရက် သူတို့အပေါ် တစ်မျိုးတမည်ထင်မိတာကိုလည်း ရီလေး ကိုယ့်ဘာသာ ရှက်သွားရ၏။

''ရပါတယ်၊ ရီလေး ချမ်းပြီးတုန်နေလို့ ဟို ကိုယ်တို့က ပြုစုရင်းနဲ့ အိပ်ပျော်သွားတာ''

''ကျေးဇူးတင်လိုက်တာ''

သူတို့ ရိုးရိုးသားသား လာကူညီပြုစုပေးတာ နားလည်မိတာမို့ ရီလေးက မလုံမလဲ ကျေးဇူးတင်စကားဆိုရင်း နှစ်ဦးလုံးထံမှ အကြည့်လည်း လွှဲမိသည်။

ညတုန်းက ဖရိုဖရဲ ငါဘယ်လိုများ အိပ်ပျော်နေခဲ့ပါလိမ့်ဟုတွေးမိကာ သူဘို့မျက်နှာကိုလည်း ရီလေး မကြည့်ရဲတော့။

''အခုရော သက်သာရဲ့လား''

မိုးဝသုန်က သူမပုံစံ ရှက်စနိုးဟန်ယန်လေးကို ကြည့်ကာ အရှက်ပြေအောင် မေးလိုက်တာဖြစ်သည်။

''အင်း သက်သာပါတယ်''

မိုးဝသုန်က ခပ်တည်တည်နှင့်ပဲ သူမနဖူးကို တစ်ချက်စမ်းကြည့်လိုက်၏။

''အဖျားမကျသေးဘူးကွ၊ ရှိသေးတယ်''

ယံချမ်းကတော့ မိုးဝသုန် သွက်လက်တာကိုပဲ ငေးကြည့်နေမိသည်။

သူ့ရင်ထဲမှာလည်း ဘယ်လိုကြီးဖြစ်နေမိမှန်း မသိချေ။ ကိုမိုးဝသုန် လက်ဖဝါးပြင်ဆီမှ ကြင်နာသော နူးညံ့နွေးထွေးမှုတွေက သူမနလုံးသားဆီသို့ ဖြာစီးဝင်ရောက်လာသည်။

''ဒီမနက်တော့ ဆရာဝန်ဆီသွားမှဖြစ်မယ် ရီလေး၊



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမာမာနဲ့ ဖြစ်သမျှ ကြိတ်ခံမနေနဲ့ဦးနော်”

ရီလေးက အဖျားရှိန် မပြယ်သေးသော မျက်နှာနွမ်းနွမ်းလေးဖြင့် ခေါင်းညိတ်သည်။

ယံချမ်းသည် သူ့ရှေ့မှာ ဤသို့ တယုတယ ရှိနေကြတာကို မျက်နှာကြီးပုလျက် စိတ်ရှုပ်ရှားမိသည်။

မိုးဝသုန်သည် အိပ်ရာနိုးလာတာကိုပင် ချက်ချင်းထွက်မသွားနိုင်သေးဘဲ သူမကို နဖူးလေးစမ်းကာ ဆံနွယ်လေးဖယ်ရှားပေးကာနှင့် သိမ်မွေ့သော မေတ္တာတွေ လွှမ်းခြုံနေသေး၏။

“မိုးဝသုန် သူမှနေမကောင်းသေးတာ ပြန်လှဲနေပစေဦး၊ လောလောဆယ် အိုဗာတင်းနဲ့ အိမ်မှာရှိတဲ့ ဘိုင်အိုဂျက်ဆစ်ပဲ တိုက်ထားရမယ်”

ယံချမ်းက သူ့ဆီ ရှုတည်တည်ကြည့်ကာ အော်ဒါထုတ်လိုက်ပါသည်။

“အိုကေ ငါသွားဖျော်ပေးမယ်”

နှစ်ဦးသား ခေါင်းတွေစုတ်ဖွားနှင့် အင်္ကျီတွေ အတွန့်တွန့်အကြေကြေနှင့် ဒဏ္ဍာရီအခန်းထဲက အမြန်ဆုံးထွက်ဖို့ ခြေလှမ်းပြင်





ကြ၏။

ထိုစဉ်မှာ ဆေးရုံက မနက်ခင်းစောစောပြန်လာသော ဒေါ်လုံးတင်က ခြံစောင့်ဦးစိန် ဖွင့်ပေးသော ဝင်းတံခါးကနေ ဝင်လာပြီးနောက် သူ့အိမ်လေးရှိရာ နောက်ဖက်တံခါးပေါက်ဆီ အိမ်ကြီးရဲ့နံဘေးမှ ကွေ့ပတ်လျှောက်လာသည်။

သူ့အခန်းက ဘယ်တော့မှ တံခါးမပိတ်ထားတာမို့ တွန်းဖွင့်ဝင်လာခဲ့ရုံပင်။

အိမ်မကြီးနှင့် ဆက်ထားတဲ့ မှန်တံခါးကို တွန်းဖွင့်ကြည့်တော့လည်း အလိုလိုပွင့်သွားပါသည်။

ညက ရီရီမပိတ်တာနဲ့တူပါရဲ့။

“ရီရီရေ”

နှုတ်ကခေါ်ရင်း လှမ်းဝင်လာရာ

“ဟော”

ဒေါ်လုံးပါးစပ်က ဟောဟုပင် အသံထွက်လျက် တအံ့တဩ ခြေလှမ်းတုန့်လျက် မျက်လုံးပါပြူးသွားရသည်။

မိုးဝသုန်နှင့် ယေယံချမ်းသာတို့မှာလည်း ဒဏ္ဍာရီအခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



က ထွက်ထွက်လာချင်း ဒေါ်လုံးတင်နှင့် ပက်ပင်းရင်ဆိုင်တိုးကြသဖြင့် ရှက်ကိုးရှက်ကန်းကြီးတွေနှင့် မျက်နှာပူသွားကြသည်။

ယံချမ်းက အရင်ခပ်တည်တည်နှင့်

"အခုမှပြန်ရောက်လာတာလား ဒေါ်လုံးတင်၊ ညက ဒဏ္ဍာရီ အရမ်းဖျားလို့ဗျာ အဒေါ်ကြီး အိမ်မှာမရှိပါဘူးဆိုမှ သူက နေမကောင်းတော့ ကျွန်တော်တို့ အလုပ်ရှုပ်တာပေါ့၊ ဘောလုံးပွဲတောင် ကောင်းကောင်းမကြည့်ရဘူး၊ ကဲ ကဲ ဒေါ်လုံးဝင်သွား၊ သူ့ကိုပြုစုလိုက်ဗျာ"

"ဟုတ်လား၊ အေး အေး အဲဒေါ်ကြည့်လိုက်ပါ့မယ်"

ဒေါ်လုံးတင် သူမအခန်းထဲဝင်သွားလျှင် နှစ်ဦးသား ဖခုံးတွန့်မိကြ၏။

ညတစ်ညတာကို ဒဏ္ဍာရီနှင့် အတူတူဖြတ်သန်းလိုက်ရတာ သူတို့ကိုယ်သူတို့လည်း မယုံနိုင်အောင် ဖြစ်မိကြသည်။

"ယံချမ်း မင်းပြောတော့ အလေးအနက်မထားပါဘူးဆိုပြီး တကယ်တမ်း သူဖျားတော့ အနားမှာ ငုတ်တုတ်စောင့်ပေးသားပဲနော်"





"စောင့်ပေးတာမဟုတ်ပါဘူး၊ ငါ အမှတ်တမဲ့ အိပ်ပျော်သွားတာ"

"သြော်…သြော်"

မိုးဝသုန်က နှုတ်ခမ်းကို ရွဲ့လိုက်သည်။

ယံချမ်း ဘယ်လိုပဲညာညာ သူ ယံချမ်းရင်ထဲကို မြင်လိုက်ပါပြီ။

"အေးလေ မင်းက အစ်ကိုရင်းတစ်ယောက်လို ရီလေးအပေါ် ဖြူဖြူစင်စင် သဘောထားတဲ့သူပဲ၊ မဟုတ်ဘူးလား"

ဟု သူထပ်ရွဲ့လိုက်ပါသေးသည်။

ယံချမ်းက ဘာမှမတုံ့ပြန်။ လေှကားကနေ သူ့အခန်းရှိရာသို့ အေးအေးဆေးဆေးပဲ တက်သွားလေသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ညတုန်းက မိုးနည်းနည်းရွာထားတာကြောင့် ဒီနေ့မှာ တစ်ခြံလုံး အေးမြသာယာနေသလို ထင်မိသည်။

မြေသင်းနံ့ကလေးကပင် ကဗျာဆန်နေသလိုလို ဆွတ်ပျံ့စရာလေးဖြစ်နေသည်။

နေ့လယ်ခင်းပေမဲ့ နေလည်းမပူဘဲ အုံ့ပျပျလေးနှင့် နေလို့ကောင်းလှသည်။

ဒဏ္ဍာရီက ပိန်းပန်းအနီရဲရဲလေးတွေ လေးငါးခက်နှင့် အစိမ်းရောင်ကျောက်ခက်လေးတွေကို ခူးယူလိုက်သည်။

ဒီနေ့ အိမ်ကိုပြောင်လက်ရှင်းသန့်နေအောင် ရှင်းလင်းပြီး စားပွဲမှာ ပန်းအိုးလှလှလေးတွေ ပြုပြင်ထိုးစိုက်ဖို့ ရည်ရွယ်သည်။

မန္တလေးအိမ်ကအကြောင်းအရာတွေကို မေ့မေ့ပျောက်ပျောက် ထားလိုက်တော့လည်း သူမဘဝက နေသာထိုင်သာရှိ

www.burmeseclassic.com

www.burmeseclassic.com



သက်တောင့်သက်သာဖြစ်လာပါသည်။

သူများအိမ်မှာ ဖြစ်သလို ခိုကပ်နေရသော်လည်း ဒဏ္ဍာရီ စိတ်ချမ်းသာနေသည်။

အမှန်အတိုင်း ဝန်ခံရပါလျှင် ဒီအရပ်၊ ဒီဒေသ၊ ဒီအိမ်၊ ဒီနေရာလေးက ခွာပင်မခွာချင်တော့ပါ။

ဒါဟာ ဘာကြောင့်များလဲ။

သူမရဲ့အတွေးပုံရိပ်များ ထင်ဟပ်လာသူက ကိုမိုးဝသုန် ပါ။

ဒါပေမဲ့ ခုတလော သူ ကစ်ခုခုကို စိတ်တိုနေသလိုပဲ။

မျက်နှာတည်တည်ကြီးနှင့် ရီလေးကိုလည်း စကားဟက် ဟက်ပက်ပက် မပြော။

သူဘာကိုစိတ်ဆိုးနေပါလိမ့်။

သူ့ဖက်က အားတက်သရော အလုပ်ရှာဖွေပေးပေမယ့် ဒဏ္ဍာရီက ချေးထူနေလို့များလား။

ဒါလည်း မဟုတ်သေးပါဘူး။

ရီလေး စိတ်အနှောင့်အယှက်ဖြစ်အောင် ဘာကြောင့်များ





စိမ်းကားနေရတာလဲ ကိုမိုးဝသုန်ရယ်။

ဒဏ္ဍာရီက ပိန်းပန်းစင်လေးရှိရာမှ လှည့်ထွက်လာရင်း ပင့်သက်ငွေ့ငွေ့ ရှိုက်မိသည်။

ရီလေးကို စကားမပြောဘူးလို့ တမင်တကာ တင်းထား တာလားမသိပါ။

ရီ ဘာလုပ်မိလို့ပါလိမ့်နော်။

စဉ်းစားတာလည်း စဉ်းစားမရ။

အခုဆိုရင် ကိုယ်ချမ်းကလည်း ရီလေးအပေါ် သဘော ထား ပျော့ပျောင်းစပြုလာပြီ။

အဖျားကြီးဖျားတဲ့ ညကတည်းက သူတို့နှစ်ယောက်အပေါ် ရီလေးဖက်ကလည်း တရင်းတနှီး နွေးထွေးအားကိုးတဲ့စိတ် ဝင်သွား တာပဲ။

ကိုယ့်အပေါ် အရမ်းကောင်းတဲ့ မိတ်ဆွေစစ်တွေကို လာ တွေ့ရတာ ကျေနပ်မဆုံးဖြစ်မိသည်။

အဲဒီညကအကြောင်းကို ပြန်စဉ်းစားတိုင်း ရင်ခုန်ပူနွေး ရသည်။ ရှက်ရွံ့ရင်ဖိုရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လုံးတင်ကတောင်

"သူတို့နှစ်ယောက်ကိုမြင်လိုက်တော့ ငါဖြင့်လန့်သွားတာ ပဲရီရီရယ်၊ ကိုယ့်မျက်စိတောင် ကိုယ်မယုံဘူး၊ လက်စသတ်တော့ ညည်းကို သူတို့က ညီမလေးတစ်ယောက်လို တတ်သလောက် မှတ်သလောက် ပြုစုပေးကြတာကိုး၊ တော်ပါသေးရဲ့"ဟု ဆိုခဲ့သေးသည် မဟုတ်လား။

ရီလေးနှလုံးသားမှာ ဘယ်လောက် ကတုန်ကယင် ဖြစ်သွားရမလဲဆိုတာ စဉ်းစားကြည့်ပါဦး။

ဒဏ္ဍာရီသည် အတွေးနှင့် ရှက်စနိုး ဖြိုးနေမိကာ အိမ်ဖက်သို့ ပြန်လျှောက်လာသည်။

ထို့နောက် အိမ်တွင်းသို့ဝင်ကာ တံခါးလေးကို ချပ်ခနဲ ပြန်ပိတ်လိုက်သည်။

ညှော်ခန်းလေးထဲ ငဲ့ကြည့်လိုက်သောအခါ ဆက်တီပေါ်က မှီအုံးတွေ မသပ်မရပ် ရွဲစောင်းနေတာ သတိထားမိ၏။

စီးကရက်ပြာခွက်ထဲမှာလည်း စီးကရက်အတိုအစတွေက ပြည့်နှက်နေပါလားနော်။





မုန့်စားပွဲပေါ်မှာလည်း စာအုပ်တွေ၊ ရီမုခ်တွေ ပုံကြလို့။

အို မျက်စိရှုပ်စရာပဲ။

အဲဒါ ဟိုနှစ်ယောက် ဖွထားတာတွေပေါ့။

ရီလေးက မျက်စောင်းလေးတစ်ချက်ခဲသည်။

ဟွန်း သူတို့ကိုယ်သူတို့ လူပျိုတွေဆိုပြီး စည်းကမ်းမရှိ ဖြစ်သလိုနေကြတာ။

သူတို့စိတ်ထဲမှာတော့ အလွယ်လေးပေါ့။

ခေါ်လုံး ရှင်းလိုက်မယ်ပေါ့။

အဲဒီ ကိုယ့်အခေါ်အရွယ်၊ အမေအရွယ်ကြီးဟာ တစ်အိမ်လုံး အပေါ်ထပ်အောက်ထပ် အကုန်လိုက်ရှင်းနိုင်ပါ့မလား။

သူ့ခမျာလည်း မောဦးမှာပေါ့။ နားချင်ဦးမှာပေါ့။ အပြင်လေးဘာလေး တစ်ခါတရံ လည်ပတ်ချင်ဦးမှာပေါ့။

ဒဏ္ဍာရီရဲ့ ဘဝအမြင်တွေက ပြောင်းလဲလာ၏။ သူမအနေနှင့် ခေါ်လုံးတင်နားနေပြီး အိမ်မှုကိစ္စတွေ ဝိုင်းကူရတဲ့အခါမှာ စာနာနားလည်ပေးတတ်မှုတွေ အများကြီး ဖြစ်ထွန်းလာပါသည်။ အစတုန်းကတော့ သူဌေးသမီးလေးလို ဘဝမှာ ကျော့ကျော့မေး



www.burmeseclassic.com

www.burmeseclassic.com



မောနေခဲ့ရတာမို့ ဒါတွေကို ခေါင်းထဲထည့်ပြီး တကူးတက မစဉ်းစားဖြစ်ခဲ့။

ဒဏ္ဍာရီက ခူးလာတဲ့ပန်းတွေ ပန်းအိုးမထိုးအားသေးဘဲ ခြည့်ခန်းလေးကို အရင်ရှင်းသည်။

ကော်ဇောပေါ်က အမှိုက်တွေ ဖုန်စုပ်စက်နှင့် စုပ်ယူလိုက်၏။

"ဒီး ဒီး ဒီး ဒီး"

ဒဏ္ဍာရီက ဖုန်စုပ်စက်သံနှင့်မို့ ဝင်လာတဲ့ကားသံကို မကြားမိချေ။

အိမ်ရှေ့တံခါးဘဲလ်သံ တီးတောင်လေးကြားမှသာ မှန်ချပ်ထဲကနေ လှမ်းကြည့်မိသည်။

ကိုမိုးဝသုန်။

နှစ်ထပ်ပုံစံ တီရှပ်အဝါနှင့် လီမွှော်အရောကို ဂျင်းဘောင်းဘီအပြာရင့်လေးနှင့် တွဲဝတ်ထားတာမို့ လူငယ်စတိုင်လ်နှင့် ခပ်မိုက်မိုက်လေးဖြစ်နေရာ တံခါးလာဖွင့်ပေးတဲ့ ဒဏ္ဍာရီမှာ တမေ့တမောငေးသွားရပါသည်။





သူ့ရုပ်က ဆွဲဆောင်မှုရှိသလို သူ့အကြည့်နွေးနွေးကလည်း ရီလေးကို အင်မတန် ဖြားယောင်းနိုင်သည်။

"ဘာတွေလုပ်နေတာလဲ"

"ဒီမှာလေ၊ အိမ်ရှင်းနေတာ"

"နေကောင်းကာစပဲ ရှိသေးတာကွာ၊ အပိုတွေ ပင်ပန်းခံနေပြန်ပြီ"

"အို ဒါ အပိုဟုတ်မလားလို့"

မိုးဝသုန်က အိမ်ထဲလှမ်းဝင်ကာ ဘွတ်ရှူးကိုချွတ်ရင်း မျက်မှောင်ကုပ်ကုပ်နှင့် ဆိုသည်။

မိုးပြာရောင် အပွင့်နုပ်နုပ် ဂါဝန်အပွလေး ဝတ်ထားတဲ့ သူမရဲ့ဟန်ပန်လေးဟာ ကလေးတစ်ယောက်လို မိုးဝသုန်ရင်ကို အေးမြကြည်နူးစေ၏။

အင်း ဒါပေမဲ့လည်း။

မိုးဝသုန်က အိမ်ထဲလှမ်းဝင်လာရင်း ပင့်သက်တချက်နှင့် ဆက်တီပေါ်ထိုင်လိုက်သည်။

ရီလေး ဒီနားမှာရှိနေ၍ သူလည်း ဒီနားထိုင်လိုက်တာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒဏ္ဍာရီက သူ့ဘာသာသူ ညည့်ခန်းလေးကို ဆက်ရှင်းနေပါသည်။

မှိုအုံးလေးတွေ သေချာပြန်စီ၊ ကောက်သိမ်းစရာရှိတာကောက်သိမ်း၊ ဖုန့်စုပ်စက်ကို သူနေရာသူပြန်ထား၊ ရှိုးကေ့စ်ထဲက ကြွေပန်းအိုးအဖြူလေးကိုထုတ်၊ ပန်းညှပ်ကတ်ကြေးသွားယူ စသဖြင့် သူ့မလှုပ်ရှားမှုလေးတွေကို မိုးဝသုန်က မမှိတ်မသုန် ထိုင်ကြည့်နေမိသည်။

ခပ်ခွာခွာနေကြည့်မယ်လေဆိုတဲ့ သူ့စိတ်ကူးတွေလည်း ပျက်သွားရပါပြီ။

တကယ်တမ်း သူမနေနိုင်ဘူးဆိုတာလည်း ကိုယ့်ဘာသာကိုယ်သိခဲ့ပြီလေ။

"ရီလေး"

"ရှင်"

"ကိုယ် အိမ်ပြန်နားတာလေ"

"အင်း…အဲဒီတော့"

"အအေးလေးဘာလေး ဖျော်မတိုက်ဘူးလား၊ ရတယ်



လေ ရီလေးမအားလည်း ဒေါ်လုံးကိုပဲ လုပ်ခိုင်းမယ်၊ ဗျို့ ဒေါ်လုံး"

မိုးဝသုန်က အသံကိုမြှင့်ပြီး တစ်ဆက်တည်း အော်သည်။

"ဒေါ်လုံးရေ"

"မရှိဘူး၊ အော်မနေနဲ့"

"ဟောဗျာ ဘယ်ရောက်နေလဲ"

"သူ့အစ်မအိမ် ခဏသွားမယ်ပြောတာပဲ"

"ဟာကွာ"

"ကဲပါ ရီလေးဖျော်ပေးပါ့မယ်၊ ဘာသောက်မလဲပြော"

"ထောပတ်သီးရှိလား"

"ရှိတယ်ထင်တယ်"

"ဒါဆို ထောပတ်သီးပဲဖျော်ပေး"

ဒဏ္ဍာရီက ခေါင်းညိတ်ကာ မီးဖိုခန်းပတ်လျှောက်သွားတာမို့ သူလည်းထိုင်မနေဘဲ ရီလေးနောက်က လိုက်သွားမိသည်။

ရီလေးက ရေခဲသေတ္တာကို ဆွဲဖွင့်ကာ ရေခဲရေနှင့် ရေခဲတုံးခွက်ကလေးကို ယူလိုက်သည်။

ပြီးလျှင် ထောပတ်သီးကို အစေ့ဖယ်ထုတ်ပြီး ရွှန်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ခြစ်ယူကာ ဘလန်ဒါထဲထည့်၏။

မိုးဝသုန်က သူမရဲ့လက်ချောင်းဖြူဖြူနုနု သွယ်သွယ်ပျောင်းပျောင်းလေးတွေ လှုပ်ရှားဟန်ကို ငေးနေမိသည်။

အင်း ဘယ်လိုနေနေ၊ ဘာပဲလုပ်လုပ် ချစ်စရာကောင်းနေတော့တာပဲ။

သူ့နှလုံးသားကို အမြဲတမ်း ပူနွေးလှိုက်ခုန်စေတဲ့ ကောင်မလေးပေါ့။

ရီလေးက နို့ဆီ၊ သကြားနှင့် နို့စိမ်းတို့ အနေတော်ဖြစ်အောင် ရောထည့်ပေးနေသည်။

ကိုမိုးဝသုန်က နံဘေးကနေ စေ့စေ့ကြည့်နေတာမို့ ရီလေးမနေတတ်သလိုပင် ဖြစ်မိသည်။

သူ့မျက်လုံးထဲ စိုက်ကြည့်မိရင် ရင်ခုန်လာမှာမို့ သတိထားကာ မကြည့်ဘဲနေမိသည်။

ဘလန်ဒါကို ခလုတ်ဖွင့်၊ ထောပတ်သီးတွေ သမသွားပြီဆိုတာနှင့် ပြန်ပိတ်၍ ကိုင်းတပ်ဖန်ခွက်ခပ်ကြီးကြီးထဲ အပြည့်ထည့်လိုက်သည်။





"ရီလေးအတွက်လည်း ထည့်လေ"

"ဟင့်အင်း"

"ဘာလို့လဲ"

"မကြိုက်ဘူး"

"ကိုယ်ကြိုက်တာကို ဘာလို့ ရီလေးက မကြိုက်ရတာလဲ"

"ဒါတော့မသိဘူး"

"ယံချမ်းကြိုက်တဲ့ အစားအသောက်ဆိုရင်တော့ ခင်ဗျားလည်း လိုက်ကြိုက်မှာပဲမဟုတ်လား"

"ဟင် ဘာဆိုင်လို့လဲ"

သူ့ရဲ့ မလိုတမာသံ မေးခွန်းကြောင့် ရီ အံ့သြသွားမိ၏။

"အင်းလေ သူကသူ့ဒွေးသားပဲ"

"ကိုမိုးဝသုန် ဘာတွေပြောနေတာလဲ"

မိုးဝသုန်သည် စိတ်ထဲကြိတ်မှိတ် မျိုသိပ်ခံပြင်းနေတာကြာပြီမို့ ဒီတစ်ခါတော့ ပေါက်ကွဲပစ်လိုက်ချင်သည်။

"သူနဲ့အပြင်သွားတာ ကိုယ်မသိဘူးထင်နေလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"သူခေါ်တဲ့နေရာ လိုက်သွားတယ်မို့လား"

"ရီလေးကို ဘယ်လိုထင်လို့လဲ"

"ယံချမ်းကို ခင်ဗျား မျက်နှာသာပေးတယ်"

"ရှင်ဘယ်လိုပြောလိုက်တာလဲ"

"ခင်ဗျား သူ့ကိုစိတ်ဝင်စားနေလား"

ရှုတင်းတင်းအမေးကို ပြန်မဖြေဘဲ ရီလေးကလည်း သူ့ကို တန်ပြန်စိုက်ကြည့်နေမိသည်။

နေရင်းထိုင်ရင်း ရန်လိုနေရတဲ့အကြောင်းကို အမှတ်မထင် သိလိုက်ရတဲ့အခါ ဒဏ္ဍာရီရဲ့ရင်မှာ ပြောမပြတတ်အောင် လှုပ်ရှားသွားရသည်။

လက်စသတ်တော့ သူစိတ်ဆိုးနေတာ ဒါကြောင့်လား။

"ညာဖို့မစဉ်းစားနဲ့၊ ရုံးကလူတစ်ယောက်က ခင်ဗျားတို့ကို တွေ့တယ်"

တစ်ယောက်နှင့်တစ်ယောက် မျက်လုံးမလွှဲဘဲ အကြာကြီး ပြိုင်ကြည့်နေမိကြသည်။





သူစွပ်စွဲတာကို ရီလေး မခံချင်လို့ပါ။

ကိုယံချမ်းကို သူ့ဆွေမို့လို့ ရီလေးက ပိုဦးစားပေးတယ်ဆိုတဲ့ သူ့စကားက တဆိတ်မစော်ကားလွန်းဘူးလား။

သူဘာကြောင့် ဒီလိုပြောရက်တာလဲ။

"ယံချမ်းက သူငယ်ချင်းကောင်း၊ မှန်တယ်၊ ကိုယ့်အလုပ်ရှင် မှန်တယ်၊ သူ့ကျေးဇူးတရားတွေ အများကြီးရှိတယ်၊ မှန်တယ် ဒါပေမဲ့ အဲဒါတွေကြောင့် ကိုယ့်နှလုံးသားကို မပေးဆပ်နိုင်ဘူး၊ ကိုယ်မစတေးနိုင်ဘူး၊ ရီလေးကို ကိုယ်ချစ်တယ်၊ ခင်ဗျား ဘာကြီးပဲဖြစ်နေပစေ ဘယ်သူဘာပဲပြောပြော ရင်ထဲမှာချစ်တာက ချစ်တာပဲ"

သူ့ထံက ပွင့်ထွက်လာသော ချစ်စကားကြောင့် ဒဏ္ဍာရီ မျက်နှာလေး နွေးခနဲ ရဲသွားရ၏။

သူ့ကိုမကြည့်တော့ဘဲ ခေါင်းကိုငုံ့ချလိုက်မိသည်။

နှလုံးသားမှာ မယုံမရဲနှင့် ဗရမ်းဗတာခုန်ပေါက်လှုပ်ရှားလာရ၏။

"ရီလေး"

www.burmeseclassic.com

www.burmeseclassic.com



သူက တိုးဖွဖွလေးခေါ်သည်။ ပြီးလျှင် မချင့်မရဲနှင့် အနားသို့ တိုးကပ်လာသည်။

''ကိုယ်အရမ်းချစ်တာ သိရဲ့လားဟင်''

သူမဆံပင်ရှည်ရှည်တို့ကို တို့ထိကိုင်တွယ်လျက် ထပ်ပြောလေသည်။

ဒဏ္ဍာရီ မျက်နှာလေးက မော့မလာလျှင် သူက စိတ်မရှည်သလို ပခုံးလေးကို သိမ်းဖက်၍ ပါးပြင်ကို ဖွဖွနမ်းရှိုက်လိုက်သည်။

''အို''

''ရီလေးကို ဘာကြောင့်မှ မစွန့်လွှတ်နိုင်ဘူး၊ ကိုယ်အရမ်းချစ်နေတယ်၊ သိပ်ချစ်တယ်၊ မပြောဘဲလည်း မနေနိုင်တော့ဘူးကွာ''

ဒဏ္ဍာရီ မှင်သက်အငိုက်မိနေခိုက် သူက ရင်ခွင်ထဲသို့ အကျအနသွင်း၍ တင်းတင်းကျပ်ကျပ်ပင် ဖက်ထားလိုက်ပါသည်။

''ကိုမိုးဝသုန် လွှတ်ပါ''

အလန့်တကြားနှင့် ဒဏ္ဍာရီနှုတ်မှ တိုးတိုးငြင်းဆန်မိသည်။

ဝိုး၊ မိုး၊ ၁၁၆ပ



''စိတ်မဆိုးပါနဲ့၊ ကိုယ့်ကိုပြန်ချစ်ပါ''

''ဟင့်အင်း''

''ရီလေးချစ်တာ ကိုယ်သိပါတယ်''

''မချစ်ပါဘူး၊ ဖယ်''

ဒဏ္ဍာရီက သူ့ရင်ခွင်ထဲမှ ရုန်းထွက်၏။ သူက လွှတ်မပေးဘဲ ပိုတိုး၍ဖက်ထားသည်။

နွေးထွေးပျော့ပျောင်းသော ခန္ဓာကိုယ် အိအိထွေးထွေးလေးကို မိုးဝသုန် မလွှတ်နိုင်။ အထိအတွေ့မှာ သူ့နှလုံးသားက ပို၍ ယစ်မူးပျော်ဝင်သွားမိသည်။

''ရီလေးချစ်တာ ရှင့်ကိုမဟုတ်ဘူး''

''ဘာပြောတယ်''

''သူ့ကိုမျက်နှာသာပေးတယ်ဆို ရှင်ပဲပြောပြီး''

''ယုံချမ်းလား၊ သူ့အကြောင်းထပ်မပြောနဲ့''

ဒဏ္ဍာရီသည် သူ့ရင်ခွင်ထဲ နီးကပ်စွာရှိနေတာမို့ ရင်တွေတုန်ကာ ရှက်သွေးမွှန်နေရသည်။

သူက ရီလေးမျက်နှာကို မော့ယူကာ နမ်းရှိုက်လိုက်သဖြင့်

ဝိုး၊ မိုး၊ ၁၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူမှားသွားရသည်။ လုံးဝအမှတ်မထင်။

"ဟင့်အင်း...အို"

သူမအသံလေး တိတ်သွားရသည်။

ကိုမိုးဝသုန်အပေါ် တိတ်တခိုးချစ်နေမိတာ မှန်သော်လည်း သူက ဤသို့ အတင့်ရဲစွာ အနမ်းပေးတော့လည်း ဒဏ္ဍာရီ လန့်ဖျပ် တုန်လှုပ်စွာနှင့် သူ့ရင်ဘတ်ကို တွန်းဖယ်မိသည်။

သို့သော် ဒဏ္ဍာရီ လက်ကလေးတွေမှာ အားမပါပေ။ သူ့ရဲ့အယုအယမှာ ငြိမ်သက်မျောပါ အငိုက်မိသွားရပါသည်။ နှလုံး သားမှာ ဆောင့်ခုန်လျက် ပူနွေးလှိုက်ဖိုလာသည်။

ရီလေးရင်ထဲမှာ အရင်ကတည်းက သူ့အပေါ် မျှော်လင့် နေခဲ့မိလို့များလား မဆိုနိုင်။

အမှတ်မထင် ချစ်တုံ့ပြန်မိလေသည်။

သူက လွယ်တယ်ထင်မှာလား။

အို ရှက်စရာ။ မျက်နှာပူစရာနော်။

ဒဏ္ဍာရီ ရှက်ရှက်နှင့် မျက်လုံးအစုံကို မှိတ်ထားလိုက်မိ သည်။

◆ ◆ ◆



လျှင်မြန်စွာ ချစ်သူတွေဖြစ်သွားကြပြီဆိုတော့လည်း တစ်ဦးကိုတစ်ဦး မျက်စိအောက်က အပျောက်မခံနိုင်အောင်ပင် အဖြစ်သည်း အကဲပိုနေမိကြလေသည်။

ဒဏ္ဍာရီသည် တစ်စုံတစ်ယောက်ကို ဒီမျှ အချိန်တို ကလေးအတွင်း ယုံစားကိုးကွယ် ချစ်မြတ်နိုးမိလိမ့်မည်ဟု သူမ ကိုယ်သူမ မထင်မိခဲ့ချေ။

ကိုမိုးဝသုန်ကို စတွေ့ရတဲ့ညကတည်းကပင် ရင်းနှီးဖူး သလိုလို အားကိုးခဲ့မိခြင်းကပဲ သူမရင်တွင်းချစ်ခြင်း ဖြစ်တည်လာ ခဲ့ရတာပါ။

သူမနောက်ကြောင်းကိုပင် သေချာမသိပါဘဲ စွန့်လွှတ် စွန့်စားနှင့် အချစ်တစ်ခုတည်းကို ရှေ့တန်းတင်သော ကိုမိုးဝသုန် ရဲ့ နှလုံးသားကိုလည်း အံ့ဩရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒဏ္ဍာရီသည်လည်း အမှန်တကယ်တော့ မန္တလေးကိုပြန်မည်ဆိုလျှင် ပြန်ခွင့်သာနေပါပြီ။

ဦးနေစိုးလည်း ဆေးရုံကဆင်းပြီး ကျန်းမာရေးအခြေအနေကောင်းသည်ဆိုတာ ဒေါ်စောမှတစ်ဆင့် သတင်းစကားကြားခဲ့ပြီးသား။

ဖေဖေလည်း ဒဏ္ဍာရီနှင့်ပတ်သက်ပြီး နောင်တရလှမ်းဆွတ်နေသည်ဟုဆိုသည်။

အခု ဒီမှာဆက်ပြီး သောင်တင်နေမိတာဟာ မန္တလေးအိမ်ကို မပြန်ချင်လို့ စိတ်နာလို့ သက်သက်မဟုတ်ဘဲ ကိုမိုးဝသုန်နှင့် မခွဲချင်တာကြောင့်ပါ။

ချစ်နေရသော ရက်ကလေး ရှည်ကြာစေချင်သည်။

နောင်ကို ဘာဖြစ်လာမလဲဆိုတာ သူမ မသိဘူးလေ။ ကိုမိုးဝသုန်နဲ့ ရီလေးတို့ ချစ်နေကြပြီဆိုတာသိလျှင် ကိုယံချမ်း စိတ်ဆိုးမလား။

သူဘာများပြောမလဲဟု ရီလေး ကြောက်နေမိ၏။

ကိုယံချမ်း ပြန်ရောက်လာတာနှင့် ရီလေးတို့နှစ်ယောက်





ခပ်ခွာခွာ သတိထားပြောဆိုဆက်ဆံရသည်။

"ဒီကောင်သာသိသွားရင်တော့ ပေါက်မှာပဲ၊ မောင့်ကို နှင်ချမယ်ထင်တယ်ကွ"

မိုးဝသုန်က ရယ်ရယ်မောမော ပြောနိုင်ပေမယ့် သူမရင်တဒိတ်ဒိတ်ခုန်လှသည်။

အနေနှင့်အမြန်တော့ သူမရဲ့ဘဝအမှန်ကို ပြောပြပြီး ဒီအိမ်ကြီးကနေ ခွန်ခွာရမည်။

မန္တလေးသို့ ပြန်ရဦးမည်။

အိမ်ပေါ်ကဆင်းသွားချိန် ခဏတာမှာ တစ်သက်တာလက်တွဲဖို့ ချစ်သူတစ်ယောက် တွေ့ခဲ့ပြီဆိုလျှင် ဖေဖေကရော သူမအပေါ် ယုံစားပါ့မလား။

ကိုမိုးဝသုန်နှင့် သဘောတူကြည်ဖြူပါ့မလား။

ကိုမိုးဝသုန်ဖက်က အခြေအနေကရော။

ရှေ့ရေးကို တွေးတောကာ ဒဏ္ဍာရီ ရတက်မအေးနိုင်သေးပါ။

မောင်နှင့်တွေ့လျှင် ကြိုတင်တိုင်ပင်ရပါဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနှစ်ရက်သုံးရက်အတွင်းမှာ ရီလေးတို့ လွှတ်လွှတ်လပ်လပ် စကားပြောခွင့်မသာခဲ့ချေ။ မောင့်နားမှာ ကိုယ်ချမ်းက ရှိနေသည်။

မောင်ကလည်း သူမနှင့်တွေ့နိုင်ဖို့ အလစ်ချောင်းနေတာ သူမသိသည်။

တစ်ညမှာတော့ ဝေယံချမ်းသာ အခန်းထဲဝင်သွားချိန် မိုးဝသုန်က အသာလေး လှစ်ခနဲ အောက်ဆင်းလာသည်။

ထိုညက လပြည့်ညလည်းဖြစ်တာမို့ လရောင်အေးအေးလေးက ကြည်နူးဆွတ်ပျံ့ဖွယ် လင်းဖြာနေသည်။ ဒဏ္ဍာရီကို ရှာဖွေတော့ ချစ်သူလေးသည် သူဆင်းလာမှာ ကြိုတင်သိနေသည့်အလား ခြံထဲက အပင်အောက် ထိုင်ခုံပတ်လည်အဝိုင်းလေးမှာ တစ်ဦးတည်း ဆင်းထိုင်နေသည်။

မိုးဝသုန်သည် ဘာမှကြာရှည်မစဉ်းစားတော့ဘဲ သူလည်း ဒဏ္ဍာရီ အနားသို့ လှစ်ခနဲ ပြေးကပ်သွားလိုက်သည်။

“ရီလေး”

“ရှင်”





သူမ ဖျတ်ခနဲ လှည့်ကြည့်လိုက်စဉ် မောင်က ခပ်ပြုံးပြုံးနှင့် သူမအနီး တိုးကပ်ထိုင်ချလိုက်၏။

“ဟင် မောင်မအိပ်သေးဘူးလား၊ ကိုယ်ချမ်းရောဟင်”

“သူ့အခန်းမှာ”

“ဘာလို့ဆင်းလာတာလဲ၊ သူရိပ်မိသွားပါဦးမယ်”

“သိချင်လည်းသိပါစေတော့ကွာ၊ မောင် ရီလေးကို လွမ်းနေပြီ၊ တမိုးအောက်ထဲနေပြီး ဝေးနေကြတာ မမိုက်ဘူးကွာ၊ ဒေါ်လုံးမြင်မှာစိုးတာနဲ့ ကိုယ်ချမ်းက အလုပ်တွေ တအားဖိခိုင်းနေတာနဲ့ အေးအေးဆေးဆေးလေးတောင် စကားမပြောရဘူး”

သူက အလိုမကျစွာ ရှုပုတ်ပုတ်မျက်နှာနှင့် ရေရွတ်သည်။

ဟုတ်တော့လည်းဟုတ်သည်။

ချစ်သူဖြစ်ပြီး နောက်တစ်နေ့ကတည်းက ဒသချာစကား ပြောခွင့် မရသေးတာအမှန်။

ပြောပြောဆိုဆို မိုးဝသုန်က ဒဏ္ဍာရီနှင့် မျက်နှာချင်းဆိုင် တိုးကပ်လာရာ သူမနှလုံးသားမှာ တလှပ်လှပ် အခုန်မြန်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ပေါ်ထပ်ကိုလည်း စိုးရွံ့စွာ တစ်ချက်မော့ကြည့်မိသည်။

မိုးဝသုန်ကတော့ ဘာမှဂရုမထားဟန်။

ဒဏ္ဍာရီမျက်နှာလေးကိုသာ ပျောက်သွားတော့မလို မချင့်မရဲ စိုက်ကြည့်နေ၏။

ဒီမျက်နှာလေးကို ခုလိုမြင်ခွင့်ရဖို့ သူမှာစောင့်နေရတာ မောလှပြီ။

"ရီလေးရယ်"

မိုးဝသုန်က ဆက်ပြီး ထိန်းမထားနိုင်တော့သလို သူမကိုယ်လုံးလေးကို သူ့ဖက် ဖြုန်းခနဲဆွဲယူ နမ်းရှိုက်ပစ်လိုက်သည်။

"သိပ်ချစ်တယ်ကွာ၊ သိရဲ့လား"

"အို"

ထိတ်ခနဲ လန့်သွားရပေမဲ့ နွေးထွေးသော အနမ်းများကို သူမ ဘယ်လိုငြင်းဆန်နိုင်ပါ့မလဲ။

"မောင်"

သူမ သတိပေးသလို ခေါ်မိ၏။





"လွှတ်တော့နော်၊ မတော်တဆ သူတို့မြင်သွားပါဦးမယ်"

အဆက်မပြတ် ကျရောက်နေသော မောင့်အနမ်းလေးတွေက ရပ်မသွား။ သူမကိုတိုး၍ သိမ်းဖက်ထားဆဲ။

"ဟင်း...မောင်ရယ်"

သူမနှုတ်မှ ညည်းညူသံလေးသာ ထွက်လာရသည်။

နူးညံ့ညင်သာသော သူ့နှုတ်ခမ်းတွေက သူမလည်တိုင်လေးဆီသို့ ဖြေးညှင်းစွာ ရွေ့လျားလာသည်။

ဒဏ္ဍာရီမှာ သူ့ရင်ခွင်ထဲ၌ မလူးသာမလွန့်သာ။

ရင်တွေက ပေါက်ကွဲတော့မလို တထိတ်ထိတ်နှင့် ဗရမ်းဗတာ ခုန်ပေါက်လှုပ်ရှားနေသည်။ တစ်ကိုယ်လုံးက လှည့်သည်နေသော သွေးလည်ပတ်မှုနှုန်းကလည်း ပူနွေးမြန်ဆန်လာသည်။

သူက တဖွတ်ထိုးဆန်ဆန် တယုတယ ကြင်နာနေတာမို့ ဒဏ္ဍာရီလည်း သူ့ရင်ခွင်တွင်းမှ ရုန်းမထွက်နိုင်တော့ချေ။

သူ့ရဲ့လွှမ်းမိုးမှုမှာ မျောပါရင်း အရာရာကို တခဏသာ မေ့လျော့သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးဝသုန်ကလည်း သူမကို တော်တော်နှင့် ဖြေလွှတ်မပေးနိုင်ပေ။

သူမကို ဒီလိုမျိုး တွေးဖက်ယုယထားချင်တာ ကြာခဲ့ပြီ။

သူမဆံနွယ်တွေကြားမှာ သူ့မျက်နှာကို ထိကပ်ထားမိသည်။

သူ့ရင်တွေ အရမ်းခုန်နေသည်။

တစ်သက်လုံးသာ သူမကို ရင်ခွင်ထဲက မလွှတ်တမ်းတွေးဖက်ထားလိုက်ချင်မိ၏။

◆ ◆ ◆



စေယံချမ်းသာသည် ရှေ့ဆီက မြင်ကွင်းကြောင့် ရုတ်တရက် သွေးဆူကာ မျက်လုံးတွေပင် ပြာဝေသွားရသည်။

ပူးကပ်နေသော စုံတွဲလေးကို ဟုတ်မှဟုတ်ရဲ့လားဟု သူ ချောက်ချားစွာ စူးစိုက်ကြည့်မိသည်။

နှလုံးသားမှာ လစ်ဟာနေမြောခြင်းကြီးစွာ ကြေကွဲသွားရင်း ခြေလှမ်းတုန့် ရပ်တန့်နေမိ၏။

မိုးဝသုန် . . . မိုးဝသုန်။

သူ့အရိပ်မှာ လာခိုလှုံနေသူလေးကို လျှင်မြန်စွာ အပိုင်ကြံလိုက်ပြီကိုး။

ယံချမ်းက အံတစ်ချက်ကြိတ်ကာ ကျောခိုင်းလှည့်ထွက်ရင် ကောင်းမလား။ ရင်ဆိုင်ဖြေရှင်းရင် ကောင်းမလား ဝေခွဲမရဘဲ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးဝသုန်က နောက်ဖက်က ခြေသံတစ်ခု ကြားရသလို ထင်မိတာကြောင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်မိ၏။

"ဟာ"

နှစ်ဦးသား အလန့်တကြား ခပ်မြန်မြန် လူချင်းခွာမိသည်။

ယံချမ်း ဘယ်လိုရောက်လာတာလဲ။

မိုးဝသုန် မျက်နှာကြီး ပူနွေးကာ အမ်းတမ်းတမ်းဖြစ်သွားရ၏။

သူတို့မြင်သွားပြီဖြစ်တာကြောင့် မထူးဘူးဟုတွေးကာ ဝေယံချမ်းသာက ရှေ့ဆက်လျှောက်လာခဲ့ပါသည်။

မိုးတိမ်ရိပ်တို့ ကင်းစင်သော လရောင်ဆမ်းတဲ့ ညတစ်ည မှာ သူတို့သုံးဦး နီးကပ်စွာ မျက်နှာချင်းဆိုင်မိကြသည်။

ယံချမ်းအကြည့်တွေက အေးစက်နက်နဲနေသည်။

မိုးဝသုန်မျက်နှာကို တည့်တည့်မတ်မတ် ရူးရူးရဲရဲ ကြည့်နေသည်။

ဒဏ္ဍာရီသည် ကိုယံချမ်းရဲ့ မှုန်တည်တင်းမာအေးစက်နေသော မျက်နှာထားကြောင့် အသက်မရှူရဲသလိုပင် ဖြစ်သွားရသည်။

ဝိုး:မိုး:၀၁၆ပ



ရက်စိတ်နှင့် သူမတစ်ကိုယ်လုံး တုန်ယင်ပူထူကာ နေစရာမရှိအောင် ဖြစ်နေမိသည်။

မှင်သက်စွာငြိမ်နေမိရင်း ထိုင်ရာကလည်း မထမိ။

ဒီနေရာဟာနေ ဘယ်လိုထွက်သွားရမလဲ။

ကိုယံချမ်းရှေ့ကနေ သူမ အမြန်ဆုံးရှောင်ပြေးတာက အကောင်းဆုံးဖြစ်လိမ့်မည်။

ဒါကိုစဉ်းစားမိတာနှင့် ဒဏ္ဍာရီက လှစ်ခနဲထကာ အိမ်ဖက် အပြေးဝင်သွားလေသည်။

မိုးဝသုန်တစ်ယောက်သာ ယံချမ်းကို မျက်နှာပျက်ပျက်နှင့် မော့ကြည့်ရင်ဆိုင်လိုက်သည်။

"ယံချမ်း"

"ကဲ ပြော၊ မင်းဘာဖြေရှင်းချင်လဲ"

"သူ့ကိုငါချစ်သွားပြီ"

"ချစ်သွားပြီ ဟုတ်လား၊ ဒီလို နောက်ကြောင်း ဘာမှမသိတဲ့ ကောင်မလေးတစ်ယောက်ကို မင်းဘယ်လောက်ထိ ရည်ရွယ်လဲ"

ဝိုး:မိုး:၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



"ငါ သူ့ကိုလက်ထပ်မှာပါ"

ယံချမ်းက နှုတ်ခမ်းကို တစ်ချက်မဲ့လိုက်သည်။

သူ့စကားကို သိပ်မယုံသလို ဟန်မူယာ။

"အရေးကြီးတာက ငါ့မှာမီရဲ့ ခွင့်ပြုချက်နဲ့ သူ့ဒီမှာမှိနေတာ၊ မင်း သူ့ကို တကယ်တန်ဖိုးထားရင် ညကြီးမင်းကြီး ဒီလိုချိန်းမတွေ့သင့်ဘူး"

"ဆောရီးပဲ ယံချမ်း"

မိုးဝသုန်က အားတုံ့အားနာ ဆိုလိုက်သည်။

ယံချမ်း သူ့အပေါ် တင်းသွားပြီဆိုတာ သူရိပ်မိပါသည်။

"မင်း လုံးဝစည်းကမ်းမရှိတာပဲ"

"မဟုတ်ဘူး၊ မင်းထင်သလိုမဟုတ်ဘူး"

"ရတဲ့အခွင့်အရေးကို မင်းအကုန်ယူတာပဲ မိုးဝသုန်"

ယံချမ်းသိသွားရင် ပေါက်ကွဲမှာပဲဆိုတာ သူကြိုတွက်ထားပြီးသားပါ။

"ဒဏ္ဍာရီလည်း မိုက်မဲတာပဲ"

"ချစ်သူတစ်ယောက်ထားမိတာ အပြစ်မဟုတ်ပါဘူး





ကွာ"

"သူ့အနေအထား သူသိသင့်တယ်"

"ရီလေး မမှားပါဘူး"

"ဒါဆို မင်းမှားတာလား"

"ငါက ဘာမှားနေလဲ"

"မင်း ဒီကောင်မလေးကို ရောနေကတည်းက ငါသတိပေးခဲ့တယ်"

သတိပေးတဲ့ သူ့ကိုယ်သူရော ပြန်ဆန်းစစ်မိရဲ့လား။

မိုးဝသုန် ပြန်မေးလိုက်ချင်သည်။

သို့သော် သူ့မေးခွန်းကို ရင်ထဲသို့သာ မျိုချလိုက်ရ၏။

ဘာပဲဖြစ်ဖြစ် သူရော ရီလေးရော ခုလောလောဆယ် သူ့အိမ်ရိပ်မှာနေတာ သူ့ကျေးဇူးနှင့်မကင်း။

"မင်းမကျေနပ်ရင် ငါဘာလုပ်ပေးရမလဲ"

ယံချမ်းကို သူလိုရင်းပဲ မေးလိုက်၏။

ယံချမ်းက ခေါင်းဆတ်သည်။

မင်းက ဒီလေသံမျိုး သုံးနိုင်သေးလားဆိုတဲ့ပုံစံ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီကထွက်သွားပေးရမလား၊ မင်းအိမ်မှာမနေနဲ့ဆို ငါမနေဘူး၊ မင်းကို ကျေးဇူးတော့တင်ပါတယ်၊ ဒါပေမဲ့ အချစ်နဲ့ ပတ်သက်လာရင် ငါ ဘယ်သူ့မှ အရှုံးမပေးနိုင်ဘူး ယံချမ်း"

"မင်းဘာကိုဆိုလိုတာလဲ"

"ရီလေးကို မစွန့်လွှတ်နိုင်ဘူး၊ ငါ ဆုံးရှုံးမခံနိုင်ဘူး"

"မိုးဝသုန် မင်းစကားပြော နည်းနည်းဆင်ခြင်"

"ငါ အမှန်အတိုင်းပြောတာ"

"မင်းကိုရော ဘယ်သူက စွန့်လွှတ်ခိုင်းလို့လဲ"

"ယံချမ်း ထိုင်ဦး၊ မင်းနဲ့ အေးအေးဆေးဆေး ဆွေးနွေး မယ်"

"တော်ပြီကွာ၊ ငါမဆွေးနွေးချင်ဘူး"

"ငါတို့ မိန်းကလေးတစ်ယောက်ကြောင့် ကွဲ့ငြမတတ် ချင်ဘူး"

"မင်းစကားတွေက ငါ့စေတနာကို ရေလည်စော်ကားနေ ပါလား"

"ထားပါတော့၊ ငါ စကားပြောမတတ်တာပါ"





"မဟုတ်ပါဘူး၊ မင်းက သိပ်တော်ပါတယ်"

ယံချမ်းက ခနဲ့ခနဲ့ဆိုလိုက်သည်။

ခင်မင်ရင်းနှီးလာတာ ကြာခဲ့ပြီဖြစ်တဲ့ သူငယ်ချင်းတွေမို့ တစ်ယောက်စိတ်ထဲကို တစ်ယောက်က မြင်နေသည်။

ယံချမ်းက စိတ်ကိုလျှော့ကာ မိုးဝသုန်နံဘေးမှာ ဝင်ထိုင် လိုက်ပါသည်။

သူ့ဒေါသတွေ ငြိမ်သက်သွားမှ ဖြစ်လိမ့်မည်။

ဒီဒေါသတွေ ဘယ်ကနေ မြစ်ဖျားခံလာသလဲဆိုတာ ယံချမ်း ဘယ်တော့မှ ဝန်ခံမှာမဟုတ်ပါ။

ဒီတစ်သက် ဘယ်သူ့ကိုမှလည်း မသိစေချင်။

တကယ်တော့ သူမချူးရဲ့တဲ့ ပန်းတစ်ပွင့်ကို သူလိုမတွေဝေ တဲ့ သူတစ်ယောက်က အလျင်အမြန် ခူးဆွတ်သွားတာ ဘာမှ မထူးဆန်းပါ။

သူ ကြည့်နေရုံကလွဲ၍ ဘာတတ်နိုင်မှာလဲ။

သူ့မှာ မိုးဝသုန်လို သတ္တိမရှိ။

အချစ်ရေးနှင့် အိမ်ထောင်ရေး ရည်မှန်းချက်ကို ယံချမ်းက



www.burmeseclassic.com

www.burmeseclassic.com



အမြင့်ဆုံးထား စဉ်းစားတဲ့သူ။

နှလုံးသားရဲ့ လိုအပ်ချက်၊ တမ်းတချက်ကို သူ အလေးအနက်မထားနိုင်ပါ။

သူနှင့်လိုက်ဖက်ညီ သင့်တော်သော မိန်းကလေးမျိုးကိုသာ သူလက်ထပ်လိုသည်။

သူလိုချင်မက်မောတဲ့ အချက်အလက်တွေ မပြည့်စုံရင် ဘယ်လောက်ကြီးပဲ ချောမောလှပနေပါစေ သူစိတ်မလှုပ်ရှားချင်ပေ။

တကယ်လို့ မတော်တဆ စိတ်လှုပ်ရှားခဲ့မိရင်လည်း အဲဒါကို သူ အလေးအနက်ထားမှာမဟုတ်။ မသိကျိုးကျွံသာ ပြုနေလိုက်မည်။

သူလိုလူအတွက် မိုးဝသုန် ထည့်မတွက်တာလည်း မှန်ကန်ပါသည်။ သူ့အတွက်ကြောင့် သူအထိနာတာပါ။ မိုးဝသုန်ကြောင့်မဟုတ်။

ချစ်တဲ့သူကို ကိုယ်သာ ပိုင်ဆိုင်ခွင့်ရချင်တာ သဘာဝကျတဲ့ အတ္တတစ်ခုပါ။

မိုးဝသုန်ကို သူ ခွင့်လွှတ်ဖို့ ကြိုးစားရမည်။





ဟုတ်သည်။ မိုးဝသုန်မှာ အပြစ်မရှိ။

သူ ဒီ့ထက်ဟန်ဆောင်ကောင်းဖို့ လိုသည်။

"မိုးဝသုန်ရာ မင်းကွာ့ မဆိုင်တာတွေ မင်းကဘာလို့ ထွက်သွားရမှာလဲ၊ ငါပြောတဲ့သဘောက ဒဏ္ဍာရီနဲ့ပတ်သက်ပြီး ပြဿနာတစ်ခုခုတက်မှာ စိုးလို့ပါ၊ မင်းရွေးချယ်တာ မင်းကဏ္ဍ၊ မင်းအပိုင်းပါ၊ ဒါကို ငါဝင်စွက်ချင်လို့မဟုတ်ဘူး၊ အားလုံး မင်းသိတဲ့အတိုင်းပဲ သူက ငါတို့အိမ် ရောက်လာတာ ဘာကြာသေးလို့လဲ မင်းဆုံးဖြတ်တာ သိပ်အတင့်ရဲနေတယ်"

"ဟုတ်တယ်၊ မြန်တော့မြန်သွားတယ်၊ ဒါပေမဲ့ ငါ ဘယ်တော့မှ နောင်တရမှာမဟုတ်ဘူး ယံချမ်း၊ ရီလေးနဲ့ပတ်သက်ရင် ဘာမဆိုရင်ဆိုင်ရဲတယ်"

"အေးလေ ဒါဆိုလည်း မင်းကိုလွှတ်ထားရုံပေါ့"

ပြောမရတဲ့အတူတူတော့ ဒီကောင့်ကို ကြည့်နေရုံပဲ ရှိကာပေါ့။ ကောင်မလေးဖက်မှာ သိပ်ဆိုးဆိုးရွားရွား အခြေအနေတွေ ရှိမနေပါစေနှင့်သာ ကြိတ်ဆုတောင်းရသည်။

ယံချမ်းက မျက်မှောင်ကုပ်ကာ သူ့ကို စိတ်ပျက်သလို ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့ပေမဲ့ ယံချမ်းရင်ထဲမှာ နမြောစိတ်နှင့် ပူလောင်ဖျားယား ခတ်သွားတာကို သူခန့်မှန်းမိသည်။

မာနကြီးတဲ့ သူမို့ ဟန်ဆောင်ဖုံးကွယ်ထားတာ။

တကယ်တော့ အချစ်ဆိုတာလည်း ဆန်းကြယ်သည်။

ဖြားယောင်းညှို့ငင် ဆွဲဆောင်နိုင်တဲ့ သူမရဲ့ မျက်လုံးလေးတွေ၊ ချစ်စဖွယ်ကောင်းတဲ့ ဟန်မူယာလေးတွေ ခွန်းချိုသာတဲ့ စကားသံအေးအေးလေးတွေမှာ သူတို့ အမှတ်မထင် ကျရှုံးခဲ့တာအမှန်ပါ။

ဘဝရဲ့အရာအားလုံး လိုက်လျောပေးဆပ်ချင်လာမိတဲ့ စေတနာအဟုတ်က အံ့မခန်းစရာ။

မိုးဝသုန်က ကိုယ့်ရင်ထဲမှာ ဖြစ်ပေါ်လာတဲ့အတိုင်း အမှန်ကို ဖွင့်ချရင်ဆိုင်ပြီး ယံချမ်းကတော့ တွေဝေတွန့်ဆုတ်နှုတ်နှေးခဲ့သည်။

အခုတော့ မိုးဝသုန်က အောင်မြင်မှုရဲ့ ပန်းကုံးစွပ်ခြင်းကို ခံရပြီး သူကတော့ အလိုမကျခြင်းရဲ့ ဝေဒနာတွေ နှလုံးသားထဲ အပြည့် ဖိစီးနှိပ်စက်ခြင်းကိုသာ ခံရသည်မဟုတ်ပါလား။

◆ ◆ ◆

စိုး:မိုး:၀၁၆ပ

သမီးလေးဒဏ္ဍာရီ…

ဖေဖေအလွန်စိတ်ပူနေသည်

အမြန်ပြန်လာပါ။

ကိစ္စအားလုံး သမီးစိတ်တိုင်းကျ ပြေလည်စေရပါမည်။

ဖေဖေ ဦးနိုင်မြတ်

ဒဏ္ဍာရီက သတင်းစာထဲပါလာတဲ့ စကားလုံးတွေကို အလန့်တကြား ဖတ်ပြီးတာနှင့် သူမကို သေချာစိုက်ကြည့်နေတဲ့ ကိုမိုးဝသုန်နှင့် ကိုယံချမ်းထံ မျက်လုံးအဝိုင်းသားလေးနှင့် အပြစ်ရှိသလို တုန်တုန်လှုပ်လှုပ် ကြည့်လိုက်ပါသည်။

''အဲဒါ မင်းကိုပြန်ခေါ်တာမဟုတ်လား''

ယံချမ်းက ခပ်တင်းတင်းမေးသည်။

ဒဏ္ဍာရီက မျက်နှာပျက်ပျက်ကလေးနှင့် ခေါင်းညိတ်

စိုး:မိုး:၀၁၆ပ
www.burmeseclassic.com

www.burmeseclassic.com



ကာ

"ဟုတ်...ဟုတ်ပါတယ်"

"ရီလေး နေမကောင်းဖြစ်တဲ့ညက ယောင်ပြီးခေါ်နေတာ ကြားတယ်၊ ဖေဖေတဲ့၊ အန်တီမူယာတဲ့၊ အန်တီမူယာဆိုတာကရော ဘယ်သူလဲ"

မိုးဝသုန်ကတော့ ချိုချိုသာသာပဲ ခပ်အေးအေး မေးပါသည်။

ရီလေးကို အပြစ်ရှိသူလို မဆက်ဆံ။

သူ့အကြည့်မှာ နားလည်ငဲ့ညှာမှုတစ်ခုနှင့် အမြဲတမ်း ပျော့ပျောင်းနူးညံ့နေသည်။

အဲလိုသဘောထားကြီးပြီး အေးဆေးတဲ့သူမို့ ရှင့်ကို အရမ်း ချစ်မိတာပေါ့ မောင်ရယ်။

"အန်တီမူယာဆိုတာ ဖေဖေ့ရဲ့ နောက်ဇနီးပါ"

"မင်းမိထွေးပေါ့၊ သူနဲ့အဆင်မပြေလို့လား"

ဒဏ္ဍာရီ ခေါင်းညိတ်သည်။

"ဒါဖြင့် ခေါ်စောကရော"





"ရီလေးက ခေါ်စောတူမမဟုတ်ပါဘူး၊ ရီလေးမိဘတွေ က ကြီးခေါ်စောကို အိမ်မှာခေါ်ထားတာပါ"

"ဪ ဒီလိုလား"

"တွေ့လား မိုးဝသုန်၊ ငါမပြောဘူးလား"

"ဒါနဲ့နေစမ်းပါဦး၊ မင်းက ခေါ်စောတူမပါဆိုပြီး ဘာလို့ ညာခဲ့ရတာလဲ၊ ဒီကို ဘာရည်ရွယ်ချက်နဲ့ ရောက်လာတာလဲ၊ အမှန် အတိုင်းပြောနော်၊ ငါတို့ကို ထပ်မညာနဲ့"

"ရီ အမှန်အတိုင်းပြောမှာပါ ကိုယံချမ်း"

ဒဏ္ဍာရီက မန္တလေးတုန်းက အဖြစ်အပျက်တို့ကို အတိုချုပ် ရှင်းပြလိုက်ရာ ယံချမ်းက စိတ်ဝင်တစား နားထောင်နေသည်။

မိုးဝသုန့်မျက်နှာမှာတော့ ချစ်သူလေးဖက်ကနေ နာကျင် ခံခက်ပုံနှင့် မျက်နှာပေါ်မှာ ခံပြင်းရိပ်တွေ၊ မကျေနပ်ရိပ်တွေနှင့် တနုံ့နုံ့ဖြစ်လာရင်း လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ဆုပ်ထားမိသည်။

ငါ့ချစ်သူလေးကို ထိပါးစော်ကားရဲတဲ့ကောင် ငါနဲ့ တစ်ခွဲ တစ်လမ်း တွေ့လိုက်ချင်သေးတယ်။

"ဦးနေစိုးက မေမေမျက်နှာသာပေးတယ်ဆိုပြီး ချောင်း



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တာ။ ရီလေးက သူ့ကို တစ်စက်မှ ကြည့်မရဘူး။ နောက်ဆုံး ဘယ်လိုမှ ချဉ်းကပ်လို့မရတော့ သင်းက ယုတ်မာဖို့ ကြံစည်တာပဲ။ ရီလေးလည်း သူသေသွားပြီထင်ပြီး ကြောက်လည်းကြောက်မိတယ်။ နဂိုကတည်းကလည်း သွေးမြင်ရင် လန့်တတ်တဲ့သူဆိုတော့ ပိုဆိုးသွားတယ်၊ ဘာကိုမှ ရင်မဆိုင်ရဲဘဲ ပျောက်ပြေးလာခဲ့မိတာပါ၊ ဖေဖေက မှားမှားမှန်မှန် သူ့မိန်းမဖက်ကပဲ ပါမှာလေ၊ ရီလေးဖက်မှာ ရပ်တည်ပေးမယ့်သူ ဘယ်သူမှမရှိဘူး''

''ဒီလိုတော့မဟုတ်ပါဘူး၊ အခု ရီလေးဆောမှာ မားမား မတ်မတ် ရပ်တည်ပေးမယ့်သူ ရှိနေပြီလေကွာ''

မိုးဝသုန်က တစ်ခွန်းဝင်ပြောလိုက်သည်။

ဒဏ္ဍာရီ နှုတ်ခမ်းလေးမှာ ကျေနပ်ပြုံးလေးတစ်ခု ထင်ဟပ်လာသည်။

''ရီလေးကမှန်တာပဲ၊ ဘာမှကြောက်စရာမရှိဘူး''

''အခုနောက်ပိုင်းတော့ ကြောက်လို့မဟုတ်ပါဘူး''

''ဒါဖြင့် မင်းဘာလို့ ပြန်မဆက်သွယ်တာလဲ''

ဒဏ္ဍာရီ မဖြေရဲ။ အကျိုးအကြောင်းသိရပေမဲ့ မန္တလေးကို မပြန်နိုင်ဘဲ ဒီမှာဆက်နေမိတာ ဘာကြောင့်ဟု ရှင်းမပြတတ်။

''ရီလေးလည်း ဟိုကိုပြန်မယ်လို့ စဉ်းစားနေပါတယ်၊ ဒီမှာ ရီလေးကို ကောင်းကောင်းမွန်မွန် လက်ခံစောင့်ရှောက်ထားခဲ့တဲ့ ကိုယံချမ်းတို့ မိသားစုရဲ့ ကျေးဇူးကို မမေ့ပါဘူး၊ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါနော်''

ယံချမ်းဘက်သို့လှည့်ကာ ရီလေးက လက်အုပ်လေးချီရင်း တောင်းပန်လိုက်ပါသည်။

အခုတော့ ဒဏ္ဍာရီ၏ ဘဝအမှန်နှင့် အဖြစ်အပျက်ဇာတ်ကြောင်းစုံကို သူတို့သိခွင့်ရလိုက်ပါပြီ။

ရိုးသားဖြူစင်သော မိန်းကလေးတစ်ယောက် ဖြစ်တယ်ဆိုတာလည်း ယုံကြည်မိပါပြီ။

မိသားစုပြဿနာကြောင့်သာ ဒီကို မထင်မှတ်ဘဲ ရောက်လာရသူလေးပါလား။

အခုတော့ သူ့သူငယ်ချင်း မိုးဝသုန်နှင့် ရေးဘဝရေစက်အကြောင်းကံပါ၍ မေတ္တာမျှခဲ့ကြပြီ။

''ယံချမ်း မင်းကလည်း ခွင့်လွှတ်တယ်လို့ပြောလိုက်





www.burmeseclassic.com

www.burmeseclassic.com



ကွာ"

"ဩော် ငါပြောစရာလိုသေးလို့လား"

ယံချမ်းက ရယ်ကျဲကျဲဆိုကာ သူတို့နှစ်ယောက်အနားမှ ထထွက်သွားလေသည်။

မိုးဝသုန်က ဒဏ္ဍာရီ၏ပခုံးလေးကို နှစ်သိမ့်သလို လှမ်းဖက်ရင်း

"ရီလေးကွာ မောင့်ကို ဒီအကြောင်းတွေ ကြိုကြိုတင်တင် ပြောမပြဘူး၊ ရင်ထဲမှာပဲ ကြိတ်မြိုထားရသလား၊ သိပ်ဆိုးတဲ့ကောင်မလေးပဲ"

"အိုး...မောင်နော်"

ဒဏ္ဍာရီက မျက်လုံးလေးပြူးပြလျက် သူ့ရင်ဘတ်ကို တွန်းထုတ်သည်။

ကံကောင်းထောက်မစွာနှင့် ချစ်သူလေးကို စိတ်ချလက်ချ ချစ်ခွင့်ရသွားပြီဖြစ်သော မိုးဝသုန်မှာ သူမ အမူအရာ ထိတ်ထိတ်ပျာပျာလေးကြောင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်မိသည်။

"ဟား...ဟား...ဟား...ဟား"

◆ ◆ ◆



ဒဏ္ဍာရီက ရန်ကုန်မှာ အေးအေးချမ်းချမ်းရှိနေတာကို သူမ အိမ်ဆီ ဖုန်းဆက်အကြောင်းကြားလိုက်တာမို့ သူမဖေဖေက စိတ်လှုပ်ရှားပျော်ရွှင်သွားပါသည်။

ဒေါ်စောရဲ့ အသိမိတ်ဆွေအိမ်မှာ သွားရောက်တည်းခိုနေတယ်ဆိုသဖြင့် ဖခင်တစ်ယောက်ပီပီ စိတ်ထဲမကောင်း။

သမီးလေး ဒီလိုတွေဖြစ်ရတာ သူ့ကြောင့်၊ သူတာဝန်မကျေလို့၊ မကာကွယ်နိုင်လို့ဟု သူ့ကိုယ်သူ အပြစ်တင်ရင်း ဝမ်းသာဝမ်းနည်းကြီး ခံစားမိသည်။

ဦးနိုင်မြတ်က ဝေယံချမ်းသာကို ဖုန်းထဲမှ လိုက်လိုက်လှဲလှဲပင် ကျေးဇူးတင်စကားဆိုသည်။

"အစစအရာရာအတွက် ဦးလေး ကျေးဇူးအရမ်းတင်ပါတယ်ကွာ၊ မောင်ရင် မန္တလေးကို ကြွရင်လာခဲ့ပါ၊ ဦးလေး ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



ဆပ်ချင်လို့ပါ၊ မောင်ရင်တို့လို စိတ်ကောင်းရှိတဲ့ မိသားစုနဲ့တွေ့တာ သမီးလေး သိပ်ကံကောင်းတယ်၊ ဦးလေးက ဒဏ္ဍာရီကို အလိုလိုက်ထားမိတော့ သူက ကလေးတစ်ယောက်လိုပဲကွ၊ လောကကြီးအကြောင်း၊ လူတွေအကြောင်း ဘာမှသိတာမဟုတ်ဘူး၊ ဦးလေးသမီး သူတော်ကောင်းတွေနဲ့ တွေ့ပေလို့သာပေါ့''

ဒီလိုဆိုပြန်တော့လည်း ယံချမ်းမျက်နှာမှာ ကြည်နူးပီတိတစ်မျိုးနှင့် ပြုံးနေပါသည်။

ဒဏ္ဍာရီဟာ သူထင်သလို လိမ်ညာလှည့်စား မာယာများသူ၊ ပရိယာယ်ကြွယ်သူမဟုတ်ဘဲ မိကောင်းဖခင်သမီးလေးတစ်ယောက်ဖြစ်နေတာကို ဝမ်းသာမိပါသည်။

မိုးဝသုန်ကိုလည်း ဖုန်းထဲက မိတ်ဆက်ပေးသည်။

ဒဏ္ဍာရီကလည်း မိုးဝသုန်နှင့် ချစ်သူဖြစ်နေပြီဆိုတာ သူ့ဖခင်ထံ အရိပ်အမြွက် အသိပေးလိုက်ပါသည်။

ဒီလိုနှင့် သူတို့ကိစ္စက လူကြီးတွေ အသိအမှတ်ပြုပြီးသား ဖြစ်သွားရပါသည်။

ဦးနိုင်မြတ်ကလည်း ဒီအချိန်မှာ သူ့သမီးစိတ်ချမ်းသာဖို့သာ အရေးကြီးဆုံးဖြစ်နေသည်မဟုတ်လား။

ဒေါ်စောပြောပြသဖြင့် မူယာ့မောင် နေစိုး ရမ်းကားပက်စက်တာကိုလည်း သူသိပြီးပြီ။

နေစိုးကိုလည်း အိမ်မှာ အတူတူနေခွင့်မပြုတော့ပါ။

တကယ်တမ်း ကိုယ့်သမီးအရင်းကို ထိခိုက်နစ်နာစေတော့ သူ့ဆုံးဖြတ်ချက်၊ သူ့အစီအစဉ်တွေလည်း ပြောင်းလဲသွားရလေပြီ။

အခုတော့ သမီးဒဏ္ဍာရီက ရန်ကုန်မှာ ချစ်သူတွေ့နေပြီတဲ့လေ။

သမီးရွေးတဲ့ချစ်သူဟာ မှန်ကန်တဲ့ လက်တွဲဖော်ပဲ ဖြစ်စေချင်သည်။

ဦးနိုင်မြတ်သည် မောင်မိုးဝသုန်ဆိုသော လူငယ်လေးနှင့် စကားပြောကြည့်ဖို့ ဆုံးဖြတ်သည်။

''သမီး အဲဒီလူငယ်လေးကို ဖုန်းပေးလိုက်၊ ဖေဖေ မေးချင်တာလေးတွေ မေးကြည့်ရအောင်''

''ဟုတ်ကဲ့ ဖေဖေ''

◆ ◆ ◆







www.burmeseclassic.com

www.burmeseclassic.com

ပြေလည်မှုရသွားပြီမို့ ချစ်သူနှစ်ဦးသား ပျော်ရွှင်နေမိကြသည်။

"ယောက္ခမကြီးက, သဘောတူမယ့်ပုံ ရှိပါတယ်ကွာ"

"မောင်နော်"

"ဒါတောင် အသံပဲကြားရသေးတယ်၊ ဒီလိုရုပ်ဖြောင့်ဖြောင့်ကို မမြင်ဖူးသေးလို့"

ဂုဏ်ယူကျေနပ်နေတဲ့ မိုးဝသုန်ပခုံးကို ဒဏ္ဍာရီက လက်သည်းနှင့် တစ်ချက်ဖိဆိတ်လိုက်သည်။

"အား"

သူက လက်ကို ဆွဲဖယ်သလိုလိုနှင့် အသာအယာ ဆုပ်ကိုင်ထားလိုက်သည်။ ရီလေးကလည်း မရုန်း။

ရင်ခုန်ကြည်မွေ့စွာနှင့် သူ့ပခုံးပေါ် မှီမှီလိုက်မိသည်။

ဝိုး : မိုး : ၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com

"ရီလေး မောင်တို့လက်ထပ်ပွဲကို ဘယ်မှာလုပ်မှာလဲ"

"မန္တလေးမှာပေါ့"

"ဟာ…ရန်ကုန်မှာလည်း တစ်ပွဲလုပ်ရမှာပေါ့၊ ယံချမ်းက သူ့အကုန်အကျခံ စီစဉ်ပေးမယ်လို့ ပြောနေတယ်"

ဒဏ္ဍာရီ ခေါင်းလေးမတ်သွားရပြီး

"ဟင်…ဒီလိုကျတော့ ကိုယံချမ်းက သဘောကောင်းရက်ရောလှချည်လား"

"အစကတည်းက သဘောကောင်းပါတယ်၊ ရီလေးအတွက်ဆို ပိုတောင်ကောင်းဦးမှာ"

မိုးဝသုန်စကားကြောင့် ဒဏ္ဍာရီ မျက်လုံးလေး ဝိုင်းသွားရကာ…

"ဟင် မောင့်စကားကြီးကဘာလဲကွာ"

မိုးဝသုန်သည် ရင်ထဲကခံစားရတာကို မြဲမထားတတ်သူပီပီ…

"သူလည်း ရီလေးအပေါ် သံယောဇဉ်ရှိတာပဲလေ"

"အို မဟုတ်တာ"



"ဟုတ်ပါတယ်၊ သူ့ရင်ထဲကို မောင်မြင်တာပေါ့"

ဒဏ္ဍာရီသည် ချစ်သူ့မျက်နှာကို အံ့သြစွာ ကြည့်မိလေသည်။

တကယ်ပဲဟုတ်နေတယ်ထား မောင်ဒီလိုစကားကို ပြောသင့်ရဲ့လား။

ဒဏ္ဍာရီက မျက်လွှာလေး အသာချလိုက်သည်။

"ရီလေးရော ရိပ်မိလား"

"ဘာတွေလျှောက်ပြောနေတာလဲ မောင်ရာ"

"မိန်းကလေးတွေက ကိုယ့်အပေါ် ရှိးမရှိး ချက်ချင်းသိတာပဲဆို"

"ကိုယံချမ်းက ရီလေးအပေါ် ရိုးသားပါတယ်"

"သေချာရဲ့လား"

မောင့်ဆီမှာ ဒီလိုသံသယမျိုး မရှိစေချင်။

"သေချာတာပေါ့ မောင်ရဲ့"

"အဟား ရီလေးမသိပါဘူး"

"သူက မောင့်အပေါ်ကောင်းတာပဲ၊ ရီလေးအပေါ်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်ပါတယ်''

''အဲဒါ ဟန်ဆောင်ကောင်းတာ''

''ဘယ်လို''

မိုးဝသုန် သက်ပြင်းတချနှင့်

''ကဲပါကွာ ထားလိုက်ပါတော့''

နှုတ်ကသာ ထားလိုက်ပါဟု ဆိုမိသော်လည်း မိုးဝသုန်ရင်ထဲမှာတော့ ဒီအကြောင်းအရာတွေက နက်ရှိုင်းစွာရှိနေပါသည်။

သူ ရီလေးကို ဆွေးဆွေးငေးငေး ကြည့်နေတာ ယောကျ်ားချင်းမို့ မိုးဝသုန် ကောင်းကောင်းသိသည်။

ဘာမှမဟုတ်ဖေမဲ့ ဒါလေးကိုပဲ သူဝန်တိုနေမိသည်။

ရီလေးကသာ သူမအကြောင်းတွေကို စောစောကတည်းက အသိပေးပြောပြခဲ့မယ်ဆိုရင် အခုအချိန်မှာ ရလဒ်က တစ်မျိုးဖြစ်ချင်ဖြစ်နေမှာမဟုတ်လား။

''ရီလေး''

''ရှင် မောင်''

''တစ်ခုလောက်မှာထားချင်တယ်''





''ဟင် ဘာကိုလဲ''

''အခု ရီလေးကို မောင်က မန္တလေးလိုက်ပို့မယ်၊ လူကြီးတွေခွင့်ပြုရင် အမြန်ဆုံးလက်ထပ်မယ်''

''အင်း''

''လက်ထပ်ပြီးရင် ဒီရန်ကုန်မှာပဲ ပြန်နေမယ်၊ ရှိတဲ့ငွေနဲ့ မောင်တိုက်ခန်းငှားမယ်''

''အင်း''

မောင်က သူ့အစီအစဉ်တွေ ပြောပြနေတာမို့ ဒဏ္ဍာရီက မော့မော့လေး ငေးကာ ပြုံးမြမြနှင့် နားထောင်နေပါသည်။

''အလုပ်ကတော့ ယံချမ်းကုမ္ပဏီမှာပဲ ရုံးခွဲဖွင့်မယ်လို့တော့ ပြောနေတယ်၊ ဖွင့်ဖြစ်ရင်တော့ အဆင်ပြေပြီပဲ''

''ဟုတ်လား''

မိုးဝသုန်က ဒဏ္ဍာရီကို စူးစူးငေးငေးလေးကြည့်ကာ

''တကယ်လို့ မောင်တို့ ဒီမှာပဲနေဦးမယ်ဆိုရင် ယံချမ်းနဲ့ ခင်မင်ရင်းနှီးပြီး ဒီလိုပဲရှိဦးမယ်လေ၊ မောင်တောင်းဆိုချင်တာက ရီလေး မောင်မပါဘဲ သူနဲ့ဘယ်တော့မှ မတွေ့ပါဘူး၊ စကားလည်း

www.burmeseclassic.com



မပြောဘူး၊ မောင့်မိန်းမကို ဘယ်သူစိမ်းယောကျ်ားတစ်ယောက်နဲ့မှ စကားမပြောစေချင်ဘူးကွာ၊ ဖြစ်နိုင်ရင် စိုက်ကြည့်တာတောင် မောင် မကြိုက်ဘူး၊ မခံနိုင်ဘူး သိလား''

တိုတိုထွာထွာ မောင့်စကားကြောင့် ဒဏ္ဍာရီက တိုးဖွဖွ ရယ်လိုက်မိသည်။

မထင်ရပါဘူးနော်။ သဝန်ကြောင်လေးလို့။

''ဘာလို့ရယ်တာလဲ၊ မောင် အလေးအနက်တားမြစ်နေ တာနော်''

''အင်းပါ မောင်ရယ်၊ ဒီလောက်ထိ စိတ်မချရင် ရီလေး ဘယ်လိုနေရမှာလဲ''

''ရီလေးက ဟောဒီလို မောင့်ရင်ခွင်ထဲမှာပဲနေပေါ့''

မိုးဝသုန် မချင့်မရဲ တိုးဖက်ထားရင်း ဒဏ္ဍာရီပါးပြင်လေး ကို သူ့ပါးနှင့် မြတ်နိုးစွာ ထိကပ်ထားလိုက်မိလေသည်။

ဆုလေးနွယ်(ရန်ကုန်တက္ကသိုလ်)

[redacted]

BURMESE CLASSIC .com

www.burmeseclassic.com